MECHATRONIC

စက်မှု အီလက်ထရောနစ်

Digital Integrated Circuits
Electronics
Hydraulics
Electro-Pneumatic



U TINT ZAW
Automation and Control Engineer

စာရေးသူ၏ အမှာ

ယနေ့ အင်ဂျင်နီယာနှင့် နည်းပညာလောကတွင် Mechatronic ဘာသာရပ်သည် မရှိမဖြစ်လိုအပ်လျက် ရှိနေပြီး ကျယ်ပြန့်စွာ အသုံးချလျက် ရှိပါသည်။ ထို့ကြောင့် နိုင်ငံအသီးသီးရှိ နည်းပညာတက္ကသိုလ်များနှင့် သိပ္ပံပညာ ကျောင်းများတွင် ၎င်းဘာသာရပ်ကို ကျယ်ပြန့်စွာသင်ကြားလျက် ရှိနေကြပါသည်။ မြန်မာနိုင်ငံတွင်လည်း Mechatronic ဘာသာရပ်ကို စက်မှုသိပ္ပံ (G.T.I) များတွင် ခေတ်နှင့်အညီ သင်ကြားလျက်ရှိပြီး ပိုမိုကျယ်ပြန့်စွာသင်ကြားရန် ဆောင်ရွက်လျက်ရှိပါသည်။

Mechatronic ဘာသာရပ်သည် Control နှင့် ပတ်သက်သော Mechanical နှင့် Electrical, Electronic ဘာသာရပ်တို့ကို Computer နည်းပညာရပ်နှင့် ပေါင်းစပ်ထားသော ဘာသာဖြစ်ပါသည်။

ဤစာအုပ်တွင် Mechatronic ဘာသာရပ်နှင့်ပတ်သက်သောအခြေခံများကို ဖော်ပြထားရာ Control နှင့် ပတ်သက်သော နည်းပညာ အခက်အခဲဖြစ်နေသည့် Engineers များ၊ လုပ်ငန်းရှင်များနှင့် Mechatronic ဘာသာရပ်ကို လေ့လာနေသော ပညာလိုလားသူ ကျောင်းသူကျောင်းသား အင်ဂျင်နီယာလောင်းများ အတွက် အထောက်အကူ ဖြစ်လိမ့်မည် ဟုယုံကြည်မိပါသည်။

"စာရေးသူ"

ဦးတင့်ဇော်

Automation and Control Engineering

Electro Pneumatic

Electro Pneumatic ဟူသည် Pneumatic ကို Electrical နှင့်တွဲဘက် အသုံးချထားသော သာဘာရပ်ဖြစ်သည်။ Electrical နှင့် တွဲလိုက်ခြင်းအားဖြင့် Pneumatic Control တွင်တိုက်ရိုက် အသုံးမပြုနိုင်သော Signal Element များတိုက်ရိုက် အသုံးချလာနိုင်ကာ Electrical အနေနှင့်လည်း တိုက်ရိုက် မဖန်တီးနိုင်သည့် Linear Motion, Holding Force စသည်တို့ကို လွယ်ကူစွာရရှိလာနိုင်သည်။ Electro Pneumatic ဘာသာရပ်တွင်အဓိကအားဖြင့် Control ပိုင်းကို Electrical ဖြင့် Control လုပ်၍ Power ပိုင်းကို Pneumatic ဖြင့်ဆောင်ရွက်လေသည်။

Electro Pneumatic ဘာသာရပ်လေ့လာရာတွင် လျှပ်စစ်ပိုင်းဆိုင်ရာများကို မဖြစ်မနေ အသုံး ချရသဖြင့် လျှပ်စစ်နှင့်ပတ်သက်သော အခြေခံသဘောတရားများကို သိထားရမည်။

လျှပ်စစ်နှင့်ပတ်သက်သော ပစ္စည်းကရိယာများကို လေ့လာပါက ထုတ်လုပ်သူမှပင် အရေးကြီး သောအချက်အလက်များကို ဈေးကွက်တွင် တင်ပို့ရောင်းချနိုင်ရန် ဖော်ပြလေ့ရှိသည်။ ၄င်းတို့မှာအသုံး ပြုသည့် Power (Watt), ခံနိုင်သည့် လျှပ်စီးအား Ampere (Amp)၊ အသုံးပြုသည့် Voltage တို့ဖြစ်သည်။ ၄င်းတို့မှာလည်း တခုနှင့်တခု ဆက်စပ်လျက်ရှိသည်။ အသုံးပြုသည့် Voltage ကိုလည်း AC or DC ဟုဖော်ပြကြပြီး၊ AC ဖြစ်ပါက ကြိမ်နှုန်းကိုလည်းဖော်ပြကြသည်။

ဤနေရာတွင်ဖော်ပြလိုသည်မှာ လူ၏ခန္ဓာကိုယ်လျှပ်စစ်ခုခံမှုမှာ 1000 ohm ခန့်ရှိ၍ လူခန္ဓာကိုယ် အတွင်းသို့ 50 mA ခန့် လျှပ်စစ်ဖြတ်စီးပါက အန္တရာယ်ရှိနိုင်လေသည်။ ထို့ကြောင့် Ohm's Law နှင့် တွက်ကြည့်ပါက 50 Volt ခန့်ရှိလျှပ်စစ်တွန်းအားသည် လူကိုအန္တရာယ် ဖြစ်စေ နိုင်လေသည်။ ယခု မြန်မာနိုင်ငံတွင် အသုံး ပြုနေသော အိမ်သုံးလျှပ်စစ်မှာ 230 Volt ရှိရာ လူအတွက် အန္တရာယ်ရှိပေသည်။

Switch with Normally Open Contact

Symbol



Normal အနေအထားတွင် Point 3 မှ 4 သို့ပြတ်တောက်နေသည်။ ထို့ကြောင့် Normally Open ဟု ခေါ်ပြီး Spring အားကိုဆန့်ကျင်၍ Push Button ကိုနှိပ်လိုက်ပါက Point များသည် ဆက်သွားပြီး 3 to 4 လျှပ်စစ်ဖြတ်စီးသွားနိုင်လေသည်။ Drive ကို Push Button ဖြင့်ပြထားသော်လည်း Roller, Lever, Idle Return Roller စသည်ဖြင့် အမျိုးမျိုးဖြစ်နိုင်သည်။

Switch with Normally Closed Contact

Symbol



Normal အနေအထားတွင် Point 1 မှ 2 သို့ လျှပ်စစ်ဓာတ်ဖြတ်စီးနိုင်၍ Normally Closed Contact ဟုခေါ်သည်။ Sping အားကို ဆန့်ကျင်၍ Push Button ကိုနှိပ်လိုက်ပါက

Point နှစ်ခုမှာ ကွာသွားပြီး လျှပ်စစ်ဓာတ်အား စီးဆင်းနိုင်မှု ပြတ်သွားမည်။ Drive ကို Normally Close မှာကဲ့သို့ပင် Roller, Lever, Idle Return Roller စသဖြင့် Control အမျိုးမျိုးဖြစ်နိုင်သည်။

Switch with Changeover Contact

Symbol





ခလုပ်နှိပ်လိုက်ပါက လျှပ်စစ်ဓါတ်အား signal ကို 2 မှ 4 သို့မဟုတ် 4 မှ 2 ပြောင်းပေးနိုင် သော ခလုပ်ဖြစ်သည်။ Normall position တွင် 1 to 2 လျှပ်စစ် ဖြတ်စီးနိုင်၍ 1 to 4 contact ပြတ်နေသည်။ ခလုပ်နှိပ်လိုက်လျှင် 1 to 2 contact ပြတ်သွားကာ 1 to 4 လျှပ်စစ်ဖြတ်စီးနိုင်သွားမည်။

Solenoid or Electromagnetic Drive

လျှပ်စစ်ဓါတ်အားကို Wire ကြိုးတခုအတွင်း ဖြတ်စီးပါက ၎င်း Wire ကြိုးပတ်လည်တွင်သံလိုက် စက်ကွင်းများဖြစ်ပေါ်လာသည်။ သံလိုက်စက်ကွင်း၏ လားရာမှာ ပုံတွင်ပြထားသည့်အတိုင်း ဖြစ်သည်။



ထိုကြောင့်၄င်း Wire ကြိုးကို ကွိုင်ပုံစံ ပုံတွင်ပြထားသည့်အတိုင်း ပတ်လိုက်ပါက အောက်ပါ အတိုင်း ဖြစ်မည်။



ထိုလျှပ်စစ်စီးနေသော ကွိုင်အတွင်းသို့ သံပျော့ချောင်းတခုကို ပုံတွင်ပြထားသည့် အတိုင်း ထည့်လိုက်ပါက ၄င်းသံပျော့ချောင်းကို ကွိုင်အတွင်းဆွဲသွင်းပေးမည်။ လျှပ်စစ် စီးဆင်းမှုကို ရပ်လိုက်ပါက Coil မှ သံပျော့ချောင်းကို ဆွဲသွင်းမှုရပ်သွားမည်ဖြစ်သည်။ ထိုကဲ့သို့သံပျော့ချောင်းအပေါ်လျှပ်စစ် Wire Coil ကအကျိုးသက်ရောက်ပုံအတိုင်း Electromagnetic Drive ခေါ် Solenoid ကပြုမူလေသည်။

Electromagnetic Drive 3/2 Way Valve

Electropneumatic တွင် ၄င်းElectromagnetic Drive 3/2 Way Valve သည် အဓိက ကျလေ သည်။ အားလုံးသော Control Valve များကို ၄င်းElectromagnetic Drive 3/2 Way Valve ခေါ် Solenoid Valve ဖြင့်မောင်းနှင်သည်။



ပုံ(၁)သည် Electromagnectic Drive 3/2 Way Valve အလုပ်မလုပ်မီပုံဖြစ်သည်။ ၎င်းတွင် အလယ်ခေါင်ရှိ **Slider** သည် **3/2 Way Valve** ၏ **Valve Disc** ကဲ့သို့ပြုမူသည်။ **Spring** အားဖြင့် အဖိခံ ထားရာ ၎င်းတွင်ပါသော **Valve Disc** သည် **Housing** တွင်ရှိသော **Valve Seat** ပေါ်တွင်ထိုင်၍ **Compress Air Power** အပေါက်ကိုပိတ်ထားသည်။

ထိုအချိန်တွင် ၎င်း **Slider** အပေါ်ပိုင်းရှိ **Exhaust** ပေါက်သည်ပွင့်နေသဖြင့် **Working Line** မှလေသည် ၎င်း **exhaust** သို့ထွက်နေမည်။ **Solenoid** အတွင်းသို့ လျှပ်စစ်ဓါတ်အားကို ဖြတ်စီးစေသောအခါ သံလိုက်စက်ကွင်း များဖြစ်ပေါ်လာ၍ အလယ်တွင်ရှိသော **Slider** ကို **Spring** အားကိုဆန့်၍ ဆွဲသဖြင့် **P** အပေါက်သည် ပွင့်သွားပြီး **R** အပေါက်သည် ပိတ်သွားမည်။ ထိုအခါ **P** မှ **A** သို့ **Compress Air** ရောက်ရှိသွားမည်။ **A** အပေါက်မှ ရရှိသော **Compress Air** ဖြင့် **Pneumatic Valve** များကို မောင်းခြင်းပြုလုပ်၍ **Pilot Control** အဖြစ်အသုံးပြုလေသည်။

Symbol



Control



Power

Problem

ခလုပ်တစ်ခု(S_1)ကိုနှိပ်လိုက်ပါက Single Acting Cylinder တစ်လုံးသည်ထွက်သွားစေပြီး။ ၎င်းခလုပ်ကို ပြန်လွှတ်လိုက်လျှင် ၎င်း **Single Acting Cylinder** ပြန်ဝင်လာစေရမည်။ **Circuit Diagram** တခုကို တည်ဆောက်ပေးပါ။

Pneumatic circuit



Control Circuit



Solenoid operated 5/2 way valve with manual control



Solenoid Operated Pilot Control 5/2 Way Valve တည်ဆောက်ထားပုံကို ပုံတွင်ပြထား သည်။ ၄င်းတွင် Solenoid Operated 3/2 Way Valve မှ Compress Air Signal ရရှိလေသည်။ ၄င်း Compress Air Signal သည် 5/2 Way Valve ကိုမောင်းနှင်၍ 5/2 Way Valve ကို အလုပ်လုပ် လေသည်။ Solenoid မှ လျှပ်စစ်ဓါတ်အား Signal ကိုပြန်ရုပ်သိမ်းလိုက်သောအခါ 3/2 Way Valve မှ Compress Air Signal ပြန်ထွက်သွားသဖြင့် 5/2 Way Valve Normal အနေအထားသို့ပြန်ရောက် မည်။

၄င်း 5/2 Way Valve တွင်လိုအပ်ပါက Testing ပြုလုပ်ရန်အတွက် Manual Control ပါထည့်သွင်းတည်ဆောက်ထားသည်။ ပြင်ပမှ ဝက်အူလှည့်ဖြင့် Manual Control ကိုလှည့်ပေးခြင်းဖြင့် Solenoid အတွင်းရှိ Plunger ကိုသွားတွန်းကာ Compress Air Signal ကို ရရှိရန်ပြုလုပ်ထား၍ 5/2 Way Valve ကိုအလုပ်လုပ်စေလေသည်။ သတိပြုရန်မှာ

Manual Control ကိုသတိမထားမိဘဲ Solenoid Control ကိုမောင်းနှင်မိပါက Signal Block ဖြစ်နိုင်၍ Signal အလွဲလွဲအချော်ချော် ဖြစ်နိုင် လေသည်။





Symbol





Problem

ခလုပ်တစ်ခု S_1 ကိုနှိပ်လိုက်ပါက Double Acting Cylinder တစ်လုံးသည် ထွက်လာပြီး ၄င်းခလုပ်ကိုပြန်လွှတ်လိုက်ပါက Cylinder Piston ပြန်ဝင်လာစေရမည်။ ၄င်းလုပ်ငန်းအတွက်

Electro Preumatic Circuit Diagram တခုဆွဲပေးပါ။



5/2 way valve with double solenoid operated pilot control



ပုံတွင်ဖော်ပြထားသော 5/2 Way Valve သည် Solenoid နှစ်ခုဖြင့် 5/2 Way Valve ၏ Position နှစ်ခုကိုချိန်းပေးသော Valve အမျိုးအစားဖြစ်သည်။ Y_1 ဘက်မှလျှပ်စစ် Signal ပေးပါက ထိုဘက်မှ Pilot 3/2 Way Valve သည်အလုပ်လုပ်ကာ Spool ကိုတဘက်သို့ တွန်းပို့ခြင်း ဖြင့် A အပေါက်မှ Compress Air Signal ရရှိကာ B အပေါက်ဘက်မှ Exhaust ဖြစ်မည်။ Y_2 ဘက်မှလျှပ်စစ် Signal ပေးပါက ၄င်းဘက်မှ Pilot 3/2 Way Valve

အလုပ်လုပ်ကာ Spool ကိုတဘက်သို့ပြန်တွန်းပြီး B မှ Compress Air Signal ရရှိကာ A အပေါက်မှ Exhaust ဖြစ်သွားမည်။ Y_1 သို့မဟုတ် Y_2 Signal ပေးပြီးနောက် Signal ကိုပြန်ရုပ်သိမ်းလိုက်ပါက ပေးသည့် Signal ၏ Position အတိုင်း ဆက်လက် တည်ရှိနေသဖြင့် Signal ကို ထိန်းသိမ်းထားနိုင်သည့်သဘော Bi-stable memory အသွင် အလုပ်လုပ်သည်။

Symbol



5/2 way valve without memory function



5/2 way valve with memory function

Problem

Double Acting Cylinder တစ်ခုကို 5/2 Way Double Solenoid Valve တစ်လုံးနှင့် Control ပြုလုပ်မည်။ထို့သို့ပြုလုပ်ရာတွင်ခလုပ်တစ်ခု S_1 ကိုနှိပ်ပါက Cylinder ရှေ့သို့ထွက်လာ၍ နောက်ခလုပ်တစ်ခု S_2ကိုနှိပ်ပါက Cylinder ပြန်ဝင်သွားမည်။ ထို့အတွက် Circuit Diagram တစ်ခုတည်ဆောက်ပေးပါ။

Power circuit



Control circuit



AND Function

Contact plan



logic plan



Function plan



Truth table

s1	s2	s3	y
0	0	0	0
0	0	1	0
0	1	0	0
0	1	1	0
1	0	0	0
1	0	1	0
1	1	0	0
1	1	1	1

Problem

Extracting Machineတစ်ခုတွင်Extractပြုလုပ်သော Screw၏ သတ်မှတ်လည်နှုန်းနှင့် Hydraulic Oil Pressure သတ်မှတ်ဖိအားရရှိနေသောအချိန်တွင် ခလုပ်နှိပ်ပါက Extract အတွင်းသို့ Feed လုပ်သော Cyliner မှ Extract ပြုလုပ်မည်ဖြစ်သည်။ သတ်မှတ်ချက်တစ်ခုခုပျက်ကွက်နေပါက မည်မျှပင်ခလုပ်နှိပ်စေ Feed Cyliner အလုပ် မလုပ်ရပေ။ ၄င်းလုပ်ငန်းအတွက် Circuit Diagram တစ်ခုတည်ဆောက်ပေးပါ။

Function chart



Power circuit



Control circuit



Or Function

Function chart



Logic plan



Control circuit



Problem

Double Acting Cylinder တစ်လုံး၏Piston အားခလုပ်နှစ်ခု S_1 နှင့်S_2 အားမည်သည့် ခလုပ် ကို နှိပ်နှိပ်ထွက်စေ၍ အခြားခလုပ် S_3 အားနှိပ်လျှင်ပြန်ဝင်ရန်စီစဉ်ရမည်ဖြစ်သည်။ ၎င်းနှင့်ပတ်သက်၍ လိုအပ်သော Circuit Diagram အားရေးဆွဲပေးပါ။

Function Chart



Power circuit



Control circuit



Not Function

Contact Plan



Logic Plan



Truth Table

S1	Y
1	0
0	1

<u>Problem</u>

Pressing လုပ်ငန်းစဉ်တစ်ခုတွင် Cylinder တစ်လုံးသည် Work Piece ကိုအမြဲဖိထားရန်လိုအပ် ပြီး ခလုပ်နှိပ်ပါမှ ၎င်း Cylinder သည် ဖိထားခြင်းမှ ရုတ်သိမ်း ရမည်ဖြစ်သည်။ ၎င်းလုပ်ငန်းစဉ် အ တွက် Circuit Diagram တစ်ခုတည်ဆောက် ပေးပါ။

Power circuit



Control circuit



Electro-magnetic Contactor (Relay)



Symbol



Electro Magnetic Contactor ခေါ် Realy သည် · Eletro Magnetic Force ဖြင့် အလုပ်လုပ်သော ခလုပ်တစ်မျိုးပင် ဖြစ်သည်။ ၎င်းတွင်အဓိကအားဖြင့် အောက်ပါပစ္စည်းများဖြင့် ဖွဲ့စည်းထား သည်။

1. **Spule**
2. **Iron Core**
3. **Plunger**
4. **Flying Contact Point**
5. **Death Contact Point**
6. **Return Spring**
7. **Contactor Spring**

အဓိကအလုပ်လုပ်ပုံမှာ **Spule** ခေါ် **Coil** အတွင်းသို့ လျှပ်စစ်ဓါတ်အားဖြတ်စီးစေလျှင်

Iron Core တွင် သံလိုက်စက်ကွင်းများ ဖြစ်ပေါ်လာ၍ Plunger ကိုဆွဲလေသည်။ Plunger သည် Flying Contact နှင့် ဆက်ထားသဖြင့် ၎င်းပါ ဆက်လက်လှုပ်ရှားသည်။ ၎င်း Flying Contact သည် Death Contact နှင့်သွားရောက်ထိ၍ ဆက်သွယ်မိသောအခါ လျှပ်စစ်ဓာတ်အားဖြတ် စီးလေသည်။ Normally Closed Contact ဖြစ်ပါကလည်းထိုအချိန်တွင် Contact များ ကွာသွားကာ လျှပ်စစ်စီးကြောင်း ပြတ်သွားမည် ဖြစ်သည်။

Direct Control and Indirect Control

Power Circuit



Control Circuit

Direct Control



Indirect Control



Type of Electro-magnetic Contactor (Relay)

Relay with 4 Normally Open Contact



Relay with 2 Normally Open and 2 Normally Closed Contact



Relay with Change Over Switch



အထက်ပါပုံများတွင် ဖော်ပြထားသည့်အတိုင်း Relay ၏ Holding Coil အတွင်းသို့ လျှပ်စစ် ဓာတ်အားသွင်းရန် A1, A2 ငုတ်များကို အသုံးပြုသည်။ Normally Open Contact များအတွက် Connection ငုတ်များကို 3 နှင့် 4 အမှတ်အသားပြုပြီး Normally Closed Contact များအတွက် Connection ငုတ်ကို 1 နှင့် 2 ဟုအမှတ်အသားပြုသည်။ ရှေ့တွင်ရှိသော 1, 2, 3 စသည့်အမှတ်အသားများမှာ Contact စုံတွဲများ၏ အမှတ်အသားများဖြစ်သည်။ Change over Switch ဖြင့်လည်း Relay များကို တည်ဆောက်ထားသည်။ Change over Switch ဖြင့်တည်ဆောက်ထားသော Relay များတွင် Contact ၏ Connection ငုတ်များကို 11, 12, 14

စသဖြင့် အတွဲလိုက်ဖော်ပြလေ့ရှိသည်။ ရှေ့တွင်ရှိသော 1, 2, 3 စသည်တို့သည် Contact တို့၏ အတွဲသင်္ကေတဖြစ်ပြီး နောက်တွင် ဖော်ပြထားသော သင်္ကေတတို့မှ 1 နှင့် 2 သည် Normally Closed 1 နှင့် 4 သည် Normally Open ဖြစ်သည်။

Self Holding Circuit

Bi-stable memory control



ပုံ (၁)



ပုံ (၂)

S1	S2	K
0	0	0
0	1	0
1	0	1
1	1	0

Truth Table (1)

S1	S2	K
0	0	0
0	1	0
1	0	1
1	1	1

Truth Table (2)

ပုံ (၁) နှင့် (၂) တွင်ပြထားသည့် အတိုင်းငင်း Circuit တွင် S_1 ခလုပ်ကို နှိပ်လိုက်ပါက လျှပ်စစ် ဓါတ်အားသည် S_1 မှ Relay K_1 အတွင်းသို့ ဖြတ်စီးကာ Relay ကို အလုပ်လုပ်စေသည်။ ထို Relay အလုပ်လုပ်သောအခါ Contact အလုပ်လုပ်သဖြင့် K_1 Contact သည်ပိတ်သွားကာ ၎င်းမှတဆင့် K_1 အတွင်းသို့ လျှပ်စစ်ဓာတ်အား ဖြတ်စီးသွားစေနိုင်စေသည်။ S_1 ခလုပ်ကို ပြန်လွှတ်လိုက်ပါက K_1 Contact မှ တဆင့် Relay ၏ Holding Coil အတွင်းလျှပ်စစ်ဓာတ်အားဆက်စီးနေသဖြင့် K_1 အလုပ်ဆက်လုပ်မည်။ K_1 Contact လည်း ကွာသွားမည်မဟုတ်ပေ။ S_2 ခလုပ်ကိုနှိပ်လိုက်ပါက

K_1 Contact မှတဆင့် Solenoid Coil အတွင်း စီးနေသော လျှပ်စစ်သည် S_2 နေရာမှ ပြတ်သွားသဖြင့် K_1 Contact သည် ကွာသွားကာ K_1 off ဖြစ်သွားသည်။

အထက်ပါ Circuit နှစ်မျိုးတွင် ပုံ (၁) သည် S_1 နှင့် S_2 တပြိုင်တည်းနှိပ်ပါက K_1 တွင် Signal ပြတ်သွားကြောင်းကို Truth Table (1) အရပြသည်။ ထို့ကြောင့်၎င်းကို Domenent Off ဟုခေါ်၍ ပုံ (၂) တွင် S_1 နှင့် S_2 တပြိုင်တည်းနှိပ်ပါက K_1 တွင် Signal ဆက် ရနေကြောင်းကို Truth Table (2) အရပြသဖြင့် ၎င်းကို Domenent On ဟုခေါ်သည်။

Problem

Double Acting Cylinder တလုံးအတွက် S_1 ခလုပ်တစ်ခုကို နှိပ်လိုက်လျှင် Cylinder Piston ထွက်လာ၍အခြားခလုပ် S_2 ခလုပ်တစ်ခုကို နှိပ်လိုက်ပါက Piston ပြန်ဝင်လာမည်။ Double Acting Cylinder ကို Solenoid Control with Return Spring Valve ကိုအသုံးပြုမောင်းနှင်လိုသည်။ Circuit Diagram တစ်ခုကို တည်ဆောက်ပေးပါ။

Function Chart



Power Circuit



Control Circuit



Binäre Sensoren



1 Magnetische Näherungsschalter

2 Induktive Näherungsschalter

3 Kapazitive Näherungsschalter

4 Ultraschall-Näherungsschalter

5 Einweg-Lichtschranke

6 Reflex-Lichtschranke

7 Reflex-Lichttaster



Automatic Return Control of Double Acting Cylinder using a limit switch

Type of switch control

General push button 

Push button 

Pull button 

Turn button 

Foot pedal 

Roller lever 

Power Circuit



.S2

Control Circuit



အထက်ပါ Circuit တွင် Limit Switch S_2 ကို Double Acting Cylinder A ၏ Forward end Positon တွင် တပ်ထားသည်။ ထိုသို့တပ်ထားသဖြင့် Cylinder A အဆုံးထွက်လာလျှင် S_2 ကိုသွားနှိပ်မည် ဖြစ်သည်။ Control Circuit တွင် S_1 ကို နှိပ်ခြင်းဖြင့် K_1 အလုပ်လုပ်ပြီး Y_1 Signal ရရှိကာ Cylinder A ထွက်လာမည်ဖြစ်သည်။ Cylinder A မှ Limit Switch S_2 ကို ဖိလိုက်သောအခါ K_1 ပြန်ပြတ်သွားသဖြင့် Y_1 ပြတ်ကာ Cylinder အလိုအလျောက်ပြန်ဝင်လာမည် ဖြစ်သည်။

Sensors

Mechanical Limit Switch



ပုံတွင် Mechanical Limit Switch ကို ဖော်ပြထားသည်။ ၎င်းသည် Control Technology လုပ်ငန်းများတွင် အသုံးအများဆုံးဖြစ်သည်။ ၎င်းကို သီးခြားသော်၎င်း၊ အခြား Proximity Switch များနှင့်၎င်း တွဲဖက်၍သော်၎င်း အသုံးပြုသည်။ အရေးကြီးသည့်နေရာများတွင် ၎င်းကို Final Protection Switch အဖြစ် Normally Closed Position ဖြင့် ကျန်ခလုပ်များနှင့် Series ဆက်ကာ အသုံးပြုလျှက်ရှိသည်။ ပုံစံအမျိုးမျိုးဖြင့် တည်ဆောက်ထားကာ အဓိက အားဖြင့် အောက်ပါ ပစ္စည်းများဖြင့် ပါဝင်တည်ဆောက်ထားသည်။

1. Flying and Death Contacts
2. Roller Lever Control
3. Return Spring
4. Housing

Magnet Limit Switch





Symbol



Magnet Limit Switch သည် ပုံတွင် ပြထားသည့် အတိုင်း Contact Material ကို Glass Tube အတွင်း တည်ထားသည့် ပစ္စည်းဖြစ်သည်။ ပြင်ပမှ သံလိုက်ပစ္စည်းနှင့် လာရောက်ထိတွေ့ပါက ၎င်း Contact Material များနှစ်ခုပူးသွားပြီး လျှပ်စစ်ဖြတ်စီးနိုင်သည်။ သံလိုက်ကို ဖယ်လိုက်ပါက Contact နှစ်ခုကွာသွားသဖြင့် လျှပ်စီးပတ်လမ်း ပြတ်သွားမည် ဖြစ်သည်။ ၎င်းကို အလုပ်လုပ်နိုင်ရန် ပြင်ပမှ သံလိုက်လိုအပ်သည်။ ထို့ကြောင့် Working Cylinder များ၏ Piston တွင် သံလိုက်တပ်ဆင်၍ ၎င်း LimitSwitch များကို အသုံးပြုကြသည်။

Proximity Switches

Binäre Sensoren

Magnetische Näherungsschalter

Induktive Näherungsschalter

Kapazitive Näherungsschalter

Ultraschall-Näherungsschalter

Einweg-Lichtschranken

Reflex-Lichtschranken

Reflex-Lichttaster



Sequential Control

Sequential Control လေ့လာရာတွင် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံး Circuit မှာ Alternating Circuit ဖြစ်လေသည်။ ၎င်းကို အနီးကပ်ဆုံးနှင့် အလွယ်ကူဆုံး ဥပမာပြရလျှင် Bed Room Lamp သို့မဟုတ် Reading Lamp တွင် အသုံးပြုထားသည့် Control ပုံစံဖြစ်သည်။ ၎င်းအလုပ်လုပ်ပုံမှာ ခလုပ် တစ်ခုကို ပထမအကြိမ်နှိပ်ပါက Out Put Signal ရရှိ၍ ဒုတိယအကြိမ်နှိပ်ပါက၎င်း Out Put Signal ရပ်သွားမည်ဖြစ်သည်။ ဆိုလိုသည်မှာ မီးခလုပ်၌ ပထမအကြိမ် ခလုပ်ဆွဲပါက မီးလင်း၍ ဒုတိယအကြိမ် ခလုပ်ဆွဲပါက မီးပိတ်သွားမည်။



၎င်းကို Function Chart ဖြင့် အောက်ပါ အတိုင်းစဉ်းစားသည်။



အဆင့်တစ်ခုစီ အတွက် Bi-stable Memory တစ်ခုကိုအသုံးပြုပါက Bi-stable (၄) ခု ရရှိမည် ဖြစ်သည်။ Bi-stable Memory တစ်ခုစီကို Sequential စီလိုက်ပါက အောက်ပါ အတိုင်းရရှိမည်။



အထက်ပါ Circuit အတွဲတွင် S_1 ကိုပထမအကြိမ် နှိပ်ပါက K_1 ရမည်။ လွှတ်လျှင် K_1 ပြတ်၍ K_2 ရမည်။ နောက်တစ်ကြိမ် နှိပ်လျှင် K_3 ရ၍ K_2 ပြတ်မည်။ လွှတ်လျှင် K_4 ရ၍ **K_3 ပြတ်မည်ဖြစ်သည်။ S_1 နှိပ်သည့်အချိန်များတွင် K_1 နှင့် K_3 ရရှိသဖြင့်၎င်းတို့ကို Out Put ကို Set နှင့်ပြုလုပ်ခိုင်းပါက Alternating Circuit တည်ဆောက်ပြီးဖြစ်သွားမည်။**

Problem **Lageplan**



ပုံတွင်ပြထားသည့်အတိုင်းDouble Acting Cylinder နှစ်လုံးဖြင့် တံဆိပ်ရိုက်မည့် စက်တစ်လုံး ပြုလုပ်လိုသည်။ ခလုပ်တစ်ချက်နှိပ်ပါက Cylinder Aသည်Magazine အတွင်းမှ Work Pieceတစ်ခုကိုတွန်းထုပ်ကာ စက်ခုံတွင်ဖိ၍ညှပ်ထားမည်။ ထို့နောက် Cylinder B ဖြင့်၄င်း Work Piece ပေါ်တွင် တံဆိပ်ရိုက်မည်။ ထို့နောက် Cylinder A နှင့် B နှစ်ခုလုံး တစ်ပြိုင်တည်း ပြန်ဝင်ကာ နောက်တစ်ကြိမ် အလုပ်လုပ်ရန် အသင့်ဖြစ်နေမည်။ ၄င်းလုပ်ငန်းစဉ် အတွက် ElectroPneumatic Circuit Diagram တစ်ခုတည်ဆောက်ပေးပါ။

Displacement -step diagram



Function Chart



Power Circuit



Control Circuit



Time dependent control

Compare of electrical and pneumatic

Pneumatic	Electrical
 Flow resistance	 Resistor
 Variable Flow Control	 Variable Flow Resistor
 Check valve	 Diode
 Air Pressure Capacitor	 Capicator
 Normaily Closed 3/2 Way valve	 Normally Open Contact
 Normally Open 3/2 way valve	 Normally Closed Contact
 5/2 way valve	 Chain Over Switch
 Bi-stable valve (Air operated 4/2 way valve)	 Self Holding Circuit
Time Delay Valve 	Electrical Timer 

အထက်တွင် ဖော်ပြထားသည့်အတိုင်း Pneumatic နှင့် Electrical တွင် သဘောတရားအယူ အဆတူ ယူ၍ တည်ဆောက်လေ့ရှိသည်။ ဖော်ပြခဲ့သည့်အတိုင်း Pneumatic ၏ Time Delay Valve မှနေ၍ နှိုင်းယှဉ်ကာ Electrical Timer တလုံးကို တည်ဆောက် နိုင်လေသည်။

Delay on timer



ပုံတွင်ဖော်ပြထားသည့် Circuit မှာ Pneumatic Time delay Valve အယူအဆနှင့် ထပ်တူကျသော Timer တစ်လုံး၏တည်ဆောက်ထားပုံဖြစ်သည်။ ၎င်းတွင်ပါဝင်သော အစိတ်ပစ္စည်းများမှာ

Variable Resistor	R_1
Relay	K_1
Diode	D_1
Capacitor	C_1
Resistor	R_2 တို့ပါဝင်သည်။

၎င်း၏ အလုပ်လုပ်ပုံမှာခလုပ် S_1 ကိုနှိပ်လိုက်လျင် S_1 မှလာသောလျှပ်စစ်ဓါတ်အားသည် Diode D_1 မှပိတ် ထားသဖြင့် Variable Resistor R_1 ကိုဖြတ်၍ Capacitor C_1

ကိုလျှပ်စစ်ဓါတ်အား Charge လုပ်သည်။ Capacitor လျှပ်စစ်ဓါတ်အားပြည့်လာသည်နှင့် Relay K_1 ကိုဆွဲရန် Voltage လုံလောက်စွာရရှိလာလျှင် K_1 အလုပ်လုပ်၍ Normally Open Contact ကိုအလုပ်လုပ်စေသည်။ ထိုလုပ်ငန်းစဉ်တွင် K_1 အလုပ်လုပ်ရန်လိုအပ်သည့် Voltage ပြည့်စေရန် Variable Resistor R_1 မှဖြတ်၍ C_1 သို့လျှပ်စစ်ဓါတ်အားဖြည့်ပေးရသဖြင့် အချိန်တခုစောင့်ရလေ သည်။၎င်းစောင့်ရသည့် အချိန် ပမာဏမှာ Resistor R_1 တန်ဖိုးနှင့် Capacitor C_1 တန်ဖိုးတို့အပေါ်တွင် မူတည်နေသည်။ S_1 ကိုပြန်လွှတ်လိုက်လျှင် Capacitor C_1 မှသိုလှောင်ထားသော လျှပ်စစ်ဓါတ်အား သည် Diode D_1 ကိုဖြတ်ကာ Resistor R_2 မှတဆင့် Ground ဖြတ်သွားသဖြင့် Relay သည်လည်း အလုပ်လုပ်ခြင်းမှရပ်သွားကာ Normally Open Contact ကိုပြန်ကွာသွားစေသည်။ ၎င်း၏အလုပ်လုပ် ပုံကို Control Diagram ဖြင့်အောက်ပါအတိုင်းပြသနိုင်သည်။



Symbol

K 

Solenoid Coil for Delay on Timer

K 

K 

-Normally open contact for Timer

-Normally Closed contact for Timer

Problem

Konstoff Material ဖြင့်Packing ပြုလုပ်သောစက်တစ်လုံးတွင် Double Acting Cylinder တစ်လုံးဖြင့်Konstoff Pach Box နှင့် Cover တို့ကိုအချိန်တစ်ခုအထိHeaterဖြင့်ဖိထားလိုသည်။ S_2 ခလုပ်ကိုနှိပ်ခြင်းဖြင့်Double Acting Cylinder ထွက်လာပြီးWork Piece ကိုဖိမည်။ ထို့နောက်ချိန်ထားသောအချိန်ရောက်လျှင် အလိုအလျောက်ဖိထားခြင်းမှ ပြန်ရုတ်သိမ်းမည်။ လိုအပ်သော Electro Pneumatic Circuit Diagram တစ်ခုတည်ဆောက်ပေးပါ။



Function chart



Power Circuit **Control Circuit**





Delay off Timer



ပုံတွင် Delay of Timer တစ်ခု၏တည်ဆောက်ပုံကို ရေးဆွဲထားသည်။ S_1 ခလုပ်ကိုနှိပ်လိုက်ပါ ကလျှပ်စစ်ဓါတ်အားသည် **Diode** မှတဆင့် **Capacitor** သို့ရင်း၊ **RelayCoil** သို့ရင်းတိုက်ရိုက် ရောက်သွားသဖြင့် **Normally Open Contact** ကိုတိုက်ရိုက်ဆွဲကာ အလုပ်လုပ်မည်။ **S_1** ခလုပ်ကိုပြန်လွှတ်လိုက်လျှင် လျှပ်စစ်ဓါတ်အား ပြတ်သွားသော်လည်း **Capacitor** နှင့် **Relay** တို့မှလျှပ်စစ်ဓါတ်အားကိုပြန်၍ **Recharge** လုပ်ရာတွင် **Diode D_1**

မှဖြတ်မစီးနိုင်တော့ဘဲ Resistor R_1 နှင့် R_2 တို့မှဖြတ်စီးရသဖြင့် ဖြည်းညင်းစွာ Recharge လုပ်မည်။ ထို့နောက် K_1 ၏ Holding Voltage အောက်ရောက်သောအခါ K_1 ပြန်ပြုတ်သွားမည်။ K_1 ပြုတ်ရန်ကြာသောအချိန်မှာ C_1 နှင့် R_1, R_2 တို့၏တန်ဖိုး ပေါ်တွင်မူတည်နေသည်။ ၎င်း၏အလုပ်လုပ်ပုံကို Diagram ဖြင့်အောက်ပါအတိုင်းပြနိုင်သည်။



Symbol



Solenoid for Delay of f Timer



Normally open Contact for Delay of Timer



Normally closed Contact for Delay of Timer

<u>Problem</u>

Double Acting Cylinder တလုံးဖြင့်အဖွင့်အပိတ်လုပ်သောတံခါးတချပ်တွင်လူသည် တံခါးရှေ့ ရောက်သောအခါ တခါးသည်အလိုအလျောက်ပွင့်ပြီးလူဝင်ပြီးသောအခါ အလိုအလျောက်ပြန်ပိတ်သွား ရန်စီစဉ်ထားသည်။ လိုအပ်သော Circuit Diagram တခုတည်ဆောက်ပေးပါ။ လူသည်တံခါးရှေ့ရောက်ပါကအလိုအလျောက် Signal ရရှိစေရန် Light Switch နှစ်ခုကိုသုံးထားသည်။

Function chart



Power circuit



Cortrol Circuit



Pneumatic Electrical Signal Converter

Pressure Switch



Pneumatic Signal မှ Electrical Signal သို့ ပြောင်းပေးရန် ရည်ရွယ်၍ တည်ဆောက်ထားသည်။ နောက်ပိုင်းတွင် Pressure Switch သာမကဘဲ Vacuum Switch အဖြစ်၄င်း Differential Pressure Switch အဖြစ်၄င်း အသုံးပြုနိုင်ရန် မွမ်းမံတည်ဆောက်ကြသည်။ ပုံတွင်ပြထားသော Pressure Switch ခေါ် PE Converter တွင် X Port မှပေးသော Pneumatic Signal ကိုတဘက်မှ Spring Pressure ဖြင့် ဆန့်ကျင်၍ တွန်းသွားသည်။ Pneumatic Pressure သည် Spring ၏တွန်းအားကို ကျော်လွန်နိုင်သည့် ဖိအားသက်ရောက်ပါက Diaphram သည် Micro Switch ကိုသွား၍အလုပ်လုပ်သည်။ ထိုအခါ Micro Switch အလုပ်လုပ်၍ လျှပ်စစ် Signal ရရှိစေသည်။ Return Spring ၏ Pressure ကို Adjust ပြုလုပ်နိုင်သော အမျိုးအစားရှိသကဲ့သို့ Fix ပြုလုပ်ထားသော အမျိုးအစားလည်းရှိသည်။

Symbol

For pneumatic



Non Adjustable



Adjustable

For Electrical



Problem

လုပ်ငန်းတစ်ခုလုပ်ဆောင်ရာတွင်Double Acting Cylinder တစ်လုံးသည် ဖြည်းညှင်းစွာ ထွက်လာ စေ၍ Work Piece တစ်ခုကို ဖိအားတစ်ခုနှင့် တစ်ဖြည်းဖြည်းတိုး၍ဖိရမည်။ သတ်မှတ်ဖိအား ရောက်သော အခါ **ဆက်မဖိတော့ဘဲ Cylinder Piston** ပြန်ဝင်လာစေရမည်။ ၎င်းလုပ်ငန်း အတွက် **Circuit Diagram** တစ်ခုဆွဲပေးပါ။

Function chart



Power circuit



Control System



Control System with Minimum Signal Processing

Control System တခုတည်ဆောက်ရာတွင် ပထမဦးစွာ လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်၍ Displacement Step Diagram ဆွဲရမည်။ ထို့နောက် Function Diagram နှင့် Function Chart တို့ကို လိုအပ်သလို တိုးချဲ့ရေးဆွဲ၍ Circuit Diagram တည်ဆောက်ရမည်။

ထိုသို့တည်ဆောက်ရာတွင် Function Chart လုပ်ငန်းစဉ်အဆင့် တဆင့်ချင်းအလိုက် **bi-stable memory control** များ ထည့်သွင်း ၍တည်ဆောက်ရသည်။ ထိုသို့တည်ဆောက် ၍ရရှိသော **Circuit** သည် စိတ်ချ၍ ပြစ်ချက်အကင်း ဆုံးဖြစ်လေသည်။ **P L C Programming** များတွင်လည်း Function Chart ကိုအသုံးပြု၍ အဆင့်တစ်ဆင့်ချင်းအလိုက် ဖော်ပြပါအတိုင်း bi-stable memory တစ်ခုစီသုံး၍ Program ရေးဆွဲကြသည်။ သို့သော်လည်း Electrical နှင့် Pneumatic Circuit များတည်ဆောက်ရာတွင်မူ bi-stable memory control တစ်ခုစီအတွက် Relay တစ်လုံး သို့မဟုတ် Impulse Valve တစ်လုံးသုံးရသဖြင့် ကုန်ကျစရိတ်များလာပေမည်။ ထို့ကြောင့် bi-stable memory များကို တတ်နိုင်သလောက်လျှော့၍သုံးရပေမည်။

Process တခုကို လေ့လာရာ၍ ပထမဦးစွာ **Displacement Step Diagram** ဖြင့် လေ့လာသဖြင့် **Displacement Step Diagram** ဖြင့် **Step By Step Circuit Development** ပြုလုပ်သွားမည်။

ဥပမာ



အထက်ပါလုပ်ငန်းစဉ်တွင် Procedure အလိုက်ကြည့်ပါက Cylinder A နှင့် Cylinder B တို့၏အဝင်အထွက် Signalတို့ကို Group တစ်ခုစီခွဲ၍ရသည်ကို တွေ့ရသည်။ အဓိပ္ပါယ်မှာ + သို့မဟုတ် - Signal တစ်မျိုးတည်းကိုသာMemory Module တစ်ခုတွင်သိုလှောင်ထားနိုင်သည်။အဓိပ္ပါယ်ဆန့်ကျင်ဘက်ဖြစ်နေပါကMemory Module တစ်ခုတည်းတွင်သိုလှောင်၍

မထားနိုင်ဆိုသည့် အယူအဆပင်ဖြစ်သည်။ ထိုအယူအဆအရ ခွဲလိုက်ပါက ဖော်ပြပါ လုပ်ငန်းစဉ်အတွက်

| A + B + | B - A - |

-Group 1 -Group 2

၄င်းကို Electrical Circuit ဆွဲပါက A + B + အတွက် Bistable Memory တခုနှင့် B- A- အတွက် Bistable Memory တခုလိုအပ်မည်။ သို့သော်လည်း Sequential Circuit သဘောတရား အရရှေ့ Bistable Memory တစ်ခုရလျှင်ကျန်ခဲ့သည့် Memory ကို Reset ပြုလုပ်၍ရှေ့ Memory အတွက် Stand by ပြုလုပ်ထားရသဖြင့် Bistable Memory အနည်းဆုံး သုံးခုလိုအပ်လေသည်။ ထို့ကြောင့် A + နှင့် B + သို့မဟုတ် A- နှင့် B- ကို Bistable Memory တခုစီဖြင့် မဖြစ်မနေ ဆွဲ၍အသုံးပြုရလေသည်။ ထို့ကြောင့်

| A + | B + | B - A - | သို့မဟုတ် | A + B + | B - | A - |

-Group 1 -Group 2 -Group 3 -Group 1 -Group 2 -Group 3

| A + B + | B - | A - |

-Group 1 -Group 2 -Group 3

အထက်ပါ Procedure ကိုအသုံးပြုပါက

Power Circuit



Control Circuit



Problem

Bending Machine

ပုံတွင်ပြထားသည့်အတိုင်းBending Machine တစ်လုံးတွင်ကွေးလိုသည့်သံပြားကို စက်အတွင်းသို့ လူကထည့်ပေးလိုက်သောအခါ Cylinder တစ်လုံးသည် သံပြားကို ညှပ်လိုက်၍ ကျန် Cylinder နှစ်လုံးက တချက်စီရိုက်ကွေးသွားမည်။ ထိုလုပ်ငန်းစဉ်အတွင်း မတော်တဆ မလိုလားအပ်သောပစ္စည်းများ ဥပမာ(လူ၏လက်) ဝင်သွားပါက စက်သည် ရောက်သည့်နေရာတွင်ရပ်သွားပြီး အလိုအလျောက် Normal အနေအထားသို့ ပြန်သွားရမည်။ ၎င်းလုပ်ငန်းစဉ်အတွက် Circuit Diagram တစ်ခုဆွဲပေးပါ။



Displacement -step diagram



Grouping of Abbreviated Notation

S2 S4 S6

| A + B + | B - C + | C - A - |

S1 S3 S5 S7

Function Chart



Power Circuit



Control Circuit



၄င်း Circuit တွင် S4, S6, S7 တို့သည် Power Circuit နှင့် ဆက်စပ် လိုက်ပါက Operate position တွင် ရှိနေသဖြင့် Normally Closed ဖြစ်သော S6 ကို ပုံစံဖြင့် ၄င်း Normally open ဖြစ်သော S4, S7 တို့ကို ပုံစံဖြင့်၄င်း ဆွဲသားရမည်။

DIGITAL INTEGRATED CIRCUITS

LOGIC FAMILIES

အသုံးအဖြတ်ပေးသော ပတ်လမ်းများ၏ ဆောင်ရွက်ချက်များကို လေ့လာရာတွင် ယင်းပတ်လမ်းများပါဝင်သော Inlegrated Circuit (IC) များ၏ ရုပ်ပိုင်းဆိုင်ရာ အချက်အလက်များကို ထည့်သွင်းစဉ်းစားရပေမည်။

Logic အမျိုးအနွယ်တို့တွင် ပါဝင်သည့် ဂုဏ်သတ္တိအချို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

* Logic Level
* Power Dissipation
* Propagation Delay (အဝင်ငုတ်နှင့် အထွက်ငုတ်တွင် Logic အခြေပြောင်းလဲရန်ကြာချိန်)
* Noise Immunity
* For Out (အထွက်ငုတ်တွင် ချိန်ဆွဲနိုင်သော အရေအတွက်)

စသည်တို့ဖြစ်သည်။

Transistor - transistor Logic

အလွန်အသုံးများသော Logic အမျိုးအစားတစ်မျိုးဖြစ်သည်။ နယ်ပယ်အတော်များများတွင် အသုံးပြုကြသည်။ Logic Level 0 အတွက် 0.2V လိုအပ်ပြီး Logic Level (1) အတွက် အနည်းဆုံး 3.0V လိုအပ်သည်။ သို့သော် 5V ပျမ်းမျှ အသုံးပြုရသည်။

T T L IC တွင် အောက်ပါမျိုးကွဲများရှိသည်။

- Standart T T L
- Low Power T T L
- High Speed T T L
- Schottky - Clamped T T L
- Low Power Schottky T T L တို့ဖြစ်သည်။

Standart TTL များကို နေရာမရွေး ပတ်လမ်းမရွေး အသုံးပြုနိုင်သည်။ Low - Power နှင့် High Speed အိုင်စီများသည် Special ပတ်လမ်းများအတွက် ထုတ်လုပ်ခြင်းဖြစ်သော်လည်း ယင်းအမျိုးအနွယ်များသည် တစ်ခုနေရာတွင် တစ်ခုကို အစားထိုးအသုံးပြုနိုင်ပါသည်။ သို့သော်လည်း မျိုးနွယ်တစ်ခုတည်းသာ စုပေါင်းတပ်ဆင်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ အမျိုးနွယ်မတူပါက Match မဖြစ်သော IC အတွက် အပူချိန်တက်၍ ပျက်ဆီးတတ်ပါသည်။ L S အမျိုးအစားသည် နောက်ဆုံးပေါ် အမျိုးအစား ဖြစ်ပြီး ယခုအခါ အသုံးအများဆုံး ဖြစ်သည်။

T T L အိုင်စီများကို သင်္ကေတ အမှတ်အသားဖြင့် ခွဲခြားသတ်မှတ်ထားပေသည်။

Standard T T L	——	74 × ×	ဥပမာ - 7400
Lower power T T L	——	7 4 L × ×	74L00
High Speed T T L	——	7 4 H × ×	74H00
Schottky-Clamped T T L	——	7 4 S × ×	74S00
Low Power Schottky	——	7 4 L S × ×	74LS00

T T L အမျိုးအစားများတွင် 74 Series များအပြင် 54 Series များလည်းရှိသည်။ သို့သော်လည်း ၎င်းတို့မှာ စစ်ဖက်လုပ်ငန်းများတွင် အသုံးပြုသဖြင့် တွေ့ရခဲပါသည်။

T T L အိုင်စီပတ်လမ်းများတည်ဆောက်ရာတွင် လိုက်နာရမည့် အချက်များ

၁။ T T L အိုင်စီအမျိုးအနွယ်အားလုံးအတွက် V_{CC} ကို 5.25V ထက် ပို၍ မပေးရပါ။ 5.25 ထက်ကျော်လျှင် IC လောင်သွားပေမည်။ အကယ်၍ 6V Battery အသုံးပြုလိုလျှင် ဒိုင်အုပ်တစ်လုံး Series ခံ၍ အသုံးပြုပါ။ ဒိုင်အုတ်၌ ကျဆင်းသော ရှေ့ညွှန်းဗို့အားကြောင့် VCC ၌ 5 Volt ကျော်ရုံခန့်သာ ကျန်တော့မည်ဖြစ်သည်။



ပုံတွင် ကွန်ဒင်ဆာနှစ်လုံးစလုံးကို အိုင်စီတပ်ထားသော ဆာကစ်ပြားပေါ်တွင် အိုင်စီနှင့် ကပ်၍ တပ်ဆင်ရမည်။ T.T.L IC လေးငါးဆယ်လုံးပါဝင်သော ပတ်လမ်းအတွက် လျှပ်စီးများများဆွဲမည်ဖြစ်၍ 7805 ကဲ့သို့သော Ra Volt အားထိန်း (Regulator IC) မျိုးနှင့် တွဲဖက်အသုံးပြုသင့်သည်။

၂။ အဝင်အချက်ပြ (Input Signal) ၏ ဗို့အားသည် VCC ထက်မကျော်ရပါ။ ထို့အပြင် GND ဗို့အားထက်လည်း မနိမ့်ကျရပါ။

၃။ ဆက်သွယ်အသုံးမပြုသော အဝင်ငုတ်များသည် ဗို့အားမြင့် အခြေ Logic (1) တွင်ရှိသည်ဟု ယူဆနိုင်သည်။ သို့သော် ပတ်လမ်းဒီဇိုင်းအရ အဝင်ငုတ်တစ်ခုခုကို Logic (1) တွင်ရှိရမည်ဟု သတ်မှတ်ချက်ပါရှိလျှင် VCC နှင့် ဆက်သွယ်ပေးလိုက်ပါ။ လွတ်မထားပါနှင့်။

၄။ Logic 0 ဟု သတ်မှတ်ထားသော အဝင်ငုတ်ကို မြေစိုက် (GND) နှင့် ဆက်သွယ်ပေးပါ။

၅။ AND, OR, NAND ဂိတ်များမှ အသုံးမပြုသော အဝင်ငုတ်များကို ယင်းအိုင်စီထဲမှ အခြားအသုံးပြုထားသော Gate များ၏ အဝင်ငုတ်တစ်ခုနှင့် ပူးပေါင်းဆက်သွယ်ပါ။

၆။ အလားတူပင် အသုံးမပြုသော ဂိတ်ပတ်လမ်းများမှ အထွက်ငုတ်များကို ဗို့အားမြင့် အခြေသို့ ပို့ထားရမည်။ NAND ဂိတ်ဖြစ်လျှင် အဝင်ငုတ်တစ်ခုကို ဗို့အားနိမ့်အခြေသို့ ပို့ထားရမည်။ Nor gate များအတွက် အဝင်ငုတ်အားလုံးကို ဗို့အားနိမ့်အခြေသို့ ပို့ထားရမည်။



၇။ T T L အိုင်စီများ၏ အထွက်ငုတ်များတွင် Logic အခြေပြောင်းသောအခါ Power Supply တွင် Volt အား အချွန်အတက်များ (Spikes) ဖြစ်ပေါ်တတ်သဖြင့် (0. 01 μF မှ 0.1 μF) အကြားရှိ decoupling Condenser များကို အိုင်စီများအနီးအနားတွင် ထား၍ VCC နှင့် GND ကြားခွ ဆက်ပေးရမည်။ ထို ကွန်ဒင်ဆာများ၏ ခြေတောက်များသည် တပ်နိုင်သမျှ တိုရမည်။ ဂိတ်အိုင်စီ ၅ လုံးမှ ၁၀ လုံးအတွက် Condensor တလုံးကို ၄င်း Counter I C ၂ လုံးမှ ၅ လုံးအတွက် ကွန်ဒင်ဆာတစ်လုံးကို တပ်ဆင်ပေး ရမည်။

၈။ ပတ်လမ်းအချင်းချင်းဆက်သွယ်သော ဝါယာကြိုးများကို ရှည်ရှည်မသုံးပါနှင့်။ တတ်နိုင်သမျှ ဝါယာ ကြိုးများကို ရှည်ရှည်မသုံးပါနှင့်။ တတ်နိုင်သမျှ ဝါယာကြိုးတိုကို သုံးပါ။

၉။ Power Supply သည် Circuit ဘုတ်ပြားပေါ်တွင် မရှိခဲ့လျှင် Power Supply မှ ဆားကစ်ဘုတ်သို့ ဆက်သွယ်သောကြိုးနှစ်ကြိုးကြားတွင် ဆားကစ်ဘုတ်သို့ ရောက်သည့်နေရာတွင် 1 μ F မှ 10μ F ရှိ Condensor တစ်လုံးကို ခွဆက်ပါ။

၁၀။ T T L IC ပတ်လမ်းတစ်ခု၏ အထွက်ငုတ်တွင် အခြား T T L ပတ်လမ်း (၁၀)ခု၏ အဝင်ငုတ် များကို ဆက်သွယ်နိုင်ပြီး LS T T T L အတွက်မူ အခု (၂၀)အထိ ချိန်ဆွဲနိုင်သည်။

၁၁။ LS T T L တစ်လုံး၏ အထွက်ငုတ်တွင် Standard T T L အဝင်ငုတ် ၅ ခုကို၄င်း၊ LS T T L အဝင်ငုတ် ၁၀ခုကို၄င်း၊ လာရောက်ဆက်သွယ်နိုင်ပါသည်။

၁၂။ T T L / IS အိုင်စီများ၏အထွက်ငုတ်နေရာတွင် LED မီးသီးများတပ်၍ Logic အခြေပြောင်း၊ မပြောင်း အောက်ပါပုံအတိုင်း ဆက်သွယ်နိုင်ပါသည်။



LS T T L 5C ၏ အထွက်ငုတ်များကို တစ်ချိန်တည်းတွင် Logic အခြေမတူနိုင်ပါက ပူးတွဲ၍ မတပ်ဆင်ရ။



C MOS I C

Complementory-Metal Oxide Semiconductor

ယခုအခါ T T L ထက် ပို၍ ရေပန်းစားလာပြီး နေရာတကာတွင် အသုံးပြုလာသော အမျိုးအနွယ် တစ်ခုဖြစ်သည်။ CMOS ၏ထူးခြားသော ဂုဏ်သတ္တိများမှာ -

၁။ Power အသုံးပြုမှုနည်းပါးခြင်း

Low Power Consumption

CMOS ဂိတ်တစ်ခုသည် တည်ငြိမ်ခြေတွင် ပါဝါ 0.01 mW ခန့်သာ စားပြီး ကြိမ်နှုန်းမြင့်ပိုင်း (5MHz to 10 MHz) အလုပ်လုပ်ချိန်တွင် 10mW စားပါသည်။

၂။ ပါဝါဆပ်ပလိုင်းဗို့အား ပြောင်းလဲနိုင်ခြင်း

Variable Power Supply Voltage.

CMOS အိုင်စီ အလုပ်လုပ်ရန်ပေးရသော ပါဝါဆပ်ပလိုင်း V_{CC} (သို့) V_{DD} သို့ (V_S) ကို + 3V မှ + 18V အတွင်း စိတ်ကြိုက်ပြောင်းလဲနိုင်ပါသည်။ ဗို့အားမြင့်မြင့်ပေးလျှင် လုပ်ငန်းစဉ်ပို၍ မြန်လာကြောင်း တွေ့ရသည်။

၃။ ဆူညံသံလွတ်ကင်းမှု မြင့်မားခြင်း

High Noise Immunity

ယေဘူယျအားဖြင့် လော့ဂျစ် (0) နှင့် လော့ဂျစ် (1) ကြား ခြားနားချက်ဗို့အား၏ 30% မှ 45% ခန့် အထိရှိ တပ်ပါသည်။ Hign Threshold Logic အိုင်စီမှလွဲ၍ အခြားအမျိုးအနွယ်များထက် ဆူညံသံကင်းလွတ်မှုခွင်ပိုကျယ်ပါသည်။

CMOS IC များသည် အထက်ပါအရည်အချင်းများကြောင့် T T L အိုင်စီများထက်ပို၍ အသုံးဝင် လူကြိုက်များခြင်းဖြစ်ပါသည်။

CMOS I C များကို ဘက်ထရီနှင့် အလုပ်လုပ်စေသော ဒီဂျစ်တယ်ပတ်လမ်းများတွင်၎င်း၊ Power အစားသက်သာပြီး ကြာရှည်စွာ အလုပ်လုပ်ရန် လိုအပ်သည့် အာကာသယာဉ်များတွင်၎င်း၊ ကျယ်ပြန့်စွာ အသုံးပြုလျက်ရှိပါသည်။ ထို့အပြင် ဆူညံသံအများဆုံးရှိနိုင်သော မော်တော်ယာဉ်နှင့် ပတ်သက်သည့် ပတ်လမ်းများတွင်လည်း CMOS အိုင်စီများကို များစွာအသုံးပြုလျက်ရှိပါသည်။

CMOS အိုင်စီ၏ အဓိက အားပျော့ချက်မှာ အလုပ်လုပ်ချိန် နှေးကွေးခြင်းပင် ဖြစ်ပါသည်။ Supply Volt အား မြင့်သော အခြေခံပြင်လျှင် သာမန် Gate တစ်ခု၏ အလုပ်လုပ်ရန် ကြာချိန်မှာ (အထူးသဖြင့် အထွက် ငုတ်၏ဝန်သည် လျှပ်သိုဝန်ဖြစ်ခဲ့လျှင်) 25 ns to 50 ns (1ns = 10^{-9}s) ထိရှိတပ်ပါသည်။

CMOS အိုင်စီ၏နံပါတ်များ သတ်မှတ်ပုံမှာ (40××) သို့မဟုတ် (45xx) တို့ဖြစ်ကြပါသည်။

CMOS အိုင်စီပတ်လမ်းများတည်ဆောက်ရာတွင် လိုက်နာရမည့်အချက်များ

ဒီဂျစ်တယ် အိုင်စီတစ်လုံးချင်းအနေဖြင့် နှိုင်းယှဉ်ကြည့်လျှင် CMOS များသည် TTL / LS များထက် ပို၍ လုပ်ငန်းဖန်ရှင်များများလုပ်နိုင်ပြီး အသုံးပြုရာတွင်လည်း အလွန်လွယ်ကူပါသည်။ CMOS IC များကို အသုံးပြုတော့မည်ဆိုပါက အောက်ပါအချက်များကို လိုက်နာရမည်။

၁။ CMOS IC များသည် တည်ငြိမ်လျှပ်စစ် (Static Charge) ကြောင့် အလွယ်တကူပျက်စီးသွားနိုင်ပါသည်။ ထို့ကြောင့် ယင်း IC ငုတ်များကို လက်ဖြင့် ကိုင်တွယ်ခြင်းမပြုရပါ။ ပလပ်စတစ်ဘူးများ၊ အိတ်များ၊ ဘမ်းများထဲတွင်လည်း ထည့်၍ သိမ်းမထားရပါ။

၂။ CMOSIC များကိုပတ်လမ်းတွင်မသုံးဘဲ အလွတ်အတိုင်းထားလျှင်စီးကရက်ဘူးခွံမှ ခဲသတ္တုပြား (သို့)အလူမီနီယမ်ပြား ပါးပါးဖြင့် ခြေထောက်များအောက်စိုက်၍ ပတ်ထားပါ။ ဖြစ်နိုင်လျှင် လျှပ်ကူးရေမြှုပ်တွင်စိုက်ထားပါ။

၃။ CMOS IC များကို ဂဟေဆော်သည့်အခါ ဘက်ထရီဂေါက်ကိုသာ အသုံးပြုသင့်ပါသည်။ အကယ်၍ အေစီဂေါက်ဖြင့် ဂဟေဆော်လျှင် ဂေါက်၏ထိပ်ကို ဝါယာတစ်ချောင်းနှင့် ဆက်၍ Earth ချထားရပါမည်။

၄။ CMOS ကို ပေးသော Power Supply V_{DD} ကို 15 V ထက် မကျော်လွန်စေရပါ။

၅။ အဝင်ဗို့အားသည် V_{DD} ထက် မကျော်စေရ။

၆။ ဖြစ်နိုင်လျှင် အတက်အကျနှေးသော အချက်ပြများ (Slow rise and slow fall signal) ကို မထည့်ပါနှင့်။ အဘယ်ကြောင့်ဆိုသော် ယင်းသို့သော အချက်ပြများကြောင့် power ပိုစားသောကြောင့် ဖြစ်သည်။ တက်ချိန် Rise time 15μs ထက် ပိုသော အချက်ပြများကို သွင်းလျှင် ပို၍ကောင်းပါသည်။

၇။ အသုံးမပြုသော အဝင်ငုတ်အားလုံးကို V_{DD} (သို့) V_{SS} (GND) နှင့် ဆက်ထားပါ။ သို့မဟုတ်ပါက တည်ငြိမ်လျှပ်စစ်ကြောင့် လျှပ်စစ်ပို၍ ဆွဲသွားပေလိမ့်မည်။

၈။ ပါဝါ Supply မရှိပဲနှင့် CMOS ပတ်လမ်းသို့ အချက်ပြ မထည့်ပါနှင့်။

T.T.L GATE ICS

အိုင်စီဆိုသည်မှာ အလွန်ပါးလွှာသော **စီလီကွန်အပြားပေါ်တွင်** ပတ်လမ်းများကို စုပေါင်းတည်ဆောက်ထားခြင်းဖြစ်သည်။ သို့ပါ၍ ယင်းကို အသုံးပြုတော့မည်ဆိုလျှင် ကန့်သတ်ချက်များသတိပြုရမည့် အချက်များကို သေချာစွာ သိရှိနားလည်ထားရန် လိုအပ်ပါသည်။ အထူးသဖြင့် supply ဗို့အားပေးရမည့် ငုတ်များကိုမှန်ကန်စွာ သိရှိထားရပေမည်။ ဗို့အားပေးသည့်အခါတွင်လည်း အပေါင်းနှင့် အနှုတ်ပြောင်းပြန်ပေးမိပါက အိုင်စီပျက်စီးသွားနိုင်ပါသည်။ ထို့အပြင် အိုင်စီသို့ လျှပ်စီးကြောင်းများများ ထည့်သွင်းခြင်းနှင့် IC မှ လျှပ်စီးကြောင်းများများဆွဲသုံးခြင်းတို့ကိုလည်း အထူးရှောင်ကြဉ်ကြရပါမည်။

ဒစ်ဂျစ်တယ်အိုင်စီအတော်များများတွင် ငုတ် (၈) ခု၊ (၁၄) ခု၊ (၁၆) ခုဟူ၍ ပါဝင်တတ်ကြပါသည်။ စီလီကွန် chip ကို အပေါ်မှ ပလပ်စတစ်နှင့် ဖုံးအုပ်ပြီး ငုတ်များကို ဘေးနှစ်ဘက်မှ နှစ်တန်းပြိုင်၍ ထုတ်ထား လေ့ရှိပါသည်။



ပုံတွင် ထိုပုံစံမျိုးကို Dual-in-Line Plastic Package (DIP) ဟု ခေါ်ပါသည်။ ငုတ်နံပါတ် 1 ရှိသည့် နေရာကို စက်ဝိုင်းငယ် သို့မဟုတ် အစက်ငယ်ဖြင့် ဖော်ပြလေ့ရှိပါသည်။ အိုင်စီ ပလပ်စတစ်မျက်နှာပြင်ပေါ်တွင် ထုတ်လုပ်သူ (Manufacturer) ၏ သင်္ကေတအမှတ်၊ အိုင်စီ၏ နံပါတ်နှင့် ထုတ်လုပ်သည့်နေ့ သင်္ကေတအမှတ်၊ သင်္ကေတကို ပါဝင်တတ်ပါသည်။ အိုင်စီ၏ နံပါတ်နှင့် ထုတ်လုပ်သည့်နေ့ သင်္ကေတတို့ကို ခွဲခြားဖတ်တတ်ရန် လိုသည်။

The Basic Logic Elements : NOT, AND and OR

Logic Gate ဆိုသည်မှာ ပေးထားသော အခြေအနေများပေါ်မူတည်၍ ပြဿနာတစ်ရပ်အတွက် Logic ဆိုင်ရာ အဖြေများထွက်အောင် ဆုံးဖြတ်ချက်များ အစဉ်တစိုက် ချမှတ်ပေးနိုင်သော ပတ်လမ်းမျိုးကို ခေါ်သည်။

ဒစ်ဂျစ်တယ် အီလက်ထရောနစ်တွင် Logic Gate တစ်ခု ON ဖြစ်နေလျှင် ယင်းသည် လုပ်ငန်းဆောင်ရွက်နိုင်ခြင်း (enable) ရှိပြီး၊ ယင်းဂိတ် OFF ဖြစ်နေလျှင် လုပ်ငန်းဆောင်ရွက်နိုင်ခြင်းမရှိ (Disable)

Logic ဂိတ်တစ်ခု အလုပ်လုပ်ရန်အတွက် တည်ငြိမ်ခြေ (Steady State) နှစ်မျိုးရှိရန် လိုအပ်သည်။ ယင်းတို့မှာ Logic အခြေ (1) နှင့် Logic အခြေ (0) တို့ ဖြစ်ကြသည်။ Logic အခြေ (1) ကို ဗို့အားမြင့်အခြေ (High), Yes, ON - True စသည့်ဝေါဟာရများဖြင့်လည်း သတ်မှတ်နိုင်သည်။ အလားတူပင် Logic အခြေ (0) ကို ဗို့အားနိမ့်အခြေ (Low), L, No, Off, False စသည် ဝေါဟာရများနှင့် အစားထိုးအသုံးပြုကြသေးသည်။

အခြေခံအားဖြင့် LOgic Gate (၃)မျိုးရှိသည်။

(၁) AND GATE
(၂) OR GATE
(၃) NOT GATE (OR) INVERTER
တို့ဖြစ်ကြသည်။

ပတ်လမ်းတစ်ခုချင်း အလုပ်လုပ်ပုံမှာ အလွန်ရှင်းလင်းလွယ်ကူပါသည်။ သို့သော် ယင်းဂိတ်များကို ပေါင်းစပ်ဖွဲ့စည်းလိုက်သောအခါ ရှုပ်ထွေးသော ပြဿနာပါများကို ဖြေရှင်းလာနိုင်ပါသည်။

AND GATE

AND GATE တွင် အဝင်ငုတ် နှစ်ခု (သို့မဟုတ်) နှစ်ခုထက် ပို၍ရှိနိုင်ပြီးအတွက် ငုတ်မှာမူ တစ်ခုတည်းသာ ရှိပါသည်။ AND GATE ၏ အရည်အချင်းမှာ အဝင်ငုတ်အားလုံးတွင် Logic အခြေ (1) ရှိမည်။ ပုံ (က)တွင် ခလုပ် A တစ်ခုတည်းနှိပ်ပါက မီးသီး လင်းမည်မဟုတ်သကဲ့သို့ ခလုပ် B တခုတည်းနှိပ်ပါကလည်း မီးသီးလင်းမည်မဟုတ်ပါ။ A နှင့် B ၂ခုစလုံး နှိပ်မှသာ မီးသီးလင်းမည်ဖြစ်သည်။ ခလုပ်များပွင့်နေလျှင် Logic အခြေ 0 ဖြစ်၍ ပိတ်နေလျှင် Logic အခြေ (1) ဟု ယူဆရသည်။

ဤပတ်လမ်းတွင် ခလုပ် A နှင့် B တို့သည် အင်ဂိတ်၏ အဝင်ငုတ်များနှင့် ဆင်တူပြီး မီးသီး H သည် အထွက်ငုတ်နှင့် ဆင်တူပါသည်။

အဝင်ငုတ်များရှိ Logic အခြေအမျိုးမျိုးအတွက် ငုတ်တွင်ဖြစ်ပေါ်လာမည့် Logic အခြေများကို လုပ်ငန်းစဉ်ပြ ဇယားမှန် (Truth Table) တခု ရေးဆွဲ၍ ဖေါ်ပြနိုင်ပါသည်။ ပုံ (ခ) သည် And Gate ၏ Symbol ဖြစ်၍ ပုံ (ဂ) သည် အလုပ်မှန်ဇယား Truth table ဖြစ်သည်။



(က)



(ခ)

Truth Table

A	B	C
0	0	0
0	1	0
1	0	0
1	1	1

(ဂ)

AND GATE Logic လုပ်ငန်းစဉ်ကို Boolean Logic equation ဖြင့်လည်း ဖော်ပြလေ့ရှိပါသည်။ AND လုပ်ငန်းစဉ်အတွက် သင်္ကေတမှာ (.) ဖြစ်ပါသည်။ ထို့ကြောင့် အထက်ပါလုပ်ငန်းစဉ်အတွက် Logic ညီမျှခြင်းဖြင့် ရေးသော် C = A . B ဟုရေး၍ C သည် A and B နှင့် ညီသည်။ (C is equals A and B) ဟု ဖတ်ရပေမည်။

AND GATE အတွက် T T L IC တွင် အသုံးပြုသော IC နံပါတ်မှာ 7408 ဖြစ်၍ ဖော်ပြပါ A နှင့် B Input နှင့် C Out put အတွက် Logic Function ကို အောက်ပါအတိုင်း တပ်ဆင်နိုင်သည်။



OR GATE

OR GATE တွင် အဝင်ငုတ်နှစ်ခု (သို့) နှစ်ခုထက်ပို၍ ရှိတတ်ပြီး အထွက်ငုတ်မှာ တစ်ခုသာ ရှိပါသည်။ အော်ဂိတ်၏အရည်အချင်းမှာ အဝင်ငုတ်တစ်ခုခုတွင်ဖြစ်စေ အားလုံးတွင်ဖြစ်စေ၊ လော့ဂျစ်အခြေ (1) ရှိလျှင် အထွက်တွင် လော့ဂျစ်အခြေ (1) ရှိမည်။



(က)



(ခ)

Truth Table

A	B	C
0	0	0
0	1	1
1	0	1
1	1	1

(ဂ)

အော်ဂိတ်လုပ်ငန်းစဉ်အတွက် သင်္ကေတမှာ (+) ဖြစ်ပါသည်။
အော်ဂိတ်လုပ်ငန်းစဉ်ကို Logic ညီမျှခြင်းဖြင့် ရေးသော်

$C = A + B$

C သည် A OR B နှင့် ညီသည်။ (C equal A or B) ဟု ဖတ်ရသည်။

OR GATE T T L IC 7432



NOT GATE OR INVERTER

နော့(တ်)ဂိတ်တွင် အဝင်ငုတ်တစ်ခုသာရှိပြီး၊ အထွက်ငုတ်မှာလည်း တစ်ခုသာ ရှိသည်။ နော့(တ်)ဂိတ်၏ အရည်အချင်းမှာ အဝင်တွင် လော့ဂျစ်အခြေ (0) ရှိလျှင် အထွက်၌ လော့ဂျစ်အခြေ (1) ရှိပြီး အဝင်၌ လော့ဂျစ်အခြေ (1)ရှိလျှင် အထွက်၌ လော့ဂျစ်အခြေ (0) ရှိမည်။ အထွက်ငုတ်လော့ဂျစ်အခြေသည် အဝင်ငုတ်လော့ဂျစ်အခြေထက် ပြောင်းပြန်အမြဲရှိနေသဖြင့် Inverter ဟုလည်း ခေါ်သည်။



(က)



(ခ)

Truth Table

A	B
0	1
1	0

(ဂ)

NOT GATE T T L IC 7404



NAND GATE

နော့ (တ်) ဂိတ်နှင့် အင် (န်) ဂိတ်တို့ပေါင်းစပ်ခြင်းဖြင့် နန်းဂိတ်ကို ရရှိပါသည်။ တူညီသော အဝင်အခြေအနေများအတွက် နန်းဂိတ်အထွက်၏လုပ်ငန်းစဉ်သည် အင်(န်)ဂိတ်အထွက်၏ လုပ်ငန်းစဉ်နှင့် ပြောင်းပြန်ဖြစ်နေကြောင်းတွေ့ရပေမည်။



X_1	X_2	Y_1	Y_2
0	0	0	1
0	1	0	1
1	0	0	1
1	1	1	0

=

X_1	X_2	Y_1
0	0	1
0	1	1
1	0	1
1	1	0

Logic equation $C = \overline{A . B}$

NAND GATE T T L IC 7400



Combination NAND Technich



NOR GATE

နော့ဂိတ်နှင့် အော်ဂိတ်တို့ကို ပေါင်းစပ်လျှင် NOR GATE ကို ရရှိနိုင်ပါသည်။ တူညီသော အဝင်လော့ဂျစ်အခြေများအတွက် နော်ဂိတ်၏လုပ်ငန်းစဉ်သည် အော်ဂိတ်၏လုပ်ငန်းစဉ်နှင့် ပြောင်းပြန် ဖြစ်နေကြောင်းတွေ့ရပါသည်။



X_1	X_2	Y_1	Y_2
0	0	0	1
0	1	1	0
1	0	1	0
1	1	1	0

=

X_1	X_2	Y_1
0	0	1
0	1	0
1	0	0
1	1	0

Logic equation $Y_1 = \overline{X_1 + Y_2}$

NOR GATE T T L IC 7402



Combination NAND Technich



EXCLUSIVE OR (or) XOR GATE

အိတ်ကလူးဆစ်အော်ဂိတ်တွင် ရိုးရိုးအော်ဂိတ်ကဲ့သို့ပင် အဝင်ငုတ်တစ်ခုခု၌ Logic (1) ဖြစ်နေချိန်တွင် အထွက်ငုတ်တွင် Logic (1) ရှိသော်လည်း အဝင်ငုတ်အားလုံး Logic (1) ဖြစ်ချိန်တွင် အထွက်ငုတ်တွင် Logic (0) ဖြစ်သွားသော ပတ်လမ်းတစ်ခုပင်ဖြစ်သည်။

တနည်းအားဖြင့် အဝင်ငုတ်များသည် Logic အခြေမတူမှသာလျှင် အထွက်၌ Logic (1) ရှိပြီး တူခဲ့လျှင် Logic (0) ရှိသဖြင့် ရိုးရိုး OR GATE ထက် လုပ်ငန်း အဆင်ပြေသောကြောင့် အလွန်အသုံးဝင်သော ပတ်လမ်း GATE တစ်ခုဖြစ်ပါသည်။



X_1	X_2	Y
0	0	0
0	1	1
1	0	1
1	1	0

Logic equation $Y = X_1 + X_2$

XOR GATE T T L IC 7486



Systematic Design Method of Logic Gate System

Logic System များကို Systematic ကျကျ Design ပြုလုပ်ရန် အောက်ပါအချက်များအတိုင်း အဆင့်ဆင့်ပြုလုပ်သွားမည်။

(၁) လိုအပ်သည့်လုပ်ငန်းစဉ်၏ အခြေအနေကို တိတိကျကျ ပိုင်းခြားနားလည်ထားရမည်။

(၂) Input အရေအတွက်ကို ရေတွက်၍ ၎င်းအရေအတွက်ပေါ်မူတည်၍ ဖြစ်နိုင်မည့် အဝင်အခြေအနေအရေအတွက်ကို သတ်မှတ်သည်။ ၎င်းမှာ 2^n ဖြစ်သည်။ n သည် Input အရေအတွက်ဖြစ်သည်။

(၃) ထိုအဝင် အခြေအနေ အရေအတွက်အတိုင်း အလှည့်မှန်ဇယားကို ထည့်သွင်းမည်။

(၄) ထိုအဝင်အခြေအနေအမျိုးမျိုးတွင် မည်သည့်အခြေအနေတွင် အတွက် Logic အခြေ (1) ဖြစ်၍ မည်သည့် အခြေအနေတွင် Logic အခြေ (0) ဖြစ်သည်ဟု Output ဇယားတွင် ဖြည့်သွင်းပါ။

(၅) ထို့နောက် OR System သို့မဟုတ် AND System အတိုင်း Logic equation ချရေးပါ။

(၆) ထို့နောက် အရှိအတိုင်း Logic Gate များကို သုံး၍၄င်း၊ NAND Technic အရသော်၄င်း၊ NOR Technic အရ၄င်း၊ ပုံစံရေးဆွဲကာ လိုအပ်သလို T T L IC ဖြင့် ဖြစ်စေ၊ CMOS IC ဖြင့် ဖြစ်စေ တည်ဆောက်ယူသည်။

ဥပမာ (၁) အိမ်များတွင် အသုံးပြုသော Battery နှင့် အသုံးပြုသည့် Inverter တစ်လုံးကို Automatic အလုပ်လုပ်စေရန် တပ်ဆင်လိုသည်။ ထိုသို့ Automatic အလုပ်လုပ်ရန်အတွက် Battery တစ်လုံးတပ်ဆင်ထား၍ Battery ခလုပ်ကို On ထားရန်လိုအပ်ပြီး Line Power လျှပ်စစ်မလာသောအခါ ၄င်း Invertter ကို On စေ၍ Battery ခလုပ်ပိတ်ထားသောအခါတွင်ဖြစ်စေ Line Power လာနေသော အခါတွင်ဖြစ်စေ ၄င်း Inverter သည် ရပ်နေရမည်ဖြစ်သည်။ ထို့အတွက် Digital Circuit တစ်ခု တည်ဆောက်ပေးပါ။

Inverter အတွက် အဝင် Signal များမှာ-

၁။ Battery တပ်ဆင်ရမည်။ X_1

၂။ Line Power Signal X_2

ထို့ကြောင့်

အဝင်အခြေအနေအရေအတွက် $= 2^n$

$= 2^2 = 4$

∴ အလှည့်မှန်ဇယား ရေးဆွဲလျှင်

X_1	X_2
0	0
1	0
0	1
1	1

Out Put အခြေအနေကို ထည့်သွင်းပါက

အခြေအနေ (၁)	Battery Off, Line Power Off	=	Inverter Off
အခြေအနေ (၂)	Battery On, Line Power Of	=	Inverter On
အခြေအနေ (၃)	Battery Off, Line Power On	=	Inverter Off
အခြေအနေ (၄)	Battery On, Line Power On	=	Inverter Off

∴ အလုပ်မှန်ဇယားအပြည့်အစုံမှာ

X_1	X_2	Y_1
0	0	0
1	0	1
0	1	0
1	1	0

အထက်ပါ အလုပ်မှန်ဇယားမှ AND Technic ဖြင့် Logic equation ရေးလျှင်

$X_1 \wedge \overline{X_2} = Y_1$ သို့မဟုတ် $X_1 . \overline{X_2} = Y_1$

OR Technic ဖြင့်ရေးပါက

$$(X_1 \vee X_2) \wedge (X_1 \vee \overline{X_2}) \wedge (\overline{X_1} \vee \overline{X_2}) = Y_1$$

သို့မဟုတ်

$$(X_1 + X_2) . (X_1 + \overline{X_2}) . (\overline{X_1} + \overline{X_2}) = Y_1$$

ထို equation ၂ခုတွင် AND Technic ဖြင့် ရေးသော ညီမျှခြင်းမှာ တိုသဖြင့် ၄င်းကို ယူပေသည်။

AND / OR / NOT Technic အရ

$X_1 \vee \overline{X_2} = Y$ ကို Logic Gate ပုံစံဖြင့် ရေးသော်



NOR Technic



NAND Technic



ဥပမာ (၂) Pneumati System တခုတွင် အသုံးပြုမည့် Printed Circuit Boart တခုကို တည်ဆောက်လိုသည်။ ၎င်း Pneumati System ၏ Cylinder သည် ပစ္စည်းတစ်ခုကို ဖိရမည်ဖြစ်ပြီး ၎င်းဖိရန်အတွက် ခလုပ် ၂ခုကို လက်နှစ်ဘက်စလုံးဖြင့် ဖိနှိပ်ရန်လိုအပ်ပြီး ၎င်းအဖိခံရမည့် ပစ္စည်းသည်လည်း နေသားတကျဖြစ်ရမည် ရှိရမည်ဖြစ်ပြီး၊ အခြားမလိုအပ်သည့် အနှောင့်အယှက်ပစ္စည်းများ ဝင်ရောက်နေခြင်း မရှိရပေ။

Pneumatic Power Circuit



Electrical Control Circuit



S1	=	Push Button (1)
S_2	=	Push Button (2)
S_3	=	Work Piece
S_4	=	Foreiun material

S_1	S_2	S_3	S_4	Y_1
0	0	0	0	0
1	0	0	0	0
0	1	0	0	0
1	1	0	0	0
0	0	1	0	0
1	0	1	0	0
0	1	1	0	0
1	1	1	0	1
0	0	0	0	0
1	0	0	0	0
0	1	0	0	0
1	1	0	0	0
0	0	1	0	0
1	0	1	0	0
0	1	1	0	0
1	1	1	0	0

$\leftarrow \; S_1 \wedge S_2 \wedge S_3 \wedge S_4 = Y_1$

=



∴ **Logic Circuit**



ဥပမာ (၃) **Chain Over Switch**

လျှပ်စစ်ဆက်သွယ်မှုတွင် Chain Over Switch ကို သုံး၍ နေရာနှစ်ခုမှနေ၍ မီးသီးတစ်လုံးကို ဖွင့်ပိတ်ကြသည်။ ၄င်း Chain Over Switch အလုပ်လုပ်ပုံအတိုင်း Electronic Circuit ဖြင့် Circuit တစ်ခု တပ်ဆင်မည်ဖြစ်သည်။ ၄င်းအတွက် Electronic Circuit တစ်ခုတည်ဆောက်ပေးပါ။

Chain Over Switch အတွက်

Input Signal 1 = S_1

Input Signal 2 = S_2



၄င်းအလုပ်လုပ်ပုံမှာ

And Technic

S_1	S_2	Y_1
0	0	0
1	0	1
0	1	1
1	1	0

$Y = S_1 \wedge \overline{S_2}$

$Y = \overline{S_1} \wedge S_2$

$$Y = (S_1 \wedge \overline{S_2}) \vee (\overline{S_1} \wedge S_2)$$

OR Technic

S_1	S_2	Y_1
0	0	0
1	0	1
0	1	1
1	1	0

$Y = S_1 \vee S_2$

$Y = \overline{S_1} \vee \overline{S_2}$

$$Y_1 = (S_1 \vee S_2) \wedge (\overline{S_1} \vee \overline{S_2})$$

∴ Logic မှာ





ဥပမာ (၄) အိမ်သုံးသော့တစ်ခုတွင် K, R, A, U, S, E ဟူသော နံပါတ် ၆ ခု ပါဝင်သည်။ ၄င်း နံပါတ် ၆ခုတွင် လျှို့ဝှက်ထားသော နံပါတ် (၃)ခုကို တပြိုင်တည်းနှိမ့်မှသာ ၄င်းအိမ်သော့ပွင့်နိုင်ရန် စီစဉ်ထားသည်။ ၄င်းကို Logic Gate ဖြင့် တည်ဆောက်ပေးပါ။

Input အရေအတွက် - 6 No., K, R, A , U , S , E

∴ အလှည့်မှန်ဇယားမှာ

K	R	A	U	S	E	Y	K	R	A	U	S	E	Y
0	0	0	0	0	0	0	0	0	0	0	0	1	0
1	0	0	0	0	0	0	1	0	0	0	0	1	0
0	1	0	0	0	0	0	0	1	0	0	0	1	0
1	1	0	0	0	0	0	1	1	0	0	0	1	0
0	0	1	0	0	0	0	0	0	1	0	0	1	0
1	0	1	0	0	0	0	1	0	1	0	0	1	0
0	1	1	0	0	0	0	0	1	1	0	0	1	0
1	1	1	0	0	0	0	1	1	1	0	0	1	0
0	0	0	1	0	0	0	0	0	0	1	0	1	0
1	0	0	1	0	0	0	1	0	0	1	0	1	0
0	1	0	1	0	0	0	0	1	0	1	0	1	0
1	1	0	1	0	0	0	1	1	0	1	0	1	0
0	0	1	1	0	0	0	0	0	1	1	0	1	0
1	0	1	1	0	0	0	1	0	1	1	0	1	0
0	1	1	1	0	0	0	0	1	1	1	0	1	0
1	1	1	1	0	0	0	1	1	1	1	0	1	0
0	0	0	0	1	0	0	0	0	0	0	1	1	0
1	0	0	0	1	0	0	1	0	0	0	1	1	0
0	1	0	0	1	0	0	0	1	0	0	1	1	0
1	1	0	0	1	0	0	1	1	0	0	1	1	0
0	0	1	0	1	0	0	0	0	1	0	1	1	0
1	0	1	0	1	0	0	1	0	1	0	1	1	0
0	1	1	0	1	0	0	0	1	1	0	1	1	0
1	1	1	0	1	0	0	1	1	1	0	1	1	0
0	0	0	1	1	0	0	0	0	0	1	1	1	0
1	0	0	1	1	0	0	1	0	0	1	1	1	0
0	1	0	1	1	0	1	0	1	0	1	1	1	1
1	1	0	1	1	0	0	1	1	0	1	1	1	0
0	0	1	1	1	0	0	0	0	1	1	1	1	0
1	0	1	1	1	0	0	1	0	1	1	1	1	0
0	1	1	1	1	0	0	0	1	1	1	1	1	0
1	1	1	1	1	0	0	1	1	1	1	1	1	0

Logic equation = $\overline{K} \wedge R \wedge \overline{A} \wedge U \wedge S \wedge \overline{E} = Y$

Logic Circuit



ဥပမာ (၅) လူ ၄ ဦးရှိသော မိသားစုတွင် အိမ်၌ TV ကြည့်ရန်နှင့် Radio နားထောင်ရန် သဘောတူညီမှုအစီအစဉ်တစ်ခုပြုလုပ်ထားသည်။ အနည်းဆုံး လူ သုံးဦးကသာ သဘောတူ ရွေးချယ်မှသာ **Radio** နားထောင်နေရာမှ TV သို့ ပြောင်းလဲဖွင့်ကြည့်နိုင်သည်။ သုံးဦးထက်နဲသော အရည်အတွက်က TV ကြည့်လိုပါက ခွင့်ပြုမည်မဟုတ်ပေ။ ထို့အတွက် Electronic System တစ်ခုတည်ဆောက်ပေးပါ။



အလှည့်မှန်ဇယား

	A	B	C	D	Z
1	0	0	0	0	0
2	1	0	0	0	0
3	0	1	0	0	0
4	1	1	0	0	0
5	0	0	1	0	0
6	1	0	1	0	0
7	0	1	1	0	0
8	1	1	1	0	1

	A	B	C	D	Z
9	0	0	0	1	0
10	1	0	0	1	0
11	0	1	0	1	0
12	1	1	0	1	1
13	0	0	1	1	0
14	1	0	1	1	1
15	0	1	1	1	1
16	1	1	1	1	1

And Technic အရေအတွက်နည်းသဖြင့်

Logic Equation

$(A \wedge B \wedge C \wedge \overline{D}) \vee (A \wedge B \wedge \overline{C} \wedge D) \vee (A \wedge \overline{B} \wedge C \wedge D) \vee (\overline{A} \wedge B \wedge C \wedge D)$
$\vee (A \wedge B \wedge C \wedge D) = Z$

Logic Gate



GATE MINIMIZATION

Logic Gate များကို Design ပြုလုပ်ရာတွင် အထက်တွင်ဖေါ်ပြထားသည့်အတိုင်း အလှည့်မှန် ဇယားမှ တိုက်ရိုက် AND Technic နှင့် OR Technic များသို့ ပြောင်းယူရာတွင် လွယ်ကူ၍ အမှားအယွင်း ကင်းပေသည်။ သို့သော် Logic Gate အရေအတွက်များ လိုသည်ထက်ပိုနေတတ်သည်။

Truth Table

c	b	a	X
0	0	0	1
0	0	1	1
0	1	0	0
0	1	1	1
1	0	0	1
1	1	0	0
1	1	1	1

And Technic

$$X = (\overline{a} \wedge \overline{b} \wedge \overline{c}) \vee (a \wedge \overline{b} \wedge \overline{c}) \vee (a \wedge b \wedge \overline{c}) \vee (\overline{a} \wedge \overline{b} \wedge c) \vee (a \wedge b \wedge c)$$

Or Technic

$$X = (a \vee \overline{b} \vee c) \wedge (a \vee \overline{b} \vee \overline{c})$$

အထက်ပါ Truth Table မှ ရရှိသော equation ကို Logic ပုံစံသို့ ပြောင်းပါက Logic Gate အတွဲ အလွန်ကြီးမားပေမည်။ ၎င်းကို minimization ပြုလုပ်လိုက်ပါက

$X = a \vee \overline{b}$ သာ ရရှိမည်။ ၎င်း equation နှင့် အထက် ရရှိခဲ့သော equation များမှာ သဘောတရား ခြင်း အတူတူပင်ဖြစ်သည်။

၎င်း Gate Minimize ပြုလုပ်နည်း ၂နည်းရှိသည်။ တစ်ခုမှာ Boolean Agebra ဖြင့် တွက်ယူ၍ ၎င်း၊ Karnaugh map ဖြင့်၎င်း ပြုလုပ်တွက်ချက်ရယူနိုင်သည်။

Boolean Agebra

Conjuction

$0 \wedge 0 = 0$

$0 \wedge 1 = 0$

$1 \wedge 0 = 0$

$1 \wedge 1 = 1$



Disjuction

$0 \vee 0 = 0$

$1 \vee 0 = 1$

$0 \vee 1 = 1$

$1 \vee 1 = 1$



Negation

$\overline{0} = 1$

$\overline{1} = 0$



AND Function for constant with one variable

$0 \wedge A = 0$



$1 \wedge A = A$



$A \wedge A = A$



$\overline{A} \wedge A = 0$



OR Function for constant with one variable

$0 \vee A = A$



$1 \vee A = 1$



$A \vee A = A$



$\overline{A} \vee A = 1$



Double Negation

$\overline{\overline{0}} = 0$



$\overline{\overline{1}} = 1$



$\overline{\overline{A}} = A$



Commutative Law

$$A \wedge B \wedge C = A \wedge C \wedge B$$
$$= B \wedge A \wedge C$$
$$= B \wedge C \wedge A$$
$$= C \wedge A \wedge B$$
$$= C \wedge B \wedge A$$

$$A \vee B \vee C = A \vee C \vee B$$
$$= B \vee A \vee C$$
$$= B \vee C \vee A$$
$$= C \vee A \vee B$$
$$= C \vee B \vee A$$

Associative Laws

$$A \wedge B \wedge C = [A \wedge B] \wedge C$$
$$= [A \wedge C] \wedge B$$
$$= [B \wedge C] \wedge A$$

$$A \vee B \vee C = [A \vee B] \vee C$$
$$= [A \vee C] \vee B$$
$$= [B \vee C] \vee A$$

Distribution Law

$$A \wedge B \vee C = (A \wedge B) \vee (A \wedge C)$$
$$A \wedge B \vee C = (A \vee B) \wedge (A \vee C)$$

De - Morgen - Theorem

$$A \wedge (B \wedge C) = \overline{\overline{A} \vee \overline{B} \vee \overline{C}} \qquad \because \quad \overline{A \wedge B \wedge C} = \overline{A} \vee \overline{B} \vee \overline{C}$$

$$A \vee (B \wedge C) = \overline{\overline{A} \wedge \overline{B} \wedge \overline{C}} \qquad \overline{A \vee B \vee C} = \overline{A} \wedge \overline{B} \vee \overline{C}$$

$$A \vee (A \wedge B) = A$$
$$A \wedge (A \vee B) = A$$
လှိုင်းပြည့်၊ အချိန်ပြည့်၊ လျှပ်ကူးသည့်လျှပ်စီးပြင်မျိုးကို လှိုင်းပြည့်လျှပ်စီးပြင်ဟုခေါ်သည်။ ပုံတွင်လှိုင်းပြည့် လျှပ်စီးပြင် တခု၏ ပတ်လမ်းကို ဖော်ပြထားသည်။ ၎င်းပတ်လမ်းတွင် ဗဟိုငုတ်ပါသော (Center -tap-transformer) ကိုသုံးထားသည်။ ဒိုင်အုပ် D_1 ၏ အဲ့နုတ်သည် Transformer ၏အလယ်ငုတ်ထက်အပေါင်း ပိုတင်ရှယ် ဖြစ်ချိန်တွင် D_2 ၏အဲနုတ်သည် ဗဟိုငုတ်ထက်အနုတ်ပိုတင်ရှယ်ဖြစ် နေသည်။ ဗဟိုငုတ်သည် ဒိုင်အုတ် နှစ်ခုစလုံး၏ကတ်သုတ်နှင့်ဆက်ထားသည်။ ထို့ကြောင့်ပထမလှိုင်းဝက်အချိန်တွင် D_1 ၏အဲနုတ် သည် ဗဟိုငုတ် နှင့် ဆက်ထားသည့် ကက်သုတ်ထက်စာလျှင် အပေါင်းပိုတင်ရှယ်ရှိနေပြီး၊ D_2 ၏ အဲနုတ်သည် ဗဟိုငုတ်နှင့် ဆက်ထားသော ကက်သုတ်ထက် အနုတ်ပိုတင်ရှယ်ဆောင်နေမည်။



ထို့ကြောင့် D_1 သည် အလုပ်လုပ်ပြီး D_2 သည် အလုပ်မလုပ်ဘဲနေမည်။ ဒုတိယလှိုင်းဝက်အချိန်တွင် D_1 နှင့် D_2 တို့၏ ပိုတင်ရှယ်သည် ပထမလှိုင်းဝက်အချိန်နှင့်ပြောင်းပြန်ဖြစ်သွားသဖြင့် D_1 သည်အလုပ်မလုပ်ဘဲ D_2 သည်အလုပ်လုပ်မည်။

ဝန်လျှပ်ခံထဲသို့စီးသည့် လျှပ်စီးကြောင်းဦးတည်ဘက်တို့မှာ တူညီနေသည့်အတွက်လှိုင်းပြည့်တခုတွင် $1_1 + 1_2$ လျှပ်စီးကြောင်းစီးသွားမည်ဖြစ်သည်။

Bridge Rectifire



လှိုင်းပြည့် Rectifire ပတ်လမ်းတွင်ဗဟိုထုတ်ပါသော Transformer ကိုသုံးမှ သာဒိုင်အုတ်အလုပ်လုပ်သည် ကိုတွေ့ပြီးဖြစ်သည်။ ဗဟိုထုတ်မပါသော Transformer အသုံးပြုပြီးလှိုင်းပြည့်လျှပ်စီးပြင်အဖြစ်အသုံးပြုရန်အတွက် Bridge Rectifire လျှပ်စီးပတ်လမ်းများကို အသုံးပြုသည်။ Transformer ၏တဆင့်ခံခွေ၏အပေါ်စွန်းသည်အပေါင်းပိုတင်ရှယ်ဖြစ်နေချိန် ပထမလှိုင်းဝက်၌ ဒိုင်အုတ် D_2 သည်လျှပ်စစ်စီးကူးပြီးလျှပ်ခံ R_2 အတွင်း လျှပ်စီးကြောင်းစီး မည်ဖြစ်သည်။

ထိုအတိုင်းပင် D_3လည်း လျှပ်စီးကြောင်းစီးမည်။ ထိုအတူအပေါ်စွန်းအနုတ်ပိုတင်ရှယ်ဖြစ်သည့် ဒုတိယလှိုင်းစက်အချိန်တွင် ဒိုင်အုတ် D_4နှင့် D_1တို့သည် လျှပ်ကူးပြီးလျှပ်စီးကြောင်းကို R_L လျှပ်ခံထဲသို့စီးစေသည်။ R_L အတွင်းသို့စီးသည့် လျှပ်စီးကြောင်းနှစ်ခုစလုံး၏ ဦးတည်ဘက်သည်တူညီသည်။

R_Lတွင်ဖြစ်ပေါ်သော ဗို့အားသည် Transformer ၏ တဆင့်ခံအခွေ၏ ဗို့အားထဲမှ ဒိုင်အုတ်နှစ်ခုတွင် ဖြစ်ပေါ်သော ဗို့အားကိုနုတ်၍ ကျန်သောဗို့အားပင်ဖြစ်သည်။

Filter



L ပုံ လှိုင်းရွေးစက်



π ပုံ လှိုင်းရွေးစက်

Rectifire ပတ်လမ်းများမှ ထွက်လာသော ဗို့အားများတွင် DC တန်ဖိုးသက်သက်မဟုတ်ဘဲပြန်လှန် AC ဗို့အားအစိတ်အပိုင်းများပေါင်းစပ်ပါဝင်လျက်ရှိသည်။ ထို့ကြောင့်အထွက်ဗို့အားကိုတပ်နိုင်သရွေ့ DC ဗို့အားဖြစ် သာကျန်စေရန် လှိုင်းရွေးစစ် Filter များကို တပ်ဆင်အသုံးပြုကြသည်။

လှိုင်းရွေးစစ်များတွင် L ပုံလှိုင်းရွေးစစ်နှင့် π ပုံလှိုင်းရွေးစစ်ဟု နှစ်မျိုးရှိသည်။Rectifire

မှအထွက်တွင်လျပ်ညှိ နှင့် လျှပ်သိုတို့ကို L ပုံသဏ္ဍာန်နှင့် π ပုံသဏ္ဍာန်ပုံတွင် ပြထားသည့် အတိုင်းတပ်ဆင်ကြသည်။

Rectifire ၏ အထွက်စီးကြောင်းတွင် AC အစိပ်အပိုင်းများပါလာသဖြင့် ပြောင်းလဲနေသော AC အစိတ်အပိုင်းများကို လျပ်ညှိ အတွင်းဖြတ်စီးစေသောအခါ လျှပ်စီးကြောင်းပြောင်းလဲမှုကို ဆန့်ကျင်လေသည်။ ထိုနောက်ကျန်သော AC အစိတ်အပိုင်း ကို လျပ်သိုအတွင်းစီးစေခြင်းဖြင့် DC စီးကြောင်းသာဝန်လျပ်ခံ RL အတွင်းစီးဝင်ပေမည်။

Zener Diode

P. N Junction Diode ကို Reverse Bias Volt ပေးသောအခါ ပြောင်းပြန်လျှပ်စီးကြောင်း (Reverse Current) ၏တန်ဖိုးသည်အလွန်ငယ်လေသည်။ သို့သော်၎င်း Reverse Bias Volt တန်ဖိုးကိုတဖြေးဖြေးတိုးပေးရင်းတန်ဖိုး တခုသို့ ရောက်သောအခါ Reverse Current တန်ဖိုးသည်ရုတ်တရက်ပြောင်းပြီးတိုးစီးသွားလေသည်။

ထိုအချိန်တွင် ဒိုင်အုတ်အတွင်းသို့ စီးသွားနေသောပြောင်းပြန်စီးကြောင်း၏ တန်ဖိုးသည် ပြောင်းလဲနေနိုင်သော်လည်း ဒိုင်အုတ်တွင်ဖြစ်ပေါ်နေသော Volt အားတန်ဖိုးသည် မူသေဖြစ်ပြီးမပြောင်းလဲတော့ပေ။

ထိုကဲ့သို့ ဒိုင်အုတ်၏ပြောင်းပြန်သဘာဝကို အထွက်ဗို့အားမူသေဖြစ်နေအောင် ထိမ်းရန်အတွက်အသုံးချလေ သည်။ ၎င်း၏ပြိုပျက်ခြင်း Volt အားသို့မဟုတ် ဇီနာ Volt အားသည် 2Volt မှ 200 Volt - 300 Volt အထိရှိသော ဇီးနာဒိုင်အုတ် အမျိုးမျိုးရှိလေသည်။ ၎င်းဇီးနာဒိုင်အုတ်အတွင်း စီးဝင်သွားသောလျှပ်စီးကြောင်တန်ဖိုးသည် လည်း Milli ampere မှ Ampere များစွာခံနိုင်သည်အထိအမျိုး မျိုးရှိလေသည်။

Voltage Regulator

လက်တွေ့တွင် Rectifire မှ အထွက် Volt အားသည် Transformer ၏ တဆင့်ခံခွေတွင် စီးသောလျှပ်စီးကြောင်းအပေါ်တွင်အနည်းနှင့်အများမူတည်နေသည်။ ထိုကြောင့်အထွက် Volt အားမပြောင်းလဲပဲမူသေ

ဖြစ်ရန် Volt အား ထိန်းကိရိယာများကိုလျှပ်စီး ပြင်လိုင်းရွေးစစ်တို့နှင့် တွဲဖက်အသုံးပြုကြလေသည်။

ပိုတွင် Volt အား V သည် Rectifire အထွက်တွင်ရှိသော Volt အားဖြစ်ပြီး V ၏ တန်ဖိုးသည် ဇီးနာဒိုင်အုတ် ၏ ပြိုပျက်ခြင်း Reverse Current အားထက်ကြီးလေသည်။ ဒိုင်အုတ်အတွင်းသို့ စီးဝင်သွားမည့်လျှပ်စီးကြောင်း တန်ဖိုးကို Rs က သတ်မှတ်ပေးသည်။ Rs တွင်ရှိသော Volt အားနှင့်ဒိုင်အုတ်၏ ပြိုပျက်ခြင်းဗို့အားတို့ ပေါင်းခြင်းသည် V နှင့်တူညီလေ သည်။ R_L အတွင်းစီးကြောင်းတိုးလာလျှင်ဒိုင်အုတ်၏ စီးကြောင်းလျော့သွားပေမည်။ ထိုအတွက် Volt အားသည် အမြဲမှသေဖြစ်ပြီးမပြောင်းလဲပေ။

Rs ၏အနည်းဆုံးတန်ဖိုးကိုတွက်ရန်အတွပ် ဒိုင်အုတ်၏ အများဆုံးခံနိုင်သောလျှပ်စီးကြောင်း I_M ကို သိရပေ မည်။

$$R_S = V / I_M$$

IC သုံး voltage regulator



Voltage Regulator



Junction Transistors

Junction Transistors တခုဖြစ်ရန်အတွက် PN ဆုံဆက်နှစ်ခုနှင့် ပေါင်းစပ်ပြုလုပ်ထားသည်။ ၎င်းဆုံဆက်များ မှာပုံဆောင်ခဲတခုအတွင်းအတွင်ပင်ဖြစ်နိုင်ပြီး ဘုံအပိုင်း၏ လျှပ်ကူမှု အမျိုးအစားပေါ်မူတည်၍ **PNP** နှင့် **NPN** ဟူ၍အမျိုးအစားခွဲခြားနိုင်သည်။

Junction Transistor



အမျိုးအစားနှစ်မျိုးလုံး၏ အလုပ်လုပ်ပုံမှာပုံတွင် ပြထားသည့်အတိုင်း ဘက်လုက်ပိုတင်ရှယ်ဗို့စွန်းပြောင်းပြန်လုပ်ထားသည်မှ လွဲ၍အတူတူပင်ဖြစ်သည်။

ဆုံဆက်ထရန်စစ်စတာ(**Junction Transistor**) တခု၏ အလုပ်လုပ်ပုံကို **PN** ဆုံဆက်တို့၏ ဂုဏ် သတ္တိအတိုင်းရှင်းပြနိုင်လေသည်။ ထရန်စစ်စတာတခုအလုပ်လုပ်ရန်အတွက် **Emitter Junction** ကိုရှေ့ညွှန်း ဘက်လိုက်ဗို့အားပေး ထားပြီးကျန်ဆုံဆက်ဖြစ်သည့် **Collector Junction** ကိုပြောင်းပြန် ဘက်လိုက်ဗို့ အားပေးရန်လိုအပ်လေသည်။

ထရန်စစ်စကာအတွင်းမှစီးသည့်လျှပ်စီးသည် **N** အမျိုးအစားရှိပိုနေသော အီလက်ထရွန်များကြောင့် ၎င်း **P** အမျိုးအစားတွင်းရှိ အီလက်ထရွန်မဲ့ကွက်များကြောင့် ၎င်းဖြစ်ပေါ်ကြသည်။



ပုံတွင်ပြထားသည့်အတိုင်း Emitter Junction ကိုရှေ့ ညွှန်းဘက်လိုက်ဗို့အားပေးသည့်အတွက် ခုခံမှု့အားနည်းပြီး Collector junction သည်ပြောင်းပြန် ဘက်လိုက်ဗို့အားပေးထားသဖြင့် ခုခံအားပိုကြီးလေသည်။ ဆိုဆက်နှစ်ခုကို ဖြတ်စီးသော လျှပ်စီးသည် တူညီလုနီးပါး ပင်ဖြစ်သဖြင့်Collector junction သည် ခုခံမှုအားပိုများ သဖြင့် Powerတိုးပြီး ဖြစ်ပေါ်စေပေသည်။ ထို့ကြောင့်ထရန်စစ်စတာများကို စွမ်းအားချဲ့စက်များ အဖြစ်အသုံးပြုလေသည်။

ပုံတွင် PNP နှင့် PNP ထရန်စစ်စတာတို့၏ အခြေခံပတ်လမ်းပုံများကိုပြထားသည်။ R_B ကိုအတိုးလျှော့ပြုလုပ်ခြင်းဖြင့် I_B ၏ တန်ဖိုးအနည်းအများကို ချိန်ဆနိုင်သည်။ I_B ၏တန်ဖိုးတိုးပေးလျှင် I_C၏ တန်ဖိုး သည်လည်း တိုးလာသည်ကိုတွေ့ရသည်။ I_B ကြောင့် I_C တိုးလာသည့် တိုးပွားဆကို Base Collector Current Gain B သို့မဟုတ် hfe ဟုခေါ်၍၎င်း၏တန်းဖိုး သည် 20 မှ 100 ကြားတွင်ရှိလေသည်။



$$H_{fe}(B) = \frac{I_C}{I_B}$$

$$I_E = I_C + I_B$$

(က)



(ခ)

Automation and Control ဘာသာရပ်တွင် Transistor များကို Switching အဖြစ်အသုံးပြုကြပြီး Bare Current (Voltage) အနည်းငယ်အပြောင်းအလည်းပြုလုပ်ရုံနှင့် Collector တွင် Relay များ၊ Power Trasistor များကိုပြန်လည်မောင်းနှင်းပေးနိုင်လေသည်။

အထက်ပါပုံ (က) နှင့် (ခ) သည် Transistor တလုံးအသုံးပြုသည့်ပတ်လမ်းပုံများဖြစ်သည်။ (ဂ)သည် NPN Transistor အတွက် Standart ပတ်လမ်းပုံဖြစ်သည်။

Transistor များ၏ Emitter, Collerctor နှင့် Base များသို့ပေးရသော Voltage ကို အလုပ်လုပ်မည့် လုပ်ငန်းအခြေအနေပေါ်မူတည်၍ ပေးကြသည်။ Switching အတွက်ဆိုပါက Transistor ၏ Collector Current လိုအပ်ချက်မှနေ၍ ဖော်ပြပါပုံသေနည်းများအသုံးပြု၍ တွက်ယူရသည်။



$$I_E = I_C + I_B$$

$$V_{CE} = V_{BE} + V_{CB}$$

$$I_q = 3I_B \text{ to } 5I_B$$

တက်ထရုဒ်လျှပ်ခေါင်းထရန်စစ္စတာ (TETRODE TRANSISTOR)

ချဲ့စက်များတွင်ဖြစ်ပေါ်သော ကန့်သက်ချက်တခုမှာ ထရန်စစ်စတာ၏ လျှပ်ခေါင်းများ(သို့မဟုတ်) ငုတ်များ အကြားတွင်ဖြစ်ပေါ်လာသည့် လျှပ်သိုသတ္တိများဖြစ်သည်။ Baseနှင့် Emitter, Base နှင့် Collector တို့ အကြားရှိအကွာအဝေးများသည် အလွန်နီးကပ်သဖြင့် မြင့်သောကြိမ်နှုန်းတွင်အချက်ပြကျဆင်းသွားမှု (Signal - attenuator) သည်ထရန်စစ်စတာတွင် အလွန်သိသာ ထင်ရှားသည်။



Base နှင့်Emitterအကြား၌ဖြစ်ပေါ်သော လျှပ်သိုသတ္တိ C_{BE} သည် အသွင်းအချက်ပြ ဟုလည်းကောင်း၊ Base နှင့် Collector များအကြား၌ဖြစ်ပေါ်သော လျှပ်သိုသတ္တိ C_{BC} သည် အထွက်အချက် ပြကိုလည်းကောင်း လမ်းခွဲပေးသကဲ့သို့ဖြစ်နေသည်။

ယင်းဖြစ်ပေါ်သော C_{BE} နှင့် C_{BC} တို့ကို လျော့ကျစေရန် ထရန်စစ်စတာရှိ လျှပ်ခေါင်းများ၏ ဧရိယာကို လျော့ပေးရမည်ဖြစ်သည်။ ရုပ်ပိုင်းဧရိယာ Physical area ကိုလျော့ချရာ၌ ကန့်သတ်ချက်များရှိနေသဖြင့် အကျိုးပြုဧရိယာ(Emitter Area)ကိုလျော့ချရန် စီစဉ်ရာမှ စတုလျှပ်ခေါင်း ထရန်စစ်စတာပေါ်ပေါက်လာရလေသည်။ ရိုးရိုးထရန်စစ်စတာတွင် လျှပ်ခေါင်းသုံးခုသာ ပါသော်လည်း စတုလျှပ်ခေါင်း ထရန်စစ်စတာတွင် Base လျှပ်ခေါင်း တစ်ခုပိုလာသဖြင့် လျှပ်ခေါင်း လေးခုဖြစ်လာသည်။



သင်္ကေတ・

ပုံတွင်ပြထားသည့်အတိုင်း Base1 နှင့် Base2 အကြား ဗို့အားတစ်ရပ် U_{BIB2} ပေးခြင်းသာ ထူးခြားမှုရှိပြီး ကျန်ဆက်သွယ် မှုများမှာ ရိုးရိုး ထရန်စစ်စတာများအတိုင်းပင်ဖြစ်သည်။ သို့ဖြစ်၍ U_{BIB2} မရှိသည့် အခါ ယင်းထရန်စစ်စတာသည် ရိုးရိုး NPN ထရန်စစ်စတာကဲ့သို့ပင်အလုပ်လုပ်သည်။

B_1 သည် B_2 ထက် နှိုင်းယှဉ်လျှင် အပေါင်းဗို့အားရနေပြီး U_{BIB2} သည် U_{BIE} ထက် အတော်အတန် ကြီးသဖြင့် Emitter ဖက် B_1 အနီးရှိ PN အဆက်သည် ရှေ့သို့ ဘက်လိုက်မှုရနေပြီး Emitterဘက် B_2 အနီးရှိ PN အဆက်သည် ပြောင်းပြန်ဘက် ရနေမည် ဖြစ်သည်။

တစ်နည်းအားဖြင့် Emitter မှအီလက်ထရွန်များသည် ရှေ့သို့ ဘက်လိုက်မှု ပေးခြင်းခံရသော B_1အနီးရှိ PN အဆက်နှစ်ခုကို ဖြတ်၍သာ Collector သို့ ရောက်ကြလေသည်။ ဤနည်းဖြင့်ယင်း PN အဆက်နှစ်ခုသည် လျှပ်ခေါင်းများအကြား တွင်ဖြစ်ပေါ်နေသော လျှပ်သိုများ၏ Dialectric ကဲ့သို့ ဖြစ်နေသဖြင့် လျှပ်သိုသတ္တိကို လျော့ချပေးသကဲ့သို့ဖြစ်ပြီး စတုလျှပ်ခေါင်း ထရန်စစ်စတာသည် ရိုးရိုး ထရန်စစ်စတာထက် ပိုမြင့်သော ကြိမ်နှုန်းတွင် အလုပ်လုပ်နိုင်လေသည်။

စပေ့စစ်စတာထရန်စစ်စတာ - (SPASISTOR TRANSISTOR)



အတည်မပြုရသေးသည့် သင်္ကေတ

ထရန်စစ်စတာများတွင်သယ်ဆောင်သူများ Emitter မှ Collector သို့သွားရန်လိုအပ်သောအချိန် သို့မဟုတ် သယ်ဆောင်သူများ Emitter Base အဆက်မှ Base ကိုဖြတ်၍ Collector Base အဆက်ကိုရောက်ရန် လိုအပ်သောအချိန်ကို ထရန်စစ်စတာတလုံး၏ ကူးပြောင်းချိန် (Transit-Time)

ဟုခေါ်သည်။

ကူးပြောင်းချိန်သည်တိကျသောချိန်တာတခုဖြစ်သည်။ အကယ်၍ကူးပြောင်းချိန်သည် အသွင်းအချက်ပြ ကြိမ်နှုန်းတပတ်(one cycle)အတွက်လိုအပ်သည့် အချိန်ထက်ပို၍ ရှည်ကြာလျှင် အထွက်ချက်ပြတွင် လှိုင်း တပ်ခြင်းနှင့်ပုံပျက်ခြင်းများဖြစ်ပေါ်မည်။

ထရန်စစ်စတာများတွင် အသုံးပြုသော Volt အားသည် အလွန်ငယ်သဖြင့် Base တွင်ဖြစ်ပေါ်သော လျှပ်စစ်စက်ကွင်းမှာ အလွန်သေးငယ်ကာ သယ်ဆောင်သူများကို အနည်းငယ်အရှိန်ပေးနိုင်သဖြင့် ၎င်းသယ်ဆောင်သူ များသည် Base ကိုဖြတ်သွားသည့်အခါဆန့်ကျင်ဘက် သယ်ဆောင်သူများ၏ ဟန့်တားမှု ဖြင့်ရင်ဆိုင်ရသဖြင့် ကူးပြောင်း ချိန်လျော့ချနိုင်သည်။

Base နယ်ကိုအလွန်အကျဉ်းအောင်ပြုလုပ်ခြင်းဖြင့် ၎င်းသယ်ဆောင်သူများဖြတ်၍ ပြန့်ရောရန် Base မရှိသည့် ထရန်စစ်စတာကိုတည်ဆောက်ခြင်းဖြင့်၎င်းကူးပြောင်းချိန်ကို လျော့ချနိုင်လေသည်။ ဤသို့ဖြင့်ကူးပြောင်း ချိန်လျော့ချမှု ပြုလုပ်ထားသည့် Spasic ထရန်စစ်စတာများပေါ်ပေါက်လာရသည်။

ပုံတွင်စပေ့စစ်ထရန်စစ်စတာ တည်ဆောက်ပုံနှင့် အလုပ်လုပ်စေရန် ပတ်လမ်းဆက်သွယ်ပုံတို့ကို ဖော်ပြ ထားသည်။ စပေ့စစ်ထရန်စစ်စတာသည် PN အဆက်ဒွိလျှပ်ခေါင်းတခုသာဖြစ်သည်။ N နယ်သည်Collector ဖြစ်ကာ P နယ်သည် Base ဖြစ်ပြီးUcc ဖြင့်ပြောင်းပြန်ဘက်လိုက်မှုပေးထားသည်။ P နယ်ကို N ထက်ပို၍ အပင်းသွင်းထားခြင်းကြောင့် ကုန်ခန်းနယ်အကျယ်သည် N နယ်ဘက်ထက်ပိုများသည်။ ကုန်ခမ်းနယ်တခုလုံး၏ အကျယ်သည်အလွန် ငယ်ပြီး Ucc ၏ ပမာဏသည်ကြီးသည့် အတွက်ကုန်ခန်းနယ် ကိုဖြတ်၍ ဖြစ်ပေါ်နေသော ထရန်စစ်စတာစက်ကွင်းသည် အလွန်ပြင်းသည်။

စပေ့စစ်ထရန်စစ်စတာ၏ဘေး PN အဆက်၏အထက်နာ နယ်အတွင်းရှိ N ကုန်ခမ်းနယ်ထဲ Injector ဟုသင်္ကေတသည့် အဆက်ငုတ်တစ်ခုရှိသည်။ Ucc သည် U_{11} ထက် အတော်အတန်ကြီးသည့် အတွက် Injector မှဝင်လာသော အီလက်ထရွန်များသည် မျဉ်းပြတ်ဖြင့် ပြထားသည့် လမ်းကြောင်းအတိုင်း ကုန်ခမ်းနယ်ကိုဖြတ်၍ Collector သို့သွားသည်။

R_1 တွင်ဖြစ်ပေါ်သော Volt အားသည် အတွက်အချက်ပြဖြစ်ပြီးCollector လျှပ်စီး၏ပမာဏသည်

U_{MM} နှင့် U_{11} နှင့်အကြားခြားနား သည့် ဗို့အားနှင့် အချိုးတူသည်။ Modulatorဟုသက်မှတ်သည့် အဆက်ငုတ်သည် Injector အထက်နားကုန်ခမ်းနယ်အတွင်း၌ထည့်ထားသည့် P နယ်အငယ်တခုနှင့် ဆက်သွယ်ထားသည်။ သို့ဖြစ်၍ Modulator နှင့်Collector အကြား PN အဆက်တခုဖြစ်ပေါ်လာသည်။

အဆိုပါ PN အဆက်ငယ်ကိုဗို့အား U_{MM} ပေးထား၍ U_{MM} သည် U_{CC} ထက်ငယ်သည့်အတွက် ပြောင်းပြန် ဘက်လိုက်မှုပေးထား သဲ့သို့ဖြစ်နေသည်။ Modulator နှင့် Injectorအကြားဒုတိယလျှပ်စစ်စက်ကွင်းဖြစ် ပေါ်လာပြီး ယင်စက်ကွင်းသည် Injector နှင့် Collector သို့ Electron စီးမှုအပေါ်အကျိုး သက်ရောက်မှုရှိသည်။

Modulator သည်ပို၍ အပေါင်းဗို့အားဖြစ်လာလျှင် Injector နှင့် Collector အကြားစီးနေသည့် လျှပ်စီးမြင့်တက်လာပြီး အတွက်အချက်ပြ ဗို့အားမြင့်တက်မည်။ အပေါင်းဗို့အားလျော့သွားလျှင် လျှပ်စီးလျော့ကျပြီးအတွက်အချက်ပြဗို့အားလျော့ကျမည်။ Modulator ၏ဗို့အား ပြောင်းစေရန်အတွက် အသွင်းအချက်ပြကိုသက်ရောက်ပေးရမည်။

အပေါင်းတွင်းများမရှိသည့် ကုန်ခမ်းနယ်ကိုဖြတ်သွားရခြင်း အလွန်ပြင်းထန်သော လျှပ်စစ် စက်ကွင်း အတွင်း ဖြတ်သွားရခြင်းတို့ကြောင်း Injector မှ Collector သို့ အီလက်ထရွန်များသွားရသည့် ကူပြောင်းချိန် သည် အလွန်ငယ်သည်။

Modulator နှင့်Injector တို့၏ ဧရိယာများ အလွန်ငယ်သည့်အတွက် လျှပ်သိုသတ္တိသည် အလွန်ငယ်သည်။ အလားတူပင် ကုန်ခမ်း နယ်ကြောင့် Collector နှင့် Base အကြားရှိ အထွက်လျှပ်သို သတ္တိသည် လည်းအလွန်ငယ်သည်။

သို့ဖြစ်၍ ငယ်သော ကူးပြောင်းချိန် ငယ်သောအသွင်နှင့် အထွက်လျှပ်သိုသတ္တိရှိခြင်းကြောင့် စပေ့စစ်ထရန် စစ်စတာသည် မြင့်သောကြိမ်နှုန်း သုံးရသည့် ကိစ္စများနှင့် အလွန်သင့်သော်လေသည်။

အဆက်တစ်ခုထရန်စစ်စတာ(Unijunction Transistor UJT)



ပုံတွင် UJT တခု၏ တည်ဆောက်ပုံအကျိုးတူ ပတ်လမ်းနှင့် သင်္ကေတတို့ကို ဖော်ပြထားသည်။ UJT သည် Base နှစ်ခုပါသော အဆက်ဒိုင်လျှပ်ခေါင်းတစ်မျိုးပင်ဖြစ်သည်။ အဆက်တစ်ခု တည်းသာပါ၍ ယင်းကို အဆက်တစ်ခု ထရန်စစ်စတာဟုခေါ်ခြင်းပင်ဖြစ်သည်။

B_1 နှင့် B_2 ဟု မှတ်သားထားသည့် အဆက်နှစ်ခုကို N အမျိုးအစား ဆီလီကွန် အချောင်း ငယ်တခု၏ အပေါ်ထိပ်နှင့်အောက်ထိပ်တို့တွင် တပ်ဆင်ထားသည့် လက်ခံအမျိုးအစား(Acceptor) တုံးငယ်တခုကို အချောင်း၏ ဘေးတဘက်တွင် သတ္တုရောမှု (Diffusion) ပြုလိုက်သောအခါ B_1 နှင့် B_2 အကြားတွင် P နယ်တခုဖြစ်ပေါ်လာပြီး အဆက်အမျိုးအစားဒိုင်လျှပ်ခေါင်းတခုဖြစ်လာသည်။ P နယ်ကို Emitter ဟုသတ်မှတ်သည်။

B_1 နှင့် B_2 အကြား U_{B2B1} ကိုပေးထားသည် B_2 သည်အပေါင်းဖြစ်ပြီး B_1 သည်အနှုတ်ဖြစ်သည်။ ဆီလီကွန်အချောင်းကို ညီညာစွာအပင်းသွင်းထားသောကြောင့် အချောင်းတလျှောက်မည်သည့်နေရာတွင် မဆိုရှိမည့် ပိုတင်ရှယ်သည် B_2 နှင့် B_1 အကြားတည်နေရာနှင့်လိုက်၍အချိုးကျနေမည်။ တနည်းအားဖြင့်ဆီလီကွန် အချောင်းသည် R_{B1} နှင့် R_{B2} တို့ဖြင့်ဖွဲ့စည်းထားသည့် ဗို့အားခွဲကရိယာကဲ့သို့ အလုပ်လုပ်နေသည်။ Emitterနှင့် ဆီလီကွန်အချောင်းတို့သည် ဒိုင်အုပ်ကဲ့သို့ ဖြစ်နေသည်။

U_{BE1} သည်U_{RB1} ထက်ငယ်ပါက Emitter နှင့် B_1 အကြား PN အဆက်သည်ပြောင်းပြန်ဘက်လိုက်မှုဖြစ်နေပြီး အလွန်သေးငယ်သောပြောင်းပြန်လျှပ်စီးသာ Emitter မှ B_2 သို့စီးနေမည်။

U_{BE1} သည် U_{RB1} ထက်ကြီးပါက PN အဆက်သည် အရှေ့သို့ ဘက်လိုက်မှု ရရှိသွားပြီး အတော့်အတန်ကြီးသော လျှပ်စီး I_E စီးမည်ဖြစ်သည်။

ယင်းလျှပ်စီးသည် Emitter မှ ဆီလီကွန်းအချောင်းအတွင်းသို့ ရောက်ရှိလာသည့် အပေါင်းတွင်းများဖြစ်ကြပြီး B_1 ဘက်သို့ ရွေ့လျားကြသည်။ Emitter မှ အပေါင်းတွင်းတစ်ခု ပေးသွင်းလိုက်သည့်အခါတိုင်း Base ဖက်လိုက်မှုမှ အီလက်ထရွန်တစ်လုံးသည် B_1 ကိုဖြတ်၍ အချောင်းထဲသို့ဝင်လာသည်။

ဤသို့ဖြစ် B_1 နှင့် Emitter အကြားတွင် အီလက်ထရွန်များ ပြောင်းများစွာရှိလာပြီး ခုခံမှု R_{B1} ၏ ပမာဏသည် လျော့ကျလာပြီး U_{RB1} သည်လည်းလျော့ကျလာမည်။

သို့ဖြစ်၍ ဤအခြေအနေတွင် U_{EB1} ကို ပြန်လျော့ချသော်လည်း ယင်းအတွင်းဖြတ်စီးနေသည့် လျှပ်စီးသည် မြင့်တက်နေခြင်းဖြစ်၍ အဆက်တစ်ခုထရန်စစ်စတာတခုအတွင်းတွင် အနုတ်ခုခံမှုဂုဏ်သတ္တိရှိကြောင်းတွေ့ရမည်။

အဆက်တစ်ခုထရန်စစ်စတာများကို Saw Tooth Square Wave နှင့် Impulse Generator များ (Oscillatory Circuits)တွင်တွေ့နိုင်သည်။ SCR ထိမ်းချုပ်ပတ်လမ်းအတွက် Trigger Pulse ထုတ်ပေးသည့်ပင်ရင်းများတွင်လည်းအသုံးပြုသည်။

ဇီးနားဒိုင်အုတ်သည်လျှပ်သိုနှင့် ပိုတင်ရှိမီတာတို့ကိုဖြတ်၍ပေးနေသော အဝင်ဗို့အားကိုကိန်းသေဖြစ်စေရန် ဆောင်ရွက်ပေးသည်။ ပိုတင်ရှိမီတာနှင့် လျှပ်သိုသည်ဆက်ကူးပတ်လမ်း၏ လက်တံတဖက်အဖြစ်၎င်း၊ လျှပ်ခံနှစ်ခုသည် အခြားလက်တံတစ်ဖက်အဖြစ်၎င်း ဖွဲ့စည်းထားသကဲ့သို့ဖြစ်နေသည်။ ဤကဲ့သို့ Pulse Shifting ပတ်လမ်းမျိုးဖြင့် ကိုကျယ်ပြန့်သော တာခွင်အတွင်းပြောင်းလဲမှု ပြုလုပ်နိုင်သည်။

လျှပ်ကူးပတ်လမ်းမှ အထွက်ဗို့အားဖြင့် UJTကိုအလုပ်လုပ်စေသည်။ UJTအလုပ်လုပ်သည့်အခါ လျှပ်သိုသည် UJT၏ Emitter Base အဆက်နှင့် လျှပ်ခံတို့ကိုဖြတ်၍ အားပြန်ထုတ်ခြင်းပြုလုပ်သည်။ ထိုအခါလျှပ်ခံတွင် ဖြစ်ပေါ်သော ဗို့အားကြောင့်Thyristor အလုပ်လုပ်စေသည်။

Field -Effect Transistor (FET)

FET များကို အဓိကအားဖြင့် Junction - field-effect Transistor နှင့် Insulated Gate Field-effect Transistor ဟူ၍နှစ်မျိုး ခွဲခြားနိုင်သည်။ JFET ၏တည်ဆောက်ပုံကို အခြေပြု၍ယင်းကို Metal - oxide semiconductor FET (MOSFET) အများအားဖြင့် ဟုလည်းခေါ်ကြသည်။

Junction Field -Effect Transistor

J -Fet ကိုတည်ဆောက်ပုံအရ N - Channel JFET နှင့် P - Channel JFET ဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။ ပုံတွင် N -Channel J-FET နှင့် P-Channel J-FET တို့တည်ဆောက်ပုံနှင့် သင်္ကေတတို့ကိုဖော်ပြထားသည်။

ပုံတွင်ပြထားသည် N -Channel J-FET အတိုင်း V_{DS}ကိုဗို့အား ပေးပါက အီလက်ထရွန်များသည် ပင်ရင်းမှ ဝင်ပြီး PN Juction နှစ်ခုကြောင့်ဖြစ် ပေါ်သည့် ကုန်ခမ်းနယ် နှစ်ခုအကြားရှိမြောင်း Channel မှဖြတ်၍ Drain မှ ပြန်ထုတ်မည်ဖြစ်သည်။

ယင်းကုန်ခမ်းနယ်နှစ်ခုကြားရှိ Channel၏ အကျယ်သည် အီလက်ထရွန်စီးနိုင်မှုကို ကန့်သတ်ပေး သကဲ့သို့ ဖြစ်နေသည်။ အကယ်၍ ပုံတွင်ပြထားသည့်အတိုင်း Gate နှင့် Sourceအကြားတွင် ပြောင်းပြန် ဘက်လိုက်ဗို့အား (Reverse Bias Volt) တို့ ပမာဏ တဖြည်းဖြည်းခြင်းတိုးပေးပါက PN Junction နှစ်ခု တွင်ဖြစ်ပေါ်သောကုန်ခမ်း နယ်သည် အချိုးကျကျယ်လာပြီး Channelကိုအချိုးကျ ကျဉ်းမြောင်း သွားစေခြင်းဖြင့် အီလက်ထရွန်စီးမှုသည် အချိုးကျလျော့ကျမည် ဖြစ်သည်။

အကယ်၍ ပြောင်းပြန်ဘက်လိုက်ဗို့အားသည် လုံလောက်အောင်ကြီးပါက ကုန်ခမ်းနယ်များတခုနှင့် တခုထိ စပ်သည် အထိကျယ်လာပြီး Channel ကိုပိတ်သွားခြင်းကြောင့် အီလက်ထရွန်လုံးဝစီးတော့ မည်မဟုတ်ပေ၊ P- Channel ကိုလည်းပုံတွင် ပြထားသကဲ့သို့ U_{GF} နှင့် U_{DS} ပေးခြင်းဖြင့် N-Channel T. FET ကဲ့သို့ပင်ဖြစ်ပျက်မည်။ N-Channel J-Fet ၏ Drain လျှပ်စီးကို Gate- Source Volt အားဖြင့် ထိန်းချုပ်နိုင်သည်။

I_G သည်လစ်လျူရှုနိုင်လောက်အောင် သေးငယ်သည်။ သို့ဖြစ်၍ I_D ကိုထိန်းချုပ်ရာတွင် Power

ဆုံးရှုံးမှုမရှိသလောက်ပင်ဖြစ်သည်။

ပြောင်းပြန်လိုက်မှုကြောင့် Channel ၏တဘက်တချက်တွင် ဖြစ်ပေါ်လာသည့် လျှပ်စစ်စက်ကွင်းများ၏ ပြင်းအားသည် Channel ၏အကျိုးပြုကန့်လန့်ဖြတ်မျက်နှာပြင် ဧရိယာကိုပြောင်းလဲစေခြင်းကြောင့် စက်ကွင်း အကျိုးထရန် စစ်စတာဟုခေါ် ခြင်းဖြစ်သည်။

FET ကိုချဲ့စက်အဖြစ်အသုံးပြုခြင်း



ရိုးရိုးထရန်စစ်စတာများတွင် သေးငယ်သော အဝင်လျှပ်စီး I_B သည်ကြီးမားသော အထွက်လျှပ်စီး I_C ကိုထိမ်းချုပ် သော်လည်း FET တွင်မူအဝင်ဗို့အား U_{GS} သည်အထွက်လျှပ်စီး I_D ကိုထိန်းချုပ်သည်။

တနည်းအားဖြင့် လစ်လျူရှု၍ရလောက်အောင် သေးငယ်သော(I_{PA}ထက်ငယ်သည်) အဝင်လျှပ်စီး ဖြင့်အထွက်လျှပ်စီး I_D ကို ထိန်းချုပ်ပေးခြင်းဖြစ်သည်။ သို့ဖြစ်၍ FET ကို Crystal Pick - up ကဲ့သို့သေးငယ်သည့် လျှပ်စီးပမာဏကိုသာထုတ်ပေးနိုင်သည့် ပစ္စည်းများအတွက်ချဲ့စက်အဖြစ် အသုံးပြုရာ တွင်အလွန်အသုံးဝင်သည်။

ပုံတွင်ပြထားသည့်အတိုင်း N- Channel J - FET ကိုဆယ်သွယ်ခြင်းဖြင့်ချဲ့စက် အဖြစ်အသုံးပြုနိုင်သည်။ R_G သည် Gate သို့ပြောင်းပြန်ဗို့အားပေးရန်ဖြစ်ပြီး ယင်းသည်ဗို့အားကို U_{RS}

($U_{RS} = R_S I_S$) မှတဆင့်ရယူသည်။ R_S သည် R_A ကဲ့သို့ပင် ဝန်လျှပ်စီးပတ်လမ်းတွင်ရှိနေသဖြင့် အထွက်သဘောသဘာဝ မျဉ်းကွေးဘက်တွင် ဝန်မျဉ်းရေးဆွဲရာ၌ ($R_A + R_S$) ဖြင့်ရေးဆွဲသည်။

အောက်ဖော်ပြပါပုံသည် J-FET ၏သဘာဝမျဉ်းကွေးများနှင့် ချဲ့ စက်အဖြစ်အသုံးပြုခြင်းကြောင့်ဖြစ်ပေါ်လာ သည့်အဝင်နှင့်အထွက် လှိုင်းပုံများကိုဖော်ပြထားသည်။



ပုံမှန်အားဖြင့်ကူးပြောင်းသဘာဝမျဉ်းကွေး (Transfer Characteristic)နှင့်အထွက်သဘောသဘာဝ မျဉ်းကွေးများကိုသာ ဖော်ပြကြသည့် အကြောင်းမှာ အဝင်လျှပ်စီး I_G သည် လျစ်လျူရှုလောက်အောင်ငယ်သော ကြောင့်ဖြစ်သည်။

ကူးပြောင်းသဘောသဘာဝမျဉ်းကွေးသည် အဝင်ဗို့အား U_{GS} နှင့်အထွက် လျှပ်စီး I_D တို့၏ ဆက်သွယ်

ပုံကိုဖော်ပြပေးသည်။ ယင်းဆက်သွယ်ချက်သည် မျဉ်းဖြောင့်နီးပါးဖြစ်သည်။ FET ၏တိုးပွားဆ (gain)ကိုလွှဲပြောင်းလျှပ်ကူးမှု (Transfer Characteristic)G_Mဖြင့်တိုင်းတာဖော်ပြကြသည်။ G_M ၏ ပမာဏသည် 1မှ 10m A/V ဖြစ်ပြီးပုံသေနည်းမှာ $g = S_D/U_{GS}$ ဖြစ်သည်။

အထွက်သဘာဝမျဉ်းကွေးများသည် ရိုးရိုးထရန်စစ်စတာများကဲ့သို့ပင်ဖြစ်သည်။ U_{GS}၏ ပမာဏတခုစီအတွက် U_D နှင့် I_D တို့ ဆက်သွယ်ပုံကိုဖော်ပြပေးသည်။

အစပိုင်းတွင် I သည် ရုတ်ခြည်းမြင့်တက်ပြီး၊ နောက်ပိုင်းတွင် U တိုးပေးသော်လည်း ကိန်းသေနီးပါးရှိသည်။ မျဉ်းကွေးများ၏ အစောင်းထောင့် သေးသွားရခြင်းသည် အထွက်ခုခံမှု အလွန်မြင့်ကြောင်း (50 k/ မှ 1m/)ကိုပြသည့် သဘောဖြစ်သည်။ PL အဆက်သည် I_D ပြောင်းပြန်တက်လိုက်မှု အမြဲတန်းဖြစ်နေသဖြင့် I_D အလွန့် အလွန်နဲပြီး AC အဝင်ခံမှုသည် အလွန်များ (10/ ထက်ကြီး)သည်။

U_{GS} နှင့် I_D ဆက်စပ်ပုံ ပုံသေနည်း

* $U_{RG} = U_{GS} + U_{RS}$ ဖြစ်ပြီး FET အလုပ်နေစဉ်မှာ $U_{RG} = OV$ ဖြစ်သည်။
* ထို့ကြောင့် $U_{GS} + U_{RS} = 0$ ဖြစ်ပြီး$U_{GS} = - U_{RS}$ ဖြစ်သည်။
* တဖန် $U_{RS} = I_S R_S$ ဖြစ်၍ $U_{GS} = - I_S R_S$ ဖြစ်မည်။
* သို့သော် $I_S = - ID$ ဖြစ်သဖြင့် $U_{GS} = I_D R_S$ ဖြစ်သည်။

* **P -Channel J-FET ၏ ဤလုပ်လုပ်ပုံသည် N -Channel J-FET ကဲ့သို့ပင်ဖြစ်သည်။** ဗို့အားလားရာပြောင်းပေးရခြင်း သာကွာခြားသည်။ ထို့ပြင်P - Channel J-FET ၏ လျှပ်စီးစီးမှုသည် အပေါက်တွင်းများ၏ ရွေ့လျားမှုဖြစ်သည်။

Insulated Gate Field Effect Transistor

ယေဘုယျအားဖြင့် တန်ဖိုးမြင့်အမျိုးအစား (Enhancement Type)နှင့် ကုန်ခမ်းအမျိုး(Depletion-type)ဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။

တန်ဖိုးမြင့်အမျိုးအစား MOS -FET တည်ဆောက်ပုံ



ပုံတွင်တန်ဖိုးမြင့်အမျိုးအစား Enhancement Type MOS-FET ၏ တည်ဆောက်ပုံနှင့် သင်္ကေတကို ဖော်ပြထားသည်။ အညီအမျှသိပ်သည်းစွာ အပင်းသွင်းထားသော N အမျိုးအစား တပိုင်းလျှပ်ကူးဖြစ်ပြုလုပ်ထား သော Source နှင့် Drain တို့ကို ပေါ့ပါးစွာ အပင်းသွင်းထားသော အောက်ခံလွှာ (Substrate)ဟုခေါ်သည့် P အမျိုးအစားတစ်ပိုင်း လျှပ်ကူးတစ်ခု၏ အပေါ်မျက်နှာပြင်တွင် ပျံ့ရောဝင် အောင်ပြုလုပ်ထားသည်။ (အပြန်အလှန် အားဖြင့် N အမျိုးအစားကို အောက်ခံလွှာအဖြစ်သုံးပြီး P အမျိုးအစားကို Source နှင့် Drain အဖြင့်ပြုလုပ်နိုင်သည်။

Source နှင့် Drain အကြားရှိ အောက်ခံလွှာအပေါ် မျက်နှာပြင်တွင် အလွန်ပါးလွှာသည့် ဆီလီကွန် ဒိုက်အောက်ဆိုဒ် အလွှာကိုတင်ထားသည်။ ယင်းအလွှာသည် အလွန်အဖြစ်ကင်းစင်သည့် လျှပ်ကာပစ္စည်းတစ်မျိုး ဖြစ်သည်။ တဖန် gate ဟုခေါ်သည့် သတ္တုပြားတစ်ခုကို ယင်းလျှပ်ကာပစ္စည်း၏ မျက်နှာပြင်ပေါ်တွင် ထပ်တင် လိုက်ခြင်းဖြစ် gate လျှပ်ကာနှင့် အောက်ခံလွှာတို့သည် လျှပ်သိုတခု ကဲ့သို့ဖြစ်နေသည်။ Source, Channel နှင့် Drain NPN အထပ်ဖြစ်လာပြီး ယင်းတို့အကြားတွင် PN အဆက်နှစ်ရှိနေသည်။

အလုပ်လုပ်ပုံ



ပုံတွင်ပြထားသည့်အတိုင်း ပတ်လမ်းကိုဆက်သွယ်ခြင်းဖြင့် N - Channel MOS -FET အလုပ်လုပ်မည်။ Drain နှင့် အောက်ခံလွှာအကြားရှိ PN အဆက်ကို ပြောင်းပြန် ဘက်လိုက်မှု ဗို့အား U_{DS} ပေးထားခြင်းကြောင့် သာမာန်အားဖြင့် Drain နှင့် Source အကြားရှိ Channel ကို ဖြတ်ပြီး လျှပ်စစ်စီးမည်မဟုတ်ချေ။

သို့ရာတွင် Gate သတ္တုပြားသို့ အပေါင်းဗို့အား U_{GS} ပေးသည့်အခါ ယင်းအပေါင်းဗို့အားကြောင့်Gate အောက်တည့်တည့်ရှိအောက်ခံလွှာအတွင်းChannel မှ Electron များကိုအောက်သို့ တွန်းဖယ်ပေးသကဲ့သို့ဖြစ်မည်။

ဗို့အားမြှင့်ပေးသည်နှင့်အမျှ Channel မှElectron များ ပိုမိုတွန်းဖယ်ခြင်းခံရပြီး Channel အဖြစ်ပြုလုပ် ထားသည့်ပစ္စည်း (p အမျိုးအစား) သည် n အမျိုးအစားဂုဏ်သတ္တိပိုဆောင်လာပြီး U_{Gs} ပမာဏတစ်ခုတွင် Source, Channelနှင့် Drainတို့သည် Nအမျိုးအစားများ (N.N.N)ဖြစ်သွားကြခြင်းကြောင့် Drain နှင့် Sourceကြားတွင် လျှပ်စစ်စီးမည်ဖြစ်သည်။

U_{GS} ကိုပမာဏတခုတွင် တည်မြဲစေခြင်းဖြင့် Source နှင့် Drain အကြားလျှပ်စီးမှုကိုဘားဆီးထားနိုင်လောက်သည့် P အမျိုးအစား ဂုဏ်သတ္တိများ ကျန်ရှိနေအောင်စီစဉ်ထားရမည်။ သို့မှသာအဝင်အချက်ပြဗို့အားရရှိ လာသောအခါအဝင်အချက်ပြ ဗို့အား၏ ပမာဏပေးမှုပေါ်မူတည်ပြီး Channel အတွင်းမှ အီလက်ထရွန်များ ထပ်မံဆုံး ရှုံးသွားခြင်းဖြင့် Channel သည် P အမျိုးအစား ဂုဏ်သတ္တိပျောက်ပြီး N အမျိုးအစား ဂုဏ်သတ္တိရရှိလာကာ Drain နှင့် Source အကြား လျှပ်စစ်စီးခြင်းကိုဖြစ်စေမည်။

ဂုဏ်သတ္တိရရှိလာကာ Drain နှင့် Source အကြား လျှပ်စီးစီးခြင်းကိုဖြစ်စေမည်။

အဝင်အချက်ပြကြီးလေ Channel ၏ လျှပ်ကူးနိုင်မှု ကြီးလေဖြစ်ပြီး လျှပ်စီးလည်းပို၍စီးမည်ဖြစ်သည်။ တနည်းအားဖြင့် အထွက်အချက်ပြလည်း ကြီးမည်ဖြစ်သည်။

အဝင်အချက်ပြသည် သုည သို့မဟုတ် အနုတ်ပမာဏဖြစ်ပါက Channel ကိုဖြတ်၍ လျှပ်စစ်စီးနိုင်တော့မည်မဟုတ်ချေ တနည်းအားဖြင့် Gate သို့ပေးသည့် အဝင်အချက်ပြဖို့ အားသည် အပေါင်းပမာဏဖြစ်မှသာ **Drain နှင့် Source အကြား လျှပ်စစ်စီးနိုင်သည်။ အကယ်၍ MOS-FET သည် N အမျိုးအစားအောက်လွှာ** P အမျိုးအစား Source နှင့် Drain တို့ဖြစ်ခဲ့လျှင် ဗို့အားလားရာနှင့် လျှပ်စီးတို့၏လားရာကို ပြောင်းပြန်ဖြစ်ပွားကြသည်။

Depletion type MOS-FET



ပုံတွင်ကုန်ခန်းအမျိုးအစား N-Channel MOS-FET ၏ တည်ဆောက်ပုံနှင့် သင်္ကေတတို့ကိုဖော်ပြထားသည်။ တည်ဆောက်ထား ပုံမှာတန်းဖိုးမြှင့် အမျိုးအစားကဲ့သို့ ပင်ဖြစ်သော်လည်းထူးခြားချက်မှာ Source အောက်ခံလွှာ၏ အပေါ်ပိုင်းရှိ Channel နှင့် Drain တို့အားလုံးကို တစ်မျိုးတည်းသော ပစ္စည်းနှင့်အပင်းသွင်းထားခြင်းဖြစ်သည်။ တနည်းအားဖြင့် Source နှင့် Drain အကြား PN အဆက်တခုမျှမရှိခြင်းဖြစ်သည်။

အလုပ်လုပ်ပုံ

Source နှင့် Drain အကြား အဆက်မရှိသည့် အတွက် Gate တွင် ဘက်လိုက်မှု ဗို့အားသုညဖြစ်သော်လည်းနှင့် အကြားလျှပ်စစ်စီးနေမည်ဖြစ်သည်။ အကယ်၍ Gate တွင်အဝင်အချက်ပြသည်အပေါင်းလက္ခဏာဖြစ်ပါက အောက်ရှိအောက်ခံလွှာများကို အတွင်းသို့ ဆွဲသွင်းခြင်းခံရပြီး ၎င်း လျှပ်ကူးကိန်းကိုတိုးစေပြီးနှင့်အကြားလျှပ်စစ်စီးမှု ပိုများလာမည်။

အကယ်၍ Gate ကို လုံလောက်သော အနှုတ်လက္ခဏာရှိသည့် အဝင်အချက်ပြပေးက Channel အတွင်းမှ လုံလောက်သော Electron များကို တွန်းဖယ်ခြင်းခံရသည့်အတွက် Channel သည် P အမျိုးအစား ဂုဏ်သတ္တိ ကိုဆောင်လာမည်။ ထိုအခါပြောင်းပြန်ဘက်လိုက်မှုရှိသော PN ၏ အဆက်များ ဖြစ်ပေါ်သည့်အတွက် Source နှင့် Drain ကြားစီး နေမည့်လျှပ်စီးသည် အစီးရပ်သွားမည်။

တနည်းအားဖြင့် Gate သို့ပေးသည့် အဝင်အချက်ပြဗို့အားအပေါင်းနှင့် အနှုတ်ပမာဏနှစ်မျိုးစလုံးတွင် ကုန်ခမ်းအမျိုးအစား MOS-FET ၏ Source နှင့် Drain ကြားတွင် လျှပ်စီးစီးနိုင်သည်။

MOS-FET ကို Power Electronic နယ်ပယ်တွင် Motor များ၏ လည်းပတ်နှုန်းထိမ်းချုပ်သည့် ပတ်လမ်းများနှင့် အသုံးပြုသည်။ ထို့အပြင် Electronic Switch များအဖြစ်လည်းအသုံးပြုသည်။

သတိပြုရန်အချက်များ

MOS-FET နှင့် Channel ကြားရှိ လျှပ်ကာသည် အလွန်ပါးလွှာသဖြင့် အသုံးပြုသည့်အခါယင်း၏ ခွင့်ပြု U_{GS} ထက်ပို၍ မသုံးမိစေရန် အထူးဂရုပြုရမည်။ သို့မဟုတ်ပါက လျှပ်ကာပေါက်သွားမည်။

အကယ်၍ Gate Terminal များသည်ပွင့်နေပါက ပတ်ဝန်းကျင်ရှိတည်ငြိမ်လျှပ်စစ်များကြောင့် ခွင့်မပြုနိုင်လောက်သည် အထိ U_{GS} မြင့်တက်နိုင်သည်။ သို့ဖြစ်၍ မသုံးမပြုရသေးသော MOS-FET ကိုပတ်လမ်းတွင်တပ်ဆင်ပြီးမှ ပတ်လမ်းကိုပြုလုပ်ထားခြင်းကို ဖယ်ရှားသင့်သည်။

Gate နှင့် Source အကြားကာကွယ်မှုဒိုင်အုတ်များထည့်သွင်း၍ ထုတ်လုပ်ခြင်း(သို့) အပိုတပ်ဆင်ခြင်းဖြင့်လည်း ကာကွယ်မှုပြုလုပ်နိုင်သည်။ အောက်ပါပုံတွင် အမျိုးအစားတို့၏ သင်္ကေတများနှင့် သဘောသဘာဝ မျဉ်းကွေး တို့ကို စုပေါင်းဖော်ပြထားသည်။

သဘာဝ မျဉ်းကွေး တို့ကို စုပေါင်းဖော်ပြထားသည်။

Thyristors and Triacs

Power electronic နယ်ပယ်တွင် Thristors နှင့် triace တို့ကို Converters များနှင့်လျှပ်စစ် Power ထိန်းချုပ်များတွင် အဓိက အသုံးပြုသည်။

Thyrister တို့ကို

(က) **Diode thyrister (4 layer Diode)**

(ခ) **Bi - directional diode thyrister (diac)**

(ဂ) **Triode Thyristor (Thyristor)**

(ဃ) **Bi directional triode thyristor (triac)** ဟူ၍ ၄ မျိုးခွဲခြားနိုင်သည်။

Diode Thyristors



ပုံ (၁)



၂ (က)



၂ (ခ)

ပုံ (၁) တွင် Diode Thyristor ၏ တည်ဆောက်ပုံ၊ သင်္ကေတနှင့် သဘောသဘာဝပြမျဉ်းကွေးတို့ကို ဖော်ပြထားသည်။

ပုံတွင် (၂-က) ၌ ပြထားသကဲ့သို့ Diode Thyristor ကိုပြောင်းပြန်ဗို့အား သက်ရောက်စေပါက အလွန်နည်းသော Off - State လျှပ်စစ်စီးမည်။အပြင်ဖက်ရှိ p-n အဆက်နှစ်ခုကတားဆီးထား၍ ဖြစ်သည်။

သို့ဖြစ်၍ Diode Thyristor ကို ပြောင်းပြန်ဗို့အားသက်ရောက်ပါက Rectifier Diode ကဲ့သို့ပြုမူသည်။

အကယ်၍ ပုံ (၂-ခ) တွင်ပြထားသကဲ့သို့ Diode Thyristor ကိုရှေ့သို့ဗို့အားအနည်းငယ်သက်ရောက်စေပါကလည်း အလွန်နည်းသော Off-State လျှပ်စီးသာစီးသည်ကို တွေ့ရသည်။အလယ်ရှိ p-n အဆက်က တားဆီးထား၍ဖြစ်သည်။

အကယ်၍ ရှေ့သို့ဗို့အားကိုတိုး၍ ပေးလိုက်ပါက တိကျသောပမာဏတစ်ခု (Breakover Voltage $U_{(BO)}$ ကိုကျော်သည်နှင့် တပြိုက်နက် Avalanche effect ကြောင့် On - State (Conduction State) လျှပ်စီးရုတ်ခြည်းမြင့်တက်ကာ Diode Thyristor စ၍အလုပ်လုပ်ရသည်။

Breaker Voltage ပမာဏသည် တပိုင်းလျှပ်ကူးပစ္စည်းတွင် Doping လုပ်ထားခြင်းအပေါ်မူတည်သည်။ဈေးကွက်တွင်ထုတ်လုပ်သော Diode Thyristor များ၏ Breaker over voltage သည် 20V မှ 200V အတွင်းဖြစ်သည်။

Breaker Point ကိုရောက်ရှိပြီး နောက်ပိုင်းတွင် Diode Thyristor သည် Rectifier Diode ကဲ့သို့ပြုမူသည်။အကယ်၍ Conduction State လျှပ်စီးသည် holding current I_H အောက်ကျသွားပါက Diode Thyristor သည် Off - State သို့ ပြန်ရောက်သည်။ ဈေးကွက်တွင် ရနိုင်သော Diode Thyristor များ၏ I_H သည် 15mA မှ 45mA အတွင်း ဖြစ်သည်။ ခွင့်ပြု conduction state လျှပ်စီး I_F သည် 30 A အထိဖြစ်သည်။

Diode thyristor သည် ဗို့အား ပမာဏအပေါ်မူတည်၍ အလုပ်လုပ်သော ခလုတ်ကဲ့သို့ပြုမူသည်။

လျှပ်စီးလွှန်ကဲစွာစီးခြင်းမှ ကာကွယ်ရန်ယင်းတို့ကို လျှပ်ခံဖြင့် တန်းဆက်ဆက်၍ အသုံးပြုရမည်။



ပုံ(၃) တွင်ပြထားသကဲ့သို့ diode thyristor ကို anti-parallel ဆက်သွယ်ပါက bi-directional diode thyristor (diac) ကို ရရှိသည်။ တစ်နည်းအားဖြင့် diode alternating current switch ဖြစ်သည်။ Breakover ဗို့အားကိုကျော်သည်နှင့် diac သည် လျှပ်စီးစီးသည်။ ယင်းလျှပ်စီး စီးမှုသည် ပင်ရင်းဗို့အား၏ ပိုဝွန်းအမျိုးအစားအပေါ်မူ မတည်ချေ။ အကြောင်းမှာ diode thyristor နှစ်ခုအနက် တစ်ခုခုသည် လျှပ်စီး ပီးစေရန်အမြဲတန်း လမ်းပွင့်နေနိုင်၍ဖြစ်သည်။

လက်တွေ့တွင် သီးခြား diode thyristor နှစ်ခုဖြင့် diac ဖြစ်အောင် ပြုလုပ်၍ မရချေ။

သို့သော် ပုံ(၄)တွင် ပြထားသည့်အတိုင်း အခြေခံ၍ တည်ဆောက်ထားခြင်းဖြစ်သည်။ Power electroincs နယ်ပယ်တွင် diode thyristor နှင့် diac တို့ကို triode thyristors များအား ထိန်းချုပ်ရာတွင် အဓိက အားဖြင့် အသုံးပြုသည်။ Diode thyristor ကို အေစီပတ်လမ်းတွင် တပ်ဆင်ပါကဖြစ်ပေါ်လာမည့် လျှပ်စီးနှင့် ဗို့အား မျဉ်းကွေး တို့ကို ပုံ(၅)တွင် ဖော်ပြထားသည်။ ပေးသောအေစီဗို့အား၏ ရှေ့သို့ ဗို့အားအပိုင်းသည် breakover ဗို့အားပမာဏထက်ကျော်လွန်သည့်အခါမှသာ ပတ်လမ်းတွင် လျှပ်စစ်စီးသည်။ တစ်နည်းအားဖြင့် အေစီ လျှပ်စစ်သည် အထစ်ထစ်ဖြစ်သော (notched) ဒီစီလျှပ်စီးအဖြစ် လျှပ်စီးပြင်ခြင်း ဖြစ်ပေါ်စေသည်။

ပုံ (၆) တွင် diac တစ်ခုအား အေစီလျှပ်စီးပတ်လမ်းတွင် ဆက်သွယ်ပါက ဖြစ်ပေါ်မည့် လျှပ်စီးနှင့် ဗို့အားမျဉ်းကွေးများကို ဖော်ပြထားသည်။ Diac ကို အပေါင်းနှင့် အနုတ် trigger pulse များထုတ်လုပ်ရာတွင် အသုံးပြုသည်။

Diac ၏ သဘောသဘာဝပြ မျဉ်းကွေးကို စမ်းသပ်ပြခြင်း

ပုံ (၇) တွင် ပြထားသည့်အတိုင်း diac ပတ်လမ်းကို ဆက်သွယ်ပြီး ပိုတင်ရှိမီတာ (10 kΩ) ကို တဖြည်းဖြည်းလှည့်ပေးခြင်းဖြင့် U_{AB} ကို တဖြည်းဖြည်းမြှင့်ပေးသည်။



ပုံ (၇)

ဗို့အား ပမာဏတစ်ခု (U_{BO}) သို့ ရောက်လျှင် diac 'ON' ဖြစ်၍ လျှပ်စီးစီးမည်။

Positive နှင့် negative cycle နှစ်ခုတို့တွင် diac ၏ 'ON' ဖြစ်စေသော ဗို့အားတို့ အနည်း

Positive နှင့် negative cycle နှစ်ခုတို့တွင် diac ၏ 'ON' ဖြစ်စေသော ဗို့အားတို့ အနည်းငယ်ကွာခြားသည်။ $U_{BO} \neq - U_{BO}$ ပုံ (၃)။ အကြောင်းမှာ P နှင့် N တပိုင်းလျှပ်ကူးပစ္စည်းများသို့ ဖြင့်ပမှ ပေးသွင်းထားသော အဟမ်အရေအတွက် အတိအကျ မတူနိုင်သောကြောင့် ဖြစ်သည်။ ဗို့အားကို ပြန်လျော့ပေးပါက diac ကို ဖြတ်၍ စီးသော လျှပ်စီးသည် diac 'ON' ဖြစ်ရန် အနည်းဆုံးလိုအပ်သော လျှပ်စီးထက်နည်းသည့်အခါ diac 'OFF' ပြန်ဖြစ်မည်။

Triode thyristor



General symbol P-gate thyristor N-gate thyristor

Triode thyristor သည် diode thyristor မှတဆင့် ဆင့်ပွားများပေါ်ပေါက်လာသည့် ပစ္စည်းဖြစ်သည်။ ယင်းကို ထိန်းချုပ်၍ ရသော diode thyristor (သို့မဟုတ်) thyristor (သို့မဟုတ်) silicon - controlled rectifier (SCR) ဟု ခေါ်သည်။

SCR သည် diode thyristor နှင့် တူညီပြီး gate terminal တစ်ခုအပိုပါရှိခြင်းသာ ကွာခြားသည်။ ယင်း gate terminal သည် ပတ်လမ်းပွင့်ဖြစ်နေပါက SCR သည် diode thyristor ကဲ့သို့ပင် အလုပ်လုပ်သည်။

ပုံ (၈)တွင် SCR ၏ တည်ဆောက်ပုံနှင့် သင်္ကေတများကို ဖော်ပြထားသည်။ Gate terminal ပတ်လမ်းပွင့်ဖြစ်နေစဉ် အခြေအနေ၌ SCR တွင် ရှတ်ခြည်းလျှပ်စီးများစွာ စီးစေသည့် ဗို့အားကို zero breakover voltage $U_{(BO)0}$ ဟု ခေါ်သည်။ ပုံ (၉) ။

အဆိုပါ U_{BO} 0 မရောက်မီ SCR တွင် ရှတ်ခြည်း လျှပ်စီးများစွာ စီးစေရန် gate voltage ပေးရန် လိုအပ်သည်။

ယင်းလိုအပ်သော gate voltage (သို့မဟုတ်) gate current သည် SCR ၌ ပေးထားသည့် ရှေ့သို့ဗို့အား U_{AK} ပေါ်တွင် မူတည်သည်။

Gate voltage အပေါ်မူတည်၍ breakover voltage ပြောင်းပုံကို ပုံ (၉)တွင် တွေ့နိုင်ပါသည်။ SCR ကို ရှေ့သို့ဗို့အား UAK ပေးပါက (ပုံ-၁၀) အလယ်တွင်ရှိသော p-n အဆက်တွင် ပြောင်းပြန် ဗို့အား သက်ရောက်ခြင်း ခံရပြီးလျှပ်စီးစီးခြင်းကို ပိတ်ဆို့ထားမည် ဖြစ်သည်။

အကယ်၍ gate voltage ပေးလိုက်မည်ဆိုပါက gate current ကြောင့် ပိတ်ဆို့ထားသည့် အလွှာတွင် လျှပ်စစ်သယ်ဆောင်သူများ များပြားလာက p-n အဆက်ပြိုကွဲပြီး SCR လျှပ်ကူးခြင်းဖြစ်မည်။



ပုံ (၉)



ပုံ (၁၀)

ဤသို့ဖြင့် SCR ၏ zero breakover voltage မရောက်မီ SCR အလုပ်လုပ်စေရန် gate voltage နှင့် gate currents တို့ ပေးခြင်းဖြင့် ဆောင်ရွက်နိုင်သည်။

SCR အတွင်းဖြတ်စီးနေသော လျှပ်စီးသည် diode thyristor ကဲ့သို့ပင် I ထက်နဲသွားလျှင် SCR သည် လျှပ်ကူးခြင်းဖြစ်တော့မည် မဟုတ်ချေ။ တစ်နည်းအားဖြင့် SCR သို့ ပေးထားသော ရှေ့သို့ ဗို့အားအလွန်ငယ်သွားလျှင် သော်လည်းကောင်း၊ လားရာပြောင်းသွားလျှင် လည်းကောင်း၊ လားရာပြောင်းသွားလျှင် လည်းကောင်း၊ SCR သည် လျှပ်ကူးနေသည့် သဘောထားမှ ပိတ်ဆို့သည့် အနေအထားသို့ ပြန်ပြောင်းမည်

သို့ဖြစ်၍ SCR ကို အေစီဗို့အားတွင် အလုပ်လုပ်စေပါက အေစီ၏ အနုတ်လိုင်းဝက်တိုင်းတွင် SCR သည် ပြောင်းပြန်ဗို့အား သက်ရောက်ခြင်းခံရသဖြင့် လျှပ်ကူးမှုရပ်သွားသည်။



ပုံ (၁၁)

Gate voltage အဖြစ် ဒီစီဗို့အား (သို့မဟုတ်) အေစီဗို့အား (သို့မဟုတ်) triggering pulses များ ပေးခြင်းဖြင့် SCR ကို လျှပ်ကူးစေနိုင်သည်။ ပုံ (၁၁)။ တိကျသော အလုပ်လုပ်ဆောင်မှုအတွက် ဖြစ်ပါက SCR လျှပ်ကူးစေရန် gate သို့ triggering pulses များကိုသာ ပေးရန်လိုအပ်ပါသည်။

SCR များကို အသုံးချခြင်း



ပုံ (၁၂)

SCR များကို အေစီပတ်လမ်းများ၌ သွင်ထိန်းချုပ်ခြင်း (phase control) တွင် မကြာခဏ အသုံးချသည်ကို တွေ့ရသည်။ ပုံ (၁၂)။

အသုံးပြုလျှပ်စီးစီးစေလိုသည့် အချိန်တွင်သာ SCR ၌ လျှပ်စီးစီးစေရန် gate ဗို့အားပေးခြင်းဖြင့် လျှပ်စီးအသုံးပြုမည့် ပစ္စည်းအတွင်း လျှပ်စီးကို ဖြတ်စီးရန် ပြုလုပ်နိုင်သည်။ တစ်နည်းအားဖြင့် လျှပ်စီး

အသုံးပြုမည့် ပစ္စည်း၏ ပါဝါသုံးစွဲမှုကို ထိန်းချုပ်နိုင်သည်။ Phase control တွင် SCR သည် အေစီဗို့အား၏ အပေါင်းလှိုင်းဝက်ကိုသာ အသုံးပြုသည်။



ပုံ (၁၃)

SCR ကို ဒီစီလျှပ်စီးအတွက် current inverters နှင့် အေစီလျှပ်စီးအတွက် frequency converters တို့တွင်လည်း အသုံးပြုသည်။

Inverters သည် ဒီစီလျှပ်စီးကို အေစီလျှပ်စီးအဖြစ် ပြောင်းပေးသည်။ သင့်တော်သောအချိန်များတွင် SCR များလျှပ်ကူးခြင်း၊ ပိတ်ဆို့ခြင်းတို့ ဖြစ်ခြင်းဖြင့် ဒီစီလျှပ်စီးသည် အေစီလျှပ်စီးအဖြစ် ထရန်စဖော်မာမှ တစ်ဆင့်ဝန်သို့ (သို့မဟုတ်) ဝန်သို့တိုက်ရိုက်ပေးပို့နိုင်သည်။

ပုံ(၁၃)တွင် two-pulse inverter ကို ဖော်ပြထားသည်။

Inverter တို့မှ ထုတ်လုပ်ရရှိသော အေစီဗို့အား၏ ကြိမ်နှုန်းကို ကျယ်ပြန့်သော တာခွင်အတွင်း လွတ်လပ်စွာ လိုအပ်သလို ချိန်ညှိနိုင်သဖြင့် inverters တို့ကို မော်တာများ၏ မြန်နှုန်းထိန်းချုပ် ကိရိယာအဖြစ် မကြာခဏအသုံးပြုသည်ကို တွေ့ရ၏။ ပုံ (၁၄)။



ပုံ (၁၄) Inverter with three-phase asynchroncus motor

အေစီကြိမ်နှုန်း converter များကို အေစီကြိမ်နှုန်းအမျိုးအစား တစ်ခုမှ နောက်တစ်ခုသို့ ပြောင်းရာတွင် အသုံးပြုသည်။ တစ်ချိန်တည်းတွင် ဗို့အား၊ ကြိမ်နှုန်းနှင့် သွင်တို့ကို ပြောင်းလဲပေးနိုင်သည်။



ပုံ (၁၅) Indirect converter

Indirect converters (ပုံ–၁၅) နှင့် direct converters ဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။

Indirect comverters တွင် ရှေးဦးစွာ အေစီဗို့အားကို လျှပ်စီးပြပ်ခြင်းနှင့် စစ်ထုတ်ခြင်းပြုလုပ်ပြီးမှ တစ်ဖန်ပြန်၍ လိုအပ်သော အေစီဗို့အား ပြန်ထုတ်ပေးခြင်း ပြုလုပ်သည်။

Direct converters တို့တွင် အဝင်နှင့်အထွက်ပတ်လမ်းများကြားတွင် SCR ခံ၍ တိုက်ရိုက်ဆက်

သွယ်သည်။

Converters တို့၏ အထွက်မှ ရရှိသော အေစီဗို့အား၏ ကြိမ်နှုန်းသည် ပေးအပ် အေစီဗို့အားကြိမ်နှုန်းထက်အမြဲနိမ့်သည်။

SCR ၏ အလုပ်လုပ်ပုံကို စမ်းသပ်ခြင်း



ပုံ (၁၆)



ပုံ (၁၇)

ပုံ (၁၆) အတိုင်း ပတ်လမ်းတည်ဆောက်ပြီး ခလုတ် S ကို 'OFF' လုပ်ထားကာ link B ကို ဆက်သွယ်ပါ။

SCR ၏ gate တွင် ဗို့အားရရှိသဖြင့် မီးလုံးလင်းသည်ကို တွေ့ရမည်။

link B ကို ပြန်ဖြုတ်သော်လည်း holding current I_H ကြောင့် SCR ဆက်လက် လျှပ်ကူးပြီး မီးလုံးဆက်လင်းနေသည်ကို တွေ့ရမည်။

ခလုပ် S ကို 'ON' လုပ်ပြီး ပြန်၍ 'OFF' လုပ်ပါက လျှပ်သို o, 1 uF သည် discharge ဖြစ်ပြီး၊ ယင်းဗို့အားသည် SCR ကို ပြောင်းပြန် ဗို့အားပေးသကဲ့သို့ ဖြစ်နေသဖြင့် SCR ပိတ်ဆို့ခြင်း ဖြစ်ကာ မီးလုံးငြိမ်းသွားသည်ကို တွေ့ရမည်။

ပုံ(၁၇) အတိုင်း တည်ဆောက်ပါက အေစီဗို့အား၏ အပေါင်းလှိုင်းဝက်တွင် SCR ၏ anode နှင့် gate တို့ တပြိုင်တည်း မြင့်တက်ခြင်းကြောင့် SCR လျှပ်ကူးမှုဖြစ်ကာ မီးလုံးလင်းသည်ကို တွေ့ရမည်။

Triac



ပုံ (၁၈)

အကယ်၍ SCR နှစ်ခုကို တစ်ခုနှင့် တစ်ခုပြောင်းပြန်လှန်၍ ဆက်သွယ် (anti - parallel) အသုံးပြုပါက ရရှိလာသော ပစ္စည်းကို triac ဟု ခေါ်သည်။

ပုံ (၁၈) တွင် triac ၏ တည်ဆောက်ပုံနှင့် သင်္ကေတသဘာဝပြ မျဉ်းကွေးတို့ကို ဖော်ပြထားသည်။ Diac ကဲ့သို့ပင် triac ကို သွင်ထိန်းချုပ်ပတ်လမ်း (phase control circuits) များတည်ဆောက်ရာတွင် အသုံးပြုနိုင်သည်။

ယင်းပတ်လမ်းများသည် ထိန်းချုပ်ခြင်းအတွက် ပေးအပ်အေဒီဗို့အား၏ လှိုင်းဝက်နှစ်စလုံးကို အသုံးပြုသည်။ သို့ဖြစ်၍ control circuits နှင့် ပတ်သက်၍ **အထူးသဖြင့်** triac သည် အလွန်အသုံးကျသည်။

ပုံ (၁၉) တွင် triac ဖြင့် phase control ပြုလုပ်သည့် ပတ်လမ်းကို ဖော်ပြထားသည်။

Triggering pulse ကို diac ဖြင့် ထုတ်လုပ်ပေးခြင်းဖြင့် ပတ်လမ်းကို အလွန်ရှင်းလင်းစေသည်။

လျှပ်သို C သည် လျှပ်ခံရှင် R_1 နှင့် R_2 တို့ကို ဖြတ်၍ အားသွင်းခြင်းခံရသည်။



ပုံ (၁၉)

လျှပ်သို C ၏ ဗို့အားသည် diac ၏ break over ဗို့အားသို့ ရောက်သည်နှင့် diac သည် လျှပ်ကူးမှုဖြစ်ပြီး ယင်းမှတစ်ဆင့် triac ကို လျှပ်ကူးမှု ဖြစ်စေသည်။

လျှပ်ကူးမှုဖြစ်စေသည့်အချိန်ကို လျှပ်ခံရှင် R_1 ဖြင့် ချိန်ညှိနိုင်သည်။

Triac အလုပ်လုပ်ပုံနှင့်သဘောသဘာဝကို စမ်းသပ်ခြင်း



ပုံ (၂၀) တွင် ပြထားသည့်အတိုင်း ပတ်လမ်းကို ဆက်သွယ်ပြီး ပိုတင်ရှိမီတာကို ချိန်ညှိခြင်းဖြင့် ပုံ(၁၈)တွင် ပြထားသော သဘောသဘာဝပုံကို ရရှိမည်။

U6 သုညဖြစ်ချိန်တွင် triac 'OFF' ဖြစ်ပြီး၊ triac အပေါ်တွင် ပေးအပ်ဗို့အား အကုန်ကျနေမည်။

U6 မြင့်တက်ပြီး triac 'ON' ဖြစ်လျှင် triac အပေါ်တွင် ဗို့အားအနည်းငယ်သာ ရှိပြီး လျှပ်စီး I ရုတ်ခြည်းမြင့်တက်မည်။

I အလွန်များပြီး triac မပျက်စီးစေရန် လျှပ်ခံ R1 ဖြင့်လျှပ်စီး I ကို ထိန်းချုပ်ပေးသည်။

အမှတ် A နှင့် B ကြားတွင် oscilloscope CH I ကိုလည်းကောင်း၊ အမှတ် C နှင့် B ကြား တွင် CH II ကိုလည်းကောင်း တပ်ဆင်၍ စမ်းသပ်ကြည့်ရာပုံ (၁၉) တွင် ပြထားသော မျဉ်းကွေးကို ရရှိမည်။

အမှတ် C နှင့် B ကြားတွင် ပေါ်သောဗို့အားသည် လျှပ်ခံ R1 တွင် ကျရောက်သော ဗို့အားလှိုင်းပုံ ဖြစ်သည်။ ယင်းသည် လျှပ်စီး I ၏ လှိုင်းပုံနှင့် တူညီသည်။ ပမာဏသာ ကွာခြားသည်။

Gate ဗို့အား U6 ကို အတိုးအလျှော့လုပ်ပေးခြင်းဖြင့် လျှပ်စီး I ရုတ်ခြည်းမြင့်တက်စေသောအချိန်ကို တိုးနိုင်/လျှော့နိုင်သည်။

လျှပ်ခံ R ကို တိုးပေးခြင်းဖြင့် ပေးအပ်ဗို့အားသုည ဖြစ်ချိန်စောလေဖြစ်ပြီး triac 'OFF' ဖြစ်လေဖြစ် သည်။

HYDRAULIC CONTROL

HYDRAULIC

Hydraulic ဆိုသောစကားသည် **Hydro** ဟုခေါ်သည့်အရည်ဟူသော စကားမှ ဆင်းသက် လာခြင်း ဖြစ်သည်။ ထို့ကြောင့် **Hydraulic** ကိုအရည်များနှင့် ပတ်သက်သော ဘာသာရပ်ဟု ဆိုနိုင်သည်။ ထိုသို့အရည်များနှင့်ပတ်သက်သော ဘာသာရပ်ဟုဆိုလိုက်လျှင် **Hydraulic** သည် အလွန် ကျယ်ပြန့်သွားမည် ဖြစ်သည်။ ကျွန်ုပ်တို့သည် **Automation** ခေါ် **Control Engineering** ဘာသာကို လေ့လာနေသည်ဖြစ်သဖြင့် **Control** နှင့်ပတ်သက်သော **Hydraulic** ကို လေ့လာသွားပါမည်။ ၎င်း **Control Hydraulic** သည်လည်း **Hydraulic** ဘာသာရပ်ကြီး၏ အခြေခံသဘောတရားများမှ ကင်းကွာ သွားမည်မဟုတ်ပေ။ ထို့ကြောင့် **Hydraulic Control** နှင့်ပတ်သက်သော **Hydraulic** ကို အဓိပ္ပါယ် သတ်မှတ်လျှင် **Hydraulic** ဆိုသည်မှာ အရည်အမျိုးမျိုးကို ကြားခံပစ္စည်းအဖြစ် အသုံးပြု၍ **Force** နှင့် **Energy** များကို တနေရာမှ တနေရာသို့ ပို့ဆောင်ခြင်းနှင့် ထိန်းချုပ်ခြင်းတို့ကို လေ့လာသော ဘာသာရပ်ဖြစ်သည်။ ထိုသို့ အရည်တခုကို ကြားခံအဖြစ် အသုံးပြုထိမ်းချုပ်ရန်အတွက် **Processing Element** များလိုအပ်လေသည်။Hydraulic Control တစ်ခု၏ Energy Flow ကို အောက်ပါအတိုင်း ဖော်ပြနိုင်သည်။



Mechanical Energy ကို **Engine, Motor** စသည့် လည်ပတ်မှု တခုခု မှရရှိကာ ၎င်းလည်ပတ်မှုမှ **Hydraulic Pump** ကိုမောင်းနှင်၍ **Hydraulic Energy** ရရှိလေသည်။ ၎င်း **Hydraulic Energy** ကို **Pressure Valve** များ **Directional Control Valve** များ **Flow Control Valve** များစသည့် **Processing Element** များအသုံးပြု၍ လိုအပ်သလို ထိန်းချုပ်ကာ **Output** အဖြစ် **Mechanical Energy** ကို **Hydraulic Cylinder** များ၊ **Hydraulic Motor** များမှတဆင့် ပြန်လည်ရရှိစေသည်။ Energy Transfer ပြုလုပ်ခြင်းနှင့် Control ပြုလုပ်ခြင်းကို **Pneumatic**

တွင်လည်း လေ့လာခဲ့ပြီးဖြစ်သည်။ **Hydraulic** နှင့် **Pneumatic** ၏ကွာခြားချက်မှာ **Hydraulic** သည်အလွန်ကြီးမားသော **Energy** နှင့် **Force** ကို ထိန်းချုပ်နိုင်ခြင်းပင်ဖြစ်သည်။ **Pneumatic** မှာမူ **Working Pressure 7 bar** ထက်ကျော်လွန်ပါက လေသည် ငွေ့ရည်အဖြစ်ပြောင်းနိုင်သဖြင့် အသုံးပြုရန် မသင့်လျော်တော့ပေ။ **Hydraulic Control** ကိုအသုံးပြုခြင်းဖြင့် ရရှိသော အားသာချက်များကို အောက်တွင် ဖော်ပြထားသည်။

Advantage of Hydraulic Control

၁။ ကြီးမားသော စွမ်းအင်နှင့်အားကို ၎င်းနှင့်နှိုင်းယှဉ်ပါက အလွန်သေးငယ်သော ထိန်းချုပ်ကရိယာနှင့် စိုက်အားကို အသုံးပြု၍ ထိန်းချုပ်နိုင်ခြင်း၊

၂။ စွမ်းအင်နှင့်အားကို အဝေးတနေရာသို့လွယ်ကူစွာပို့ဆောင်နိုင်ခြင်း၊

၃။ အဝေးထိန်းစနစ်အသုံးပြုနိုင်ခြင်း၊

၄။ စွမ်းအင်ကို အတိုင်းအတာတခုထိသိုလှောင်ထားနိုင်ခြင်း၊

၅။ ဝန်အပြည့်ဖြင့်ရပ်နေရာမှ အမြင့်ဆုံးမြန်နှုန်းထိ တိုက်ရိုက်မောင်းတင်နိုင်ခြင်း၊

၆။ ပြောင်းပြန်လားရာကို ချက်ချင်းပြောင်းနိုင်ခြင်း၊

၇။ အလိုအလျောက် Regulating စနစ်များတပ်ဆင်နိုင်ခြင်း၊

၈။ Over Load ဖြစ်မှုမရှိခြင်း၊

၉။ Automatic Program များဖြင့် Control ပြုလုပ်နိုင်ခြင်း၊

၁၀။ သက်တမ်းကြာမြင့်ခြင်း Long Service Life

Disadvantage

၁။ မြင့်မားသောဖိအား (**250 bar to 300 bar**) ကိုအသုံးပြုရသဖြင့် ၎င်း **Pressure** တွင် အလုပ်လုပ် နိုင်သည့် **Seal** များ **Material Element** များ နည်းပညာ **Technology** များ ရွေးချယ် အသုံးပြုရခြင်း၊လူနှင့် စက်ကရိယာများအတွက် အန္တရာယ်ရှိခြင်း

၂။ အသုံးပြုသော **Oil** ၏စေးပြစ်မှုကြောင့်၎င်း၊ ပစ္စည်းကရိယာများ၏ Internal Leakage ကြောင့်၎င်း၊ **Energy** များဆုံးရှုံးနိုင်ခြင်း၊

၃။ ဆီ၏ အပြန်လမ်းအတွက် သီးခြားပိုက်တခုတပ်ဆင်ပေးရခြင်း၊

Hydraulic Oil

Hydraulic System တခုတွင် Hydraulic Oil သည်မရှိမဖြစ်လိုအပ်သည်။ Hydraulic Oil အဖြစ် အသုံးပြုရမည့် ဆီတခုအနေဖြင့် အနည်းဆုံး အောက်ပါအရည်အသွေးများရှိရမည်။

၁။ Hydraulic Energy ကိုသယ်ဆောင်ပေးနိုင်ရမည်၊
Hydraulic Pump To Hydraulic Cylinder, Hydraulic Motor

၂။ ၎င်းနှင့် ထိစပ်လှုပ်ရှားနေသော အားလုံးသော Hydraulic Element များအတွက် Lubricant အဖြစ်အသုံးဝင်ရမည်၊

၃။ ၎င်းနှင့်ထိစပ်နေသော Hydraulic Element များ၏အတွင်းမျက်နှာပြင်များ Corrosion ဖြစ်ခြင်းမှ ကာကွယ်နိုင်ရမည်၊

၄။ ပွန်းစားသွားသော အမှုန်အမွှားများကိုသယ်ဆောင်သွားနိုင်ရမည်၊

၅။ System ၏ အပူချိန်ကို တနေရာမှ တနေရာသို့ သယ်ဆောင်ထုတ် ပစ်နိုင်ရမည်၊

Hydraulic Energy

Hydraulic System တစ်ခုအတွင်းကိန်းအောင်းနေသော Energy ကို သုံးသပ်ပါက အရွေ့စွမ်းအင်နှင့် အတည်စွမ်းအင်ဟူ၍ နှစ်မျိုးခွဲနိုင်သည်။ အတည်စွမ်းအင်ဖြစ်သည့် ကမ္ဘာမြေကြီးကြောင့် ဖြစ်ပေါ်လာသည့် စွမ်းအင်ကို ဥပက္ခာပြုပါက ၎င်း System တွင် Pump မှ Hydraulic ဆီကို ပိုက်လိုင်းတလျှောက် စီးဆင်းသွားစေရန်တွန်းသည့် အရွေ့စွမ်းအင်နှင့် လိုင်းခုခံမှုနှင့် ဝန်ခုခံမှုကြောင့် ဖြစ်ပေါ်လာသည့် Pressure စွမ်းအင်ဟုနှစ်မျိုးရှိမည်။ ပိုက်လိုင်းတလျှောက် စီးသွားသော အရည်တခု၏ စွမ်းအင်ကို အောက်ပါအတိုင်း တွက်ယူနိုင်သည်။

$$P = Q.P$$

$$P = \text{Watt}$$

$$Q = m^3/\text{Sec}$$

$$P = N/m^2$$

Hydraulic Oil ၏အရည်အသွေးတခုမှာစေးပြစ်မှု Viscosity ဖြစ်သည်။ ပြစ်လွန်းပါက ပိုက်လိုင်းနှင့် Element များကြားတွင် ခုခံမှုများလာပြီးစက်၏ Efficiency ကျဆင်းနိုင်သကဲ့သို့

ကျဲပါကလည်း Element များ၏ Clearace အတွင်းဝင်ရောက်၍ Leakage ဖြစ်သဖြင့်စက်၏ Efficiency ကျဆင်းပြန်လေသည်။ Hydraulic Element များထုတ်လုပ်သူမှ အသုံးပြုရမည့်ပြစ်ကျဲအဆင့်ကို သတ်မှတ်ပေးထားရာ ၎င်းကို သတိပြုရ၏။ ကျွန်ုပ်တို့ မြန်မာနိုင်ငံအနေဖြင့် အပူပိုင်းတိုင်းပြည်ဖြစ်ရာ အအေးပိုင်းတိုင်းပြည်များမှ အဆင်သင့် ဝယ်ယူသုံးစွဲသောစက်များအတွက် ၎င်းတို့ထည့်ပေးလိုက်သော Hydraulic Oil မှာ၎င်းတို့တိုင်းပြည်အနေဖြင့် အဆင်ပြေသော်လည်း မိမိတို့တိုင်းပြည်တွင် အပူရှိန်ကြောင့် ပိုမိုကျဲလာနိုင်သဖြင့် သင့်တော်သော Hydraulic Oil များပြောင်းလဲထည့်ပြီးမှသာ အသုံးပြုသင့်သည်။

Hydraulic Oil Filter

Hydraulic System တခုသက်တမ်းပြည့်အသုံးပြုနိုင်ရန်အတွက် Hydraulic Filter သည် အလွန်အရေးကြီး ပေသည်။ စက်ပစ္စည်းများပွတ်တိုက်မှုကြောင့်၎င်း လေထဲမှလိုက်ပါလာသော အမှုံအမွှားများကြောင့်၎င်း Hydraulic Oil အတွင်းတွင် မလိုလားအပ်သည့် Outside Material များ ပါဝင်လာကာလှုပ်ရှားနေသည့်စက်ပစ္စည်းအစိတ်အပိုင်းများ အတွင်းဝင်ရောက်ကာစက်ပစ္စည်း အစိတ်အပိုင်းများကိုပွန်းစားစေသည်။ ထိုအဖြစ်မျိုးမှ ကာကွယ်ရန်အတွက် Hydraulic System အတွင်း Filter များတပ်ဆင်အသုံးပြုရလေသည်။ System တခုတွင် အသုံးပြုရမည့် Filter ၏အရည်အသွေးကို စက်ပစ္စည်း ထုတ်လုပ်သူမှ အတိအကျ ညွှန်ကြားထားရာ ၎င်းအမျိုးအစားအတိုင်းတပ်ဆင်ရမည်ဖြစ်သည်။ Filter တပ်ဆင်ပုံ တပ်ဆင်နည်း အမျိုးမျိုးရှိရာ ဆက်ဖော်ပြအပ်ပါသည်။

၁။ **Suction Line Filtration**

Pump အဝင်လိုင်းတွင် Filter တပ်ဆင်ခြင်းဖြစ်သည်။ Pump အတွင်းသို့ဝင်လာမည့် ဆီများကို စစ်ခြင်းဖြစ်သည်။ Filter များပိတ်ပါက Calvitation ခေါ် စုပ်အားကြောင့် ဆီအမြှုတ်များဖြစ်လာကာ စက်စွမ်းအင်ကျဆင်းနိုင်သည်ကို သတိပြုရမည်။

၂။ **Prussure Line Filtation**

Pump အထွက်လိုင်းတွင် တပ်ဆင်ခြင်းဖြစ်သည်။ Hydraulic Element များအတွင်းသို့ အမှုံအမွှားများ မဝင်စေရန် တပ်ဆင်ခြင်းဖြစ်သည်။

၃။ Return Line Filtration

Hydraulic System ၏စုပေါင်း Return တွင်တပ်ဆင်ခြင်းဖြစ်သည်။ System အတွင်းမှ ပါလာသော အမှုံအမွှားများကို တခါတည်းစစ်ပြီး Oil Tank အတွင်းသို့ ပြန်ဝင်စေခြင်းဖြစ်သည်။

Hydraulic Pump

Hydraulic Pump သည် Mechanical Energy မှ Hydraulic Energy သို့ ပြောင်းပေးရသော ပစ္စည်း ဖြစ်သည်။

တနည်းပြောရသော် Hydraulic Oil ကို တနေရာမှတနေရာသို့ သွားစေရန် တွန်းပို့သော ပစ္စည်းဖြစ်သည်။

ထို့ကြောင့် Hydraulic Pump ဆိုသည့် Mechanical စွမ်းအင်မှအရည်တခု၏ စီးဆင်းမှုစွမ်းအင်သို့ ပြောင်းပေးသော ပစ္စည်းဖြစ်သည်။ Hydraulic Pump သည် Pressure ကို ဖန်တည်းမပေးပေ။

Hydraulic Pump ကိုအတွင်းမှတည်ဆောက်ပုံကိုလိုက်၍ Vane Pump. Gear Pump. Piston Pump စသည်ဖြင့် အမျိုးမျိုးခွဲခြားနိုင်သော်လည်း အသုံးပြုပုံကိုလိုက်၍ Constant နှင့် Variable Displacement Pump နှစ်မျိုးသာခွဲခြားနိုင်သည်။

Constance Pump မှာရင်းပေးပို့နိုင်သော ဆီပမာဏမှာ လည်နှုန်းတစ်ခုအတွက် ကိန်းသေဖြစ်၍ ပြင်ပမှ အကျိုးသက်ရောက်မှုတခုဖြင့် တန်ဖိုးပြောင်းမပေးနိုင်ပေ။

Variable displacement Pump မှာမူပြင်ပမှအကျိုးသက်ရောက်မှုတခုခု ပြုလုပ်ခြင်းဖြင့် ၎င်း၏ဆီပို့နှုန်းကို ပုံသေလည်နှုန်းတစ်ခုတွင်ပြောင်းပေးနိုင်သော Pump အမျိုးအစားဖြစ်သည်။

Characteristic of Hydraulic Pump

မည်သည့် Hydraulic Pump ဖြစ်စေ၎င်း၏ Name Plate ကိုကြည့်ပါကများသော အားဖြင့် အောက်ပါတို့ကိုဖော်ပြကြသည် -

၁။ Delivery (L/min Gal/min. cm^3/min. m^3/sec)

၂။ R.P.M

၃။ Pmax

အခြားအကြောင်းအရာများဖြစ်သည့် အသုံးပြုရမည့် Oil အမျိုးအစား Viscosity Sealing အမျိုးအစားစသည်တို့ပါရှိတတ်သော်လည်း ၎င်းအထက်ပါသုံးခုမှာ အရေးအကြီးဆုံး ဖြစ်သည်။ ၎င်းတို့အနက်Deliveryသည်၎င်း Pump ၏ Capicity ကိုဖော်ပြလေသည်။

Pump တစ်လုံးအသုံးပြုရာ၌၎င်း Pump ကောင်းမကောင်းကို ၎င်းအရည်အသွေးပေါ် **မူတည်၍ စမ်းသပ်လေသည်။ Constance Pump တလုံးသို့မဟုတ် Settingတခုတွင် ချိန်ထားသော Variable Pump တလုံးကို Load အမျိုးမျိုးတွင် မောင်းစေ၍စမ်းသပ်ပါက ၎င်း၏ Delivery အတိုင်းအသေ ရှိနေရမည်။ Load များချိန်တွင် Delivery ကျသွားပါက၎င်း Pump ကျနေပြီဟု ပြောနိုင်လေသည်။ ၎င်းကိုအောက်ပါအတိုင်း Pump ဆင်၍ရရှိသော အဖြေကို Graph ဆွဲကာစမ်းသပ်ခြင်းဖြင့် သိနိုင်လေသည်။**



1	**=**	**Pump**	**2**	**=**	**Pressure Relief Valve**
3	**=**	**Shut off Valve**	**4**	**=**	**Pressure Guage**

ဖော်ပြပါ Circuit တွင်စမ်းသပ်မည့် Pump အထွက်တွင် Pressure Relief Valve တလုံးခံ၍ တပ်ဆင်ထားသည်၊၎င်း Pressure Relief Valve ဖြင့် Pump ၏အများဆုံးခံနိုင်သည့် Pressure ထက်မကျော်စေရန်ချိန်ထားပြီး Shut off Value ဖြင့် Pressure အမျိုးမျိုးချိန်ကာ Shut off Valve အထွက်တွင် Delivery တိုင်းကြည့်ခြင်းဖြင့်၎င်း Pump ၏အရည်အသွေးကို စမ်းသပ်နိုင်လေသည်။



Pressure Relief Valve

ရည်ရွယ်ချက်

ပြင်ပမှ Adjustable Screw ကိုအတင်းအလျှော့ပြုလုပ်ပေးခြင်းဖြင့် Working Pressure ကိုချိန်ဆပေးနိုင်ရန် တည်ဆောက်ထားသော Valve ဖြစ်သည်။ Pressure Relief Valve ကို System ၏ Safety Valve အဖြစ် Pump နှင့် Actuator များ Over Load မဖြစ်စေရန် ကာကွယ်ရန်အတွက် အသုံးပြုသည်။ ၎င်း Valve ကိုအသုံးပြု၍ Working Pressure ကိုထိန်းပေးခြင်းဖြင့် စက်ပစ္စည်းများ၏ တွန်းအားဆွဲအားစသည်တို့ကိုလည်း ချိန်ညှိပေးနိုင်သည်။

တည်ဆောက်ထားပုံ

Pressure Relief Valve ကို Plunger Valve အဖြစ်၎င်း၊ Ball Valve အဖြစ်၎င်း တည်ဆောက် ကြသည်။နောက်ပိုင်းတွင် Pressure Reliey Valve ကို Plunger Valve အဖြစ်သာ တည်ဆောက် ကြသည်။ Production Process အရ အဆင်ပြေစေရန် အားလုံးသော Valve များကို Housing ပုံစံတမျိုးတည်း ပြုလုပ်၍ အဲတွင်းမှ Plunger Design ပြောင်းပေးခြင်းဖြင့်

အမျိုးအစားပြောင်းလဲ အသုံးပြုကြသည်။

Pressure Relief Valve တွင် အဓိကအားဖြင့် အောက်ပါ ပစ္စည်းများ ပါဝင်တပ်ဆင် တည်ဆောက် ထားသည်။





1. Body/Housing
2. Plunger
3. Compression spring
4. Setting screw

အလုပ်လုပ်ပုံ

Normal Position တွင် Plunger သည် Adjustable Spring ၏တွန်းအားကြောင့် Port B ကိုပိတ်လျက်ရှိသည်။ Port A မှဝင်လာသော ဆီဖိအားသည် Plunger ဖြင့် Spring ကိုဆန့်ကျင်၍ တွန်းစေမည့်အား ဖြစ်ပေါ်စေသည်။ Port A မှဆီ၏ဖိအားများလျှင် များသလို Spring ကိုဆန့်ကျင်တွန်းရမည့်အားပိုများပြီး ဖိအားနည်းလျှင် တွန်းအားနည်းမည်။ ထို Spring

ကိုဆန့်ကျင်၍ တွန်းသည့် အားသည် Spring ၏တွန်းအားထက် ပိုများလာသောအခါ Plunger ကို Spring တွန်းအားနှင့် ဆန့်ကျင်၍ရွေ့လျားစေမည်။ ထိုအခါ Port B ပွင့်သွားပြီး A မှဖိအားများဆီတို့သည် B မှတဆင့် Exhaust သို့ဆင်းသွားကာ ဖိအားကျဆင်းလေသည်။ ထိုအခါ Spring တွန်းအားသည် ပိုများသွားသဖြင့် Plunger ကို Spring မှတွန်းကာ Port B ကို ပြန်ပိတ်စေပြန်လေသည်။ Port A မှဖိအားသည် Adjustable Spring ကိုချိန်ညှိထားသည့်အား ထက်ပိုသောအခါ Port B ကိုဖွင့်၍ ဖိအားလျော့ချပေးပြီး Port A မှဖိအားသည် Spring အားထက်နည်းသောအခါ Port B ကိုပိတ်ထားမည်။ Spring ၏တင်းအားကို ပြင်ပမှအတင်းအလျော့ပြုလုပ်ပေးခြင်းဖြင့် ပွင့်ရမည့် ဖိအားအနေအထားကို ချိန်ညှိပေးနိုင်လေသည်။

Symbol



Directional Control Valves

ရည်ရွယ်ချက်

Directional Control Valve များသည် ဆီ စီးဆင်းသည့်လားရာကို လိုအပ်သလို ထိမ်းချုပ်ပေးခြင်းဖြင့် Hydraulic Cylinder များ Hydraulic Motor များကို မောင်းနှင်ရန်ဖြစ်သည်။

တည်ဆောက်ပုံနှင့်အလုပ်လုပ်ပုံ

Direction Control Valve များကို Plunger Valve နှင့် Poppet Valve ဟူ၍ နှစ်မျိုးခွဲ တည်ဆောက်ကြသည်။ Switching Space အလွန်တိုရန် လိုအပ်သောလုပ်ငန်းများအတွက် Poppet Valve များကိုအထူးတည်ဆောက်၍ အသုံးပြုသည်မှလွဲ၍ Plunger Valve များကို Generally အားဖြင့်တည်ဆောက်ကြသည်။

Plunger Valve များကို အောက်ပါပစ္စည်းများဖြင့်တည်ဆောက်ထားသည်။

1. Housing/Body 2. **Spool**
3. Hand Lever သို့မဟုတ် **Operation Element** 4. **Compression Spring**

Spool Valve များတွင် **5/2 way** နှင့် **5/3 way Valve** များမှလွဲ၍ယေဘုယျအားဖြင့် Housing များကို တပုံစံတည်းတည်ဆောက်ကာ **Plunger** ကိုသာပုံစံအမျိုးမျိုးပြုလုပ်၍ ပြောင်းလဲကာ အမျိုးအစားခွဲ အသုံးပြုသည်။ အောက်တွင် **Valve** အမျိုးအစားနှင့်တကွ **Plunger** Design ပုံစံအမျိုးမျိုးကို ဖော်ပြ ထားသည်။

Manual Operated Valve ဖြစ်ပါက **Hand Level** ကိုအသုံးပြုသည်။ အခြား **Solenoid Operated, Hadraulic Operated, Pneumatic Operated** စသည်ဖြင့်လည်း **Valve** များကို အမျိုးမျိုး မောင်းနှင်နိုင်လေသည်။

Compression Spring များကို **Return Spring** များအဖြစ်ရင်း **Position** သုံးခုရှိသော **Valve** များအတွင်းအလယ် **Position** ဖြစ်သည့် **Normal Position** သို့အလိုအလျောက် ပြန်ရောက်ရန်အတွက် ၎င်းအသုံးပြုသည်။

Hydraulic Power Pack

ရည်ရွယ်ချက်

Hydraulic Power Pack ကို Hydraulic System တွင်Hydraulic Power Source အဖြစ် အသုံးပြုနိုင်ရန်လိုအပ်သော အစိတ်အပိုင်းစက်ကိရိယာများကို တစ်နေရာတည်းတွင် တစ်စုတစ်ပေါင်းတည်း တပ်ဆင်တည်ဆောက်ထားသည်။

တည်ဆောက်ထားပုံ

Hydraulic Power Pack ကို အနည်းဆုံး အောက်ပါပစ္စည်းများဖြင့် **တပ်ဆင်** တည်ဆောက် ထားသည်-



1. Oil Reservoir
2. Hydraulic Pump and Drive & Motor
3. Pressure Relief Valve
4. Pressure Gauge
5. Shut off Valve

Hydraulic Power Pack ၏ Reservoir ကို ပုံတွင် ပြထားသည့်အတိုင်း တည်ဆောက်ထား သည်။ ၄င်း Reservoir ပေါ်တွင်မှ ကျန်သောအစိတ်အပိုင်းများကို

တပ်ဆင်ထားသည်။ Control Block များတပ်ဆင်မည်ဆိုပါကလည်း ၎င်း Reservoir နှင့် ပင်တွဲလျှက်တပ်ဆင်သည်။ Hydraulic Power Pack အတွင်းထည့်မည့် Hydraulic Oil ကို ဆီစစ်နှင့် စစ်ပြီးမှသာ Reservoir အတွင်းသို့ဖြည့်သွင်းသည်။ အဝင် Port နှင့် အထွက် Port ကို နီးကပ်စွာမထားဘဲ တစ်ဖက်နှင့် တစ်ဖက် ဖြတ်စီးနိုင်သောWire ဖြင့် ကန့်ထားသည့် **အကန့်တဘက်ဆီတွင် ထားခြင်းဖြင့်အပြန်လိုင်းမှ အရှိန်နှင့် လာသောဆီကြောင့် ဖြစ်သည့် ဆီဘောင်ဘင်ခတ်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် လေဘူဘောင်းများ Suction Line အတွင်းသို့ ဝင်လိုက် မသွားစေရန် ကာကွယ်ထားသည့် Main Hole တွင် ဆီ၏ Maximum နှင့် Minimum Lavel ကို ဖော်ပြထားသည်။ စက်မောင်းနှင်နေစဉ်အတွင်း Min Level ထက် ပိုနိမ့်သွားသည့် အနေအထားသို့ မရောက်စေရန် ဂရုပြုရမည်။**

Hydraulic Power Pack ၏ တည်ဆောက်ပုံကိုအောက်တွင် **Circuit Dirgram**ဖြင့် ဖော်ပြ ထားသည်။ **Pump** သည် **Mechanical Energy** ကို **Hydraulic Energy** သို့ပြောင်းပေးခြင်းဖြင့် ဆီ၏ စီးဆင်းမှု ကိုဖန်တီးပေးပြီး **Pump** အထွက်တွင် **Pressure Relief Valve** ခံထားခြင်းဖြင့် **Pump** မှ ပေးပို့သော ဆီ၏ဖိအားကို **System** ၏ **Maximum Pressure** ထက်မကျော်လွန်စေရန် စီစဉ်ထားသည်။

Shut Off Valve မှာ **System** အတွင်းသို့ ပို့သောဆီကို ဖြတ်တောက်ရန်ဖြစ်သည်။



Single Acting Cylinder

ရည်ရွယ်ချက်

Hydraulic အရည်စီးဆင်းမှု စွမ်းအင်မှ မျဉ်းဖြောင့်အတိုင်း ရွေ့လျားမှုနှင့်အားသို့ ပြောင်းလဲပေးရန် အသုံးပြုသည်။

အသုံးပြုပုံ

Single Acting Cylinder များကို Hydraulic System များတွင် Working Element အနေနှင့်အရာဝတ္ထုများကို မရန်၊ တွန်းရန်လိုစသည့် LinearMotion ရရှိရန်အတွက် အသုံးပြုသည်။

တည်ဆောက်ပုံ

Single Acting Cylinder ကို With Return Spring နှင့် Without Return Spring ဟုနှစ်မျိုးခွဲ နိုင်သည်။ Return Spring ပါသော Single Acting Cylinder များကို Position အမျိုးမျိုးအသုံး ပြုနိုင်သော်လည်း Return Spring မပါသော Cylinder များအထွက် Piston ပြန်ဝင်ရန်အပြင်မှ Gravity Force သို့မဟုတ် External Force လိုအပ်သည်။ များသောအားဖြင့် Single Acing Cylinder များကို အောက်ပါအစိတ်အပိုင်းများဖြင့် ဆောက်ထားသည်-

1.Cylinder 2.Piston Rod 3. Piston 4.Cover 5.Piston Rings

အလုပ်လုပ်ပုံ

လုပ်ငန်းလုပ်ဆောင်ပုံမှာ Pneumatic Single Acting Cylinder အတိုင်းပင်ဖြစ်သည်။ A အပေါက်မှ ဆီဝင်လာသောအခါ Cylinder Piston ကိုတွန်း၍ ရွေ့လျားစေသည်။ Piston Rod ဘက် ခြမ်းတွင် Ventilation Hole ပွင့်နေစေရမည်။ ၎င်းVentilation ပိတ်နေပါက Cylinder ထွက်လာ မည်မဟုတ်ပေ။ A အပေါက်မှဝင်လာသော ဆီကို Exhaust ပြန်ပြုလုပ် လိုက်ပါက ပြင်ပမှ External Load ဖြင့် Cylinder Piston ပြန်ဝင်လာမည်ဖြစ်သည်။ Single Acting Cylinder ကို 3/2 way Valve ဖြင့်မောင်းနှင်သည်။



Symbol

Return by integral return spring



Single acting cylinder with external return force



Double Acting Hydraulic Cylinder

ရည်ရွယ်ချက်

Double Acting Cylinder သည် Hydraulic စီးဆင်းမှုစွမ်းအင်မှ မျဉ်းဖြောင့်အတိုင်း ရွေ့လျား မှုနှင့်အားသို့ ပြောင်းလဲရန် အသုံးပြုသည်။ လားရာနှစ်ဘက်စလုံးအတွက် Hydraulic စွမ်းအင်ကို အသုံးပြုသည်။

အသုံးပြုပုံ

Hydraulic System များတွင်လားရာနှစ်ဘက်စလုံး Hydraulic စွမ်းအင်ကို အသုံးပြုသည့် Force နှင့် Motion များလိုအပ်သည့်အခါ အသုံးပြုသည်။

တည်ဆောက်ပုံ

Double Acting Cylinder များတည်ဆောက်ရာတွင် လုပ်ငန်းလိုအပ်ချက်ပေါ်မူတည်၍ **Double End Piston Rod** ပုံစံနှင့် **Single end Piston Rod** ဟုနှစ်မျိုး ပြုလုပ်လေ့ရှိသည်။ ထို့အပြင် **Differential Circuit** များတွင်အသုံးပြုရန် **Differential Cylinder** များလည်းတည်ဆောက်ကြသည်။ **Double end Piston Rod** အမျိုးအစား **Cylinder** များသည် အဝင်နှင့်အထွက်မြန်နှုန်းများတူညီကြသည်။ **Double Acting Cylinder** များကို ယေဘုယျအားဖြင့် အောက်ပါအဓိကအစိတ်အပိုင်းများဖြင့် တည်ဆောက်ထားသည် -



1. Cylinder 2. Piston Rod 3.Piston 4.Cover 5.Piston Rings



အလုပ်လုပ်ပုံ

Hydraulic Double Acting Cylinder များကို 3/2 way valve, 4/2 way valve5/2way valve, 5/3 way valve များဖြင့်မောင်းနှင်ကြသည်။ ပုံတွင် Port A မှ Hydraulic ဆီရရှိသောအခါ Port B တွင် Exhaust နှင့်ဆက်သွယ်စေသည်။ ထိုအခါဆီတွန်းအားကြောင့် Piston ထွက်လာမည်။ Port B ကို ဆီပို့လိုင်းနှင့် ဆက်သွယ်၍ Port A ကို Exhaust လိုင်းနှင့်ဆက်သွယ်လိုက်လျှင် Piston Rod ဘက်ခြမ်းမှပြန်၍ဆီတွန်း၍ Cylinder သည်ပြန်၍ဝင်လာမည်ဖြစ်သည်။

Symbol

Double acting cylinder with single ended piston rod



Double acting cylinder with double ended piston rod



Calculation of force and piston speed

Force = Piston area * Maximum working pressure

= cm^2 * bar

= N

1 bar = 10 N/cm^2

Piston speed = Delivery/piston area

= cm^3 / sec / cm^2

= cm/sec

Check Valve

ရည်ရွယ်ချက်

Check Valve ကို non-returnValveဟုလည်းခေါ်သည်။ ၎င်းသည် လားရာတစ်ဘက်တည်းသို့ သာဆီကို စီးဆင်းစေ၍ ဆန့်ကျင်ဘက်လားရာသို့ ဆီစီးဆင်းမှုကို တားဆီးစေရန် ရည်ရွယ်၍တည် ဆောက်ထားသည်။

အသုံးပြုပုံ

Check Valve ကို Hydraulic System အတွင်း၌လားရာတဘက်တည်းသို့သာ ဆီစီးဆင်းစေ လိုသောနေရာမျိုး၌ အသုံးပြုသည်။ ထို့အပြင် Rubber Hose များ၏ Quick Coupling များ၌ ဆီပိုက်အတွင်းမှ ဆီများပိုက်ဖြုတ်စဉ်တွင် အပြင်သို့ မထွက်စေရန် အသုံးပြုသည်။ တို့အပြင် Drain Line အတွင်း၌ဆီအမြဲတမ်းရှိနေစေရန် လည်း အသုံးပြုသည်။ Hydraulic Pump များ၏ အထွက်လိုင်းနှင့် Back Pressure (Rebound Return of the Hydraulic Fluid) ကြောင့် Pump ပျက်စီးခြင်းမှ ကာကွယ် ရန်လည်း တပ်ဆင်အသုံးပြုကြသည်။

တည်ဆောက်ပုံ

Check Valve ကို Check Valve with Return Spring နှင့် Check Valve Without

Return Spring ဟူ၍နှစ်မျိုးထုတ်လုပ်ကြသည်။ များသောအားဖြင့် **Check Valve** ကို အောက်ပါအဓိက ပစ္စည်းများဖြင့် တည်ဆောက်ထားသည်။

1. **Body**
2. **Taper Plug**
3. **Copression Spring**

Body အတွင်းမှ **Taper Valve Seat** ပေါ်တွင် **Taper Plug** ကို **Spring** အားဖြင့် တွန်းပိတ်ထား သည်။ **spring** မပါသောအမျိုးအစားတွင် **Taper Plug** သည် **GuideLine** အတွင်း ရွေ့လျားနိုင်၍ ဆီဖိအားဖြင့်သာ ၎င်း၏အထိုင်ပေါ်တွင် ထိုင်၍ပိတ်သည်။ ဆီစီးဆင်းနိုင်မည်လားရာကို **Housing** ပေါ် တွင် သင်္ကေတဖြင့် ဖေါ်ပြထားသည်။



အလုပ်လုပ်ပုံ

ပုံတွင်ပြထားသည့်အတိုင်းလားရာ **A to B** သို့ **Hydraulic** ဆီစီးပါက **Taper Plug** ကို ဆီအားဖြင့် တွန်းဖွင့်၍ ဆီစီးဆင်းသွားမည်။ **A** မှ **B** သို့ ဆီစီးဆင်းမှုကို ရပ်လိုက်ပါက **Spring** အားကြောင့် **Taper Plug** သည်၎င်း၏ အထိုင်ပေါ် သို့ဖိချလိုက်ပြီး လမ်းကြောင်းပိတ်သွားမည်။ **B to A** သို့စီးဆင်းစေ သောအခါ လမ်းကြောင်းသည် ပိတ်နေပြီဖြစ်သဖြင့် ဆီစီးဆင်း နိုင်ခြင်းမရှိတော့ပေ။ **Spring** မပါသော **Non Return Valve** တွင်မူ **B to A** သို့ဆီစီးဆင်း သောအခါ ဆီတွန်းအားကြောင့် **Taper Plug** သည် ၎င်း၏ အထိုင်ပေါ်သို့ပိတ်သွားပြီး

စီးဆင်းမှုကို တားဆီးမည်ဖြစ်သည်။ ဆီလမ်းကြောင်းပိတ်ရာတွင် Check Valve ၏အဓိက အားသာချက်မှာ Directional Control Valve များ Shut-Off Valve များထက်ပို၍ လုံခြင်းပင်ဖြစ်သည်။





Symbol

Flow Control Valves

Fixed Flow Control Valve

ရည်ရွယ်ချက်

ဆီစီးဆင်းမှုကို ပြောင်းလဲမှု မရှိစေဘဲ တသမတ်ထိန်းချုပ်ပေးရန်ရည်ရွယ်၍ တည်ဆောက်ထား ပါသည်။

အသုံးပြုပုံ

Hydraulic System အတွင်းကွင် Working Element များဖြစ်သည့် Hydraulic Cylinder

များ၊ Motor များကို မြန်နှုန်းထိန်းချုပ်ရန် တပ်ဆင်အသုံးပြုပါသည်။

တည်ဆောက်ပုံ နှင့် အလုပ်လုပ်ပုံ



1.Body 2. Orifice 3.Union

အားလုံးသော Hydraulic System တို့တွင် Pressure Line တခုစီအတွက် ၎င်းနှင့်ပတ်သက်သော Flow Rate တစ်ခုရှိသည်။ Pipe လိုင်းတွင် ကန့်လန့်ဖြတ်ဧရိယာကို တနည်းနည်းဖြင့်ကျဉ်းပေးလိုက် သောအခါ လိုင်းခုခံမှု Flow Resistance တက်လာပြီး Pressure တက်လာမည်။ ၎င်း ပိုက်လိုင်းအ ကျဉ်းနေရာတွင် Pressure တက်လာခြင်းကြောင့် ဆီစီးနှုန်း နဂိုထက်ပိုများသွားရမည်ဖြစ်သော် လည်း System တွင် Pressure Relief Valve က Pressure ကို Limit လုပ်ထားသဖြင့် Pressure သည်နဂိုအတိုင်းရှိနေမည်။ ထို့ကြောင့် ပိုက်လိုင်းကျဉ်းသောနေရာတွင် လိုအပ်သောဆီပမာဏ Volume သာဖြတ်စီးခွင့်ပြုမည်ဖြစ်သည်။ ပိုသောဆီမာဏကို Pressure Relief Valve မှဖြတ်ဆီး၍ Tank အ တွင်းသို့ပြန်ရောက်သွားမည်။

Flow Reducer
Symbol





The cross section is reduced at a point by an orifice with sharp edges. The flow volume is effected. This type is called a flow reducer.

Symbol

The cross section is reduced over the certian distance. The flow volume is effected. This type is called a throttle.





Adjustable Throttle Valve

ရည်ရွယ်ချက်

An adjustable throttle valve is used to achieve an adjustable control of the flow volume.

အသုံးပြုပုံ

Adjustable throttle valve ကို Hydraulic Control များနှင့်တိကျစွာ Speed ထိန်းစရာမလို သော Hydraulic piston များ Hydraulic Motor များမောင်းနှင်ရန်အတွက် လိုအပ်သော Hydraulic ဆီ Flow ကိုထိန်းရာ၌အသုံးပြုသည်။

Port A = Outlet or Inlet B = Inlet or Outlet

တည်ဆောက်ပုံနှင့် အလုပ်လုပ်ဆောင်ပုံ



1. Body 2. Throttle screw 3.Cover

Adjustale Control Throttle Valve ကိုအထက်ဖော်ပြပါ အတိုင်းပုံစံ အမျိုးမျိုးနှင့် တည် ဆောက်ကြသော်လည်း သဘောတရားမှာမူ ဆီဖြတ်သွားမည့်ကန့်လန့်ဖြတ်ဧရိယာကို Longitudinal or radial slot ပုံစံပြု၍ အကျဉ်းအကျယ်ပြုလုပ်ထားခြင်းပင်ဖြစ်သည်။ ထိုကန့်လန့်ဖြတ်ဧရိယာအကျဉ်း ထဲသို့ ဆီကိုဖြတ်သန်းစေခြင်းဖြင့် Line Resistance တက်လာစေပြီး ပိုလာသည့် Pressure ကို Syst em ၏ Pressure Relief Valve မှဆီ Drain ပြုလုပ်ပေးခြင်းဖြင့် Flow Control Valve မှချိန်ညှိထားသည့် Adjustable Flow ကိုရရှိစေသည်။

ပိုက်လိုင်းတစ်ခုတွင် ဖြတ်စီးသွားသော Propotional Flow သည် အောက်ပါအချက်များ

အပေါ်တွင် မူတည်နေသည်-

1. Size of Port Cross Section
2. Length of Throttling Portion
3. Fluid Viscocity
4. Differential Pressure

System တခု၏ Flow ကိုထိန်းချုပ်ရာတွင် ဖော်ပြပါ Adjustable Throttle Valve အတွက် Fluid Viscocity မှ တမျိုးတည်းသာဖြစ်သဖြင့် တည့်သွင်းစဉ်းစားစရာမလိုပေ။ Differential Pressure မှာလည်းထမ်းဆောင်ရသည့် ဝန်အမြဲတမ်းတူညီနေပါက ဥပက္ခာပြုနိုင်လေသည်။ ထို့ကြောင့် Flow ကို ထိန်းရန်အတွက် No 1 နှင့် No 2 ကိုသာ ပြောင်းလဲ ချိန်ညှိရလေသည်။

Symbol



Note-

1. Large Cross Section = Low Resistance = Large Flow
2. Small Cross Section = High Resistance = Small Flow
3. The Propotional Flow Q also Depends Upon the Cross Section of the Orifice and the Pressure Drop Over the Throttle.

$$P = P_1 - P_2$$

Adjustable Control Flow Reducer

ရည်ရွယ်ချက်

An adjustable flow reducer is used to reduce a delivery volume to a controlled valve

အသုံးပြုပုံ

Adjustable Control Flow reducer ကို HydraulicControl System များနှင့် တိကျစွာ Speed ထိန်းချုပ် စရာမလိုသော Hydraulic Piston များ ; Hdraulic Motor များ မောင်းနှင်ရန် အတွက်လိုအပ်သော Hydraulic ဆီ Flow ကို ထိန်းရာ၌အသုံးပြုသည်။

Port A = **Outlet**
B = **Inlet**

တည်ဆောက်ပုံ



1. Body 2. Barrel Cam 3.Cover

Adjustable Flow Reducer ကို ပုံတွင်ပြထားသည့်အတိုင်း အောက်ပါပစ္စည်းများဖြင့် တည်ဆောက်ထားသည်-



Spaltdrossel



Flachschieber

Hydraulic ဆီသည် Port B မှ ဝင်လာကာ Throttle Sl ကိုဖြတ်သွားမည်။ Throttle Operture သည် Port နှင့် Barrel Cam ၏ အနေအထားအရ တြိဂံပုံဖြစ်လျှက်ရှိသည်။ Valve ပိတ်နေချိန်တွင် Barrel သည် Port ကို ပိတ်လျှက်ရှိသည်။ Barrel Plunger ကိုလှည့်လိုက်သောအခါ လှည့်သည့်အနေထားပေါ်မူတည်၍ Throttle Operture သည်ကြီးသေး ဖြစ်ပေါ်လာကာ ဖြတ်စီးသွားမည့် ဆီအနည်း အများကို ထိန်းသွားပေးသည်။ Adjustable Control Flow Reducer တွင် ဆီဖြတ်စီးသွားမည့် ဆီပမာဏသည် အောက်ပါတို့ပေါ် တွင် မူတည်နေသည်။

a/ Oriffice Cross Section
b/ Pressure Drop P

Note

If the length of a throttle approaches zero, as in a flow reducer, the fluid viscocity hardly effects the volume. Flow reducer are however, realy unaffected by temperature.

Symbol



Flow Regulating Valve

ရည်ရွယ်ချက်

In Let နှင့် **Out Let Pressure** အမျိုးမျိုးပြောင်းလဲနေသော်လည်း **Propotional Out put Flow** ကို **Adjusable** ပြုလုပ်ထားသည့်ပမာဏအတိုင်း **Constant** ဖြစ်နေစေရန် ရည်ရွယ်၍တည်ဆောက် ထားသည်။

အသုံးပြုပုံ

ဝန်အမျိုးမျိုးထမ်းဆောင်ရသော်လည်း မြန်နှုန်းကိုချိန်ညှိထားသည့်အတိုင်း တသမတ်တည်းရှိနေစေလိုသည့် **Hydraulic Motor** များ **Cylinder** များကို ထိမ်းချုပ်ရန်အတွက် Hydraulic System များတွင် ထည့်သွင်း အသုံးပြုသည်။

Port A = **Inlet**

B = **Outlet**

တည်ဆောက်ပုံနှင့် အလုပ်လုပ်ပုံ

Flow Requlating Valve ကို 2 Way Flow Control Valve ဟုလည်းခေါ်ဝေါ်ကြသည်။ ၄င်းတွင် Throttle Valve Before Pressure Balance နှင့် Throttle Valve After Pressure Balance ဟူ၍ ပုံစံနှစ်မျိုးရှိသည်။ သို့သော်လည်း အလုပ်လုပ်ပုံသဘောတရားမှာ အတူတူပင်ဖြစ်သဖြင့် တစ်မျိုးတည်းကိုသာ မူတည် ရှင်းပြသွားမည်။

ပုံတွင် ပြထားသည့်အတိုင်း **Flow RequlatingValve** ကိုအဓိကအားဖြင့် အောက်ပါပစ္စည်းများဖြင့် အဓိကတည်ဆောက်ထားသည်-

1. Body / Housing
2. Regulating Spool
3. Compression Spring
4. Throttle Screw



Flow Requlating Valve ၏ Housing အတွင်းတွင် Normal အနေအထား၌ compression Spring သည် Regulating Spool ကို တွန်းထားခြင်းဖြင် Throttle Operture S2 ကို လုံးဝပွင့်နေစေသည်။ Port A သို့ Pump မှ ဆီဝင်လာသောအခါ Trottle Screw သည် Throttle Operture S1ကိုချိန်ညှိထားသဖြင့်ဆီသည် Throttle Operture S1 ကို Throttling လုပ်ထားသည့် အနေအထားအတိုင်းတွင် ဝင်ရသည်။ ထိုအခါ A Port ဘက်တွင် ဆီဖိအားတက်လာပြီး Regulating Spool ကို Spring အားကို ဆန့်ကျင်၍တွန်းကာ Throttle Operture S2 ကိုလည်း Throttling ပြုလုပ်ပြန်လေသည်။ Throttling Screw ကို ဖွင့်ချလိုက်လျှင် S1 နေရာ၌ ခုခံမှုနည်းသွား သဖြင့် Port A ဘက်တွင် ဖိအားကျသွားကာ Spring က Regulating Spool ကို တွန်းသဖြင့် S2 သည် ပိုကျယ်လာမည်ဖြစ်သည်။ Throttling Screw ကို ရစ်သွင်း၍ S1 ကို ကျဉ်းစေလျှင် Port A ၌ ဖိအားပြန်တက်လာကာ Compressing ကို ဆန့်ကျင်၍ တွန်းပြန် သဖြင့် S1 ပေါက်သည်လည်း ပြန်ကျဉ်းသွားကာ ဆီကို ထိန်းပြန်ပေသည်။ ဝန်ထမ်းလိုက်၍ Flow regualating Value ၏ အထွက်ပေါက်တွင် ဖိအားတက်လာသောအခါ ဆီစီးနှုန်းကို ကျသွားစေရန် အကျိုးသက်ရောက်စေလေ သည်။ သို့သော်လည်း Pressure Balance ၏ အထွက်လိုင်း နှင်ဆက်နေသောမျက်နှာဘက်ခြမ်းတွင် ဖိအားပိုတက်လာသဖြင့် Pressure Balance ကို တဖက်သို့ပြန်တွန်းကာ Throttle Operture S_2 ကို ပိုဖွင့်ပေးသဖြင့် ဆီစီးနှုန်း ပြန်တက်စေပြီး ဆီစီးနှုန်းတသမတ်ဖြစ်စေရန် စီစဉ်ပေးလေသည်။

Symbol

Complete symbol



Simplified symbol



Note Only the simplified symbol is used in hydraulic plans .

One Way Flow Control Valve

ရည်ရွယ်ချက်

One Way Flow Control Valve သည် လားရာ တစ်ဖက်တည်းသို့ ဆီစီးဆင်းနှုန်းကို ထိန်းချုပ်ရန်ဖြစ်သည်။

အသုံးပြုပုံ

One Way Flow Control Valve ကို **Hydraulic System** အတွင်း၌ **Oil Flow** ကို လားရာတဘက်တည်းသို့ သာ ထိမ်းချုပ်စေ၍ ကျန်လားရာ၌လွတ်လပ်စွာသွားစေလိုသည့် လုပ်ငန်းများတွင် အသုံးပြုသည်။ ဥပမာအားဖြင့် **Double Acting** တလုံးကို ရှေ့ထွက်လားရာတွင် Speed အမျိုးမျိုးကို ထိန်းချုပ်လိုပြီး အပြန်းလားရာတွင် မူလ နှုန်းအတိုင်း သွားစေလိုလျှင် ၄င်း Valve ကို အသုံးပြုသည်။

Port A to B free flow

B to A control Flow

တည်ဆောက်ပုံနှင့် အလုပ်လုပ်ပုံ

One Way Flow Control Valve ကို အဓိကအားဖြင့် အောက်ပါပစ္စည်းများဖြင့် တည်ဆောက်ထားသည်-

1. **Body**
2. **Throttle Screw**
3. **Compression Spring**



Turning Screw ကို လိုအပ်သလို ချိန်ညှိ၍ Oil Flow ကို B to A သို့ စီးဆင်းစေသောအခါ Taper Plug သည် Spring အားနှင့် တွန်းပိတ်ခြင်းခံထားရသည့် အပြင် Throttle Gap S1 ကို ဆီဖြတ်စီးခြင်းကြောင့် ဖြစ်ပေါ်လာသော Line Resistance Pressure ဖြင့် တွန်းပိတ်ခြင်းကိုလည်း ခံရမည်။ ထိုအခါ Oil Flow သည် Throttle Gap S1 တခုတည်းမှသာ ချိန်ညှိထားသည့် အတိုင်းတွန်း၍ ထွက်ရသဖြင့် Oil Flow ကို ထိန်းချုပ်နိုင်လေသည်။



Oil Flow ကို A to B သို့ ဖြတ်စီးစေပါက ပထမဦးစွာ Trottle Screw ၏ချိန်ညှိထားမှုကြောင့် Line Resistance တက်လာသည်။ ၄င်း ဖိအားကြောင့် Check Valve ၏ Comperession Spring ကို ဆန့်ကျင်၍ Taper Plug ကို ဆီကတွန်းဖွင့်ကာ ထွက်သွား သည်။ ထိုကြောင့် Oil Flow ချိန်ညှိ၍မရဘဲ Freely စီးဆင်းသွားမည်။

Symbol



Pilot Control Check Valve

ရည်ရွယ်ချက်

Pilot Control Check Valve တွင် ပုံမှန်အနေအထားအနေနှင့် Oil Flow ကို One Direction သာ စီးခွင့်ပြု၍ Pilot Control မှ Signal ရရှိသောအခါ ဆန့်ကျင်ဘက် Direction ကိုပါစီးခွင့် ပြုစေရန် စီစဉ်ဆောင်ရွက်ထားသည်။

အသုံးပြုပုံ

Hydraulic Conrol System များတွင် Pilot Control Check Valve ကို One Direction သာ ဆီစီးဆင်းစေလို၍ ကျန်သော Direction ကိုလိုအပ်သောအခါမှသာ စီးဆင်းစေလိုသော လုပ်ငန်းများတွင် အသုံးပြုသည်။

-Port A to B = free passage B to A = block passage x = controlport

တည်ဆောက်ပုံနှင့် အလုပ်လုပ်ပုံ

Pilot Control Check Valve ကို အောက်ပါပစ္စည်းများဖြင့် တည်ဆောက်ထားသည်-

1.Body 2.Taper Plug 3.Servo Piston 4.Compression Spring

Pilot Control Check Valve တွင်ပါဝင်သော Taper Plug ကို ၎င်း၏ အထိုင်တွင် အမြဲတမ်းရှိနေစေရန် Compression Spring က တွန်းထားသည်။ Taper Plug ၏ ကန့်လန့်ဖြတ်ဧရိယာ သည် Servo Pistion ၏ဧရိယာထက်နည်းစေရန် ပြုလုပ်စီစဉ်ထားသည်။







Normal အနေအထားတွင် A to B လမ်းကြောင်းအတိုင်း ဆီစီးဆင်းစေပါက Hydraulic Oil သည် Taper Plug ၏ Compression Spring ကို တွန်းဖွင့်၍ ဆီစီးဆင်းသွားစေနိုင်သည်။ B to A လမ်းကြောင်းအတိုင်း ဆီစီးဆင်းစေပါက Compression Spring က Taper Plug အား ၄င်း၏ အထိုင်တွင်တွန်းပိတ်ထားသည့်အပြင် ဆီတွန်းအား ကြောင့်ပါ တွန်းပိတ်သလိုဖြစ်နေသဖြင့် ဆီလမ်းကြောင်းပိတ်သွားမည်။

ထိုအနေအထားအခြေအနေတွင် B to A သို့ ဆီစီးဆင်းစေလိုလျှင် X Port မှ Servo piston ပေါ်သို့ဆီဖိအား သက်ရောက်စေရမည်။ ထိုသို့ ဆီဖိအားသက်ရောက်စေလျှင် Servo piston သို့ သက်ရောက်သည့် ဖိအားသည် Taper Plug ပေါ် သက်ရောက်သည့် ဖိအားနှင့် တူညီစေကာမူ Servo Piston ဧရိယာ ပိုကြီးသဖြင့် Piston ဘက်မှ တွန်းအားပိုများပြီး Taper Plug ကို တွန်းဖွင့်သဖြင့် B to A သို့ ဆီစီးဆင်းသွားနိုင်လေသည်။

Pressure Regulator

ရည်ရွယ်ချက်

ပြင်ပမှ **Mechanical Adjustable Control** တခုပေးခြင်းဖြင့် ၎င်း **Valve Out Let Pressure** ကို လိုအပ်သည့် **Pressure** တခု၌ မူသေတန်ဘိုး၌ အမြဲတမ်းရှိနေစေရန် ရည်ရွယ်၍ တည်ဆောက်ထား သည်။ ၎င်း၏ **Input Pressure** သည် ချိန်ညှိလိုသည့် **Pressure** ထက် အမြဲတမ်းများနေရမည်။

အသုံးပြုပုံ

Pressure Regulator ကို Hydraulic System များ၏ Pressure relief Valve မှ ချိန်ညှိ ထားသော System Pressure ထက်နိမ့်သည့် တန်ဖိုးတစ်ခုခု၌ တသမတ် ချိန်ထားစေရန် သုံးသည်။

တည်ဆောက်ပုံနှင့် အလုပ်လုပ်ပုံ

Pressure Regulatator ကို အောက်ပါပစ္စည်းများဖြင့် တည်ဆောက်ထားသည်။

1. Body 2. Valve spool 3. Compression spring 4. Set screw

A = Inlet B = Outlet (Inlet) C = Outlet



Normal အနေအထားတွင် **Compression Spring** သည် **Spool** ကို တွန်း၍ ဖိထား သဖြင့် **Passage A to B** ပွင့်လျှက်ရှိပြီး **Port C** သည် ပိတ်လျှက်ရှိမည်။ **Port A** မှ **Fluid** ဝင်လာပြီး **Port B** မှတဆင့် **Actuator** သို့ ဆီသွားနေမည်။ **Actuator** မှ ဝန်ထမ်း၍ **Pressure Build Up** ဖြစ်လာသောအခါ **Valve Spool** ၏ မျက်နှာပြင် ဧရိယာ (A) ပေါ်





မူတည်၍ Compression Spring ၏ တွန်းအားကို ဆန့်ကျင်၍ တွန်းမည်။

Actuator ကြောင့် ဖြစ်ပေါ်လာသော ဖိအားသည် Adjustable Spring မှချိန်ညှိထားသော ဖိအားထက်များလျှင် Spool သည် Spring ဘက်သို့ ရွေ့လျား၍ A to B အပေါက်ကို ပိတ်ပေးမည်။ ထိုမှဆက်၍ Pressure ပိုများနေသေးလျှင် Spool သည်ဆက်လက်ရွေ့လျားကာ C အပေါက်ကို ဖွင့်၍ Drain ပြုလုပ်မည်။ ထိုအခါ ဖိအားကျသွားစေပြီး Spring မှပြန်တွန်းမည်။ Spring မှချိန်ညှိထားသော ဖိအားသည် Actuator မှ ဖိအားထက် ပိုများပြီး Actuator မှာ လိုအပ်သည့် ဖိအား မရသေးလျှင် Spool သည် Spring ၏ တွန်းအားကြောင့် A to B ကို ပိုဖွင့်စေရန် Spring ၏ ဆန့်ကျင်ဘက်သို့ တွန်းမည်။ ထိုအခါ A မှ B သို့ဆီပို့ပေးသဖြင့် Actuator တွင် လိုအပ်သည့်ဖိအားရမည်။ ၎င်းဖိအားသည်ပင် Spring ၏ တန်ပြန်ဖိအားနှင့်



Balancing ပြုလုပ်ပေးပြီး ဖိအား ပိုနေလျှင် **Drain C** ပေါက်မှ လျော့ချ ပေး၍ ဖိအား လိုနေလျှင် **A to B** ကို ဖွင့်ပေးကာ အလုပ်လုပ်မည်။ ဤနည်း ဖြင့် **Actuator** တွင် လိုအပ်သော ဖိအားရရှိစေရန်**Pressure Rregulator** မှ ဆောင်ရွက်လေသည်။

Hydraulic Motor

ပုံတွင် Piston Motor တစ်လုံးတည်ဆောက်ပုံကို ဖော်ပြထားသည်။ ၎င်းတွင်အဓိကအားဖြင့်

(1) **Housing**
(2) Cylinder
(3) Plunger
(4) Distributor
(5) Swash Plate
(6) Drive Shaft
(7) Anti-Friction Bearing
(8) Seal
(9) Mounting Flanageတို့ဖြင့်တည်ဆောက်ထားသည်။

အလုပ်လုပ်ပုံ

Axial Flow Piston Motor သည် Swash Plate ပေါ်တွင်ရှိသော Sliding Plunger များပါဝင်သည့် Tilting Block ၏လည်ပတ်ပုံစံကိုမူတည်၍တည်ဆောက်ထားသည်။ Force Fx(A.P) သည် Axial Direction အတိုင်း Inclined Plane ပြုလုပ်ထားသော Swash Plate ပေါ်သို့ သက်ရောက်လေသည်။ ၎င်း Force ကို



Swash Plate ၏ Vertical မျက်နှာပြင်အတိုင်း F_N အဖြစ်နှင့်၎င်း Tengential Directional အတိုင်း F_T အဖြစ်၎င်း နှစ်ခုခွဲ နိုင်သည်။ ၎င်း F_T ပမာဏသည် Swash Plate ၏ထောင့်ချိုး β အပေါ် တွင်မူတည်နေသည်။ Normally အနေဖြင့် Swash Plate ကို 20 to 25 degrees အတိုင်း စောင်း ထားလေ့ရှိသည်။ F_T ၏အကျိုးသက်ရောက်မှုကြောင့် Motor သည် လည်ပတ်လေသည်။



Torque	The force F_T acts at a distance r from the centre line. This Produces the torque:
Formula	$M_d = F_T \cdot r$ M_d in N_m F_T in N (kp) r in mm
	As the piston slides down the inclined plane, the cylinder drum is forced to rotate.
Rotation	The dirve shaft, being positively connected to the cylinder drum, produce a torque. In order to produce even rotation, and therefor constant torque, several plungers are arranged in the drum.
Direction	If the force F acts upon the L.H. side of botton dead centre, rotation is counter-clockwise.
	If the force F acts upon the R.H. side of botton dead centre rotation is clockwise.
Oil supply	The oil supply volume V (cm^3/rev.) is determined by the plunger dia. d, the plunger stroke H, and the number of plungers z. The oil supply volume determines the size of a hydraulic motor.





Plunger stroke: $h = D \cdot tg\,\alpha$ (cm)

No. of plungers: Z

Oil supply volme $V = \dfrac{z \cdot \pi \cdot d^2}{4} h$
(ccm / rev.)

Torque $M_d = \dfrac{V \cdot (Pin - Pout)}{2 \cdot \pi}$

Drive power $N = \dfrac{Q \cdot p}{612}$ (kW)



Accumulator

ရည်ရွယ်ချက်

Accumulator ကို Hydraulic Delivery ၏ Kinetic Energy ကိုသိုလှောင်ရန်အတွက် တည် ဆောက်ထားသည်။

အသုံးပြုပုံ

Accumulator ကို Hydraulic Control System များနှင့်အောက်ပါလိုအပ်ချက်ရှိသောနေရာများတွင်အသုံးပြုသည်-

(1) Source of Additional Energy when Short Period Pressure Surges are Required
(2) Stand by Energy Source for Emergency (Pump Feilure)
(3) Source of Compensation Energy for Leak Oil Losses
(4) To Damp Pressure Peaks During Control Process
(5) To Smoothe Pulsing Deliveries.

တည်ဆောက်ပုံနှင့်အလုပ်လုပ်ပုံ

Hydraulic Kinetic Energy အတွက်ရည်ရွယ်၍တည်ဆောက်ထားရာ တည်ဆောက်ပုံအမျိုး မျိုးရှိသည်-

(1) Mambrance Loaded Accumulator: for Small Volumes, to Damp Vibrations and to Make Good Leak Oil Losses
(2) Bladder Loaded Accumulator: for Small and Large Volumes. for fast Operations
(3) Piston Loaded Accumulator: for Large Valumes, for Slow Operations at High Pressure differentials.

ပုံတွင် Bladder Loaded Accumulator ကိုဖော်ပြထားသည်။ ၎င်းတွင်အောက်ပါပစ္စည်းများပါ ဝင်ဖွဲ့စည်းထားသည်-

1. Steel Bottle	2. Bladder	3. Fluid Valve
4. Valve Housing	5. Bleeder Screw	6. Cover
7. Valve Seat	8. Gas Valve Block	9 Gas Valve
10. Nut	11. Name Plate	

Bladder Loaded Accumulator သည် Cylinder ပုံရှိ၍ နှစ်ဘက်စက်ဝိုင်းပုံပိတ်ထားသော Steel

Bottle ဘလုံးပုံစံကို အခြေခံ၍ တည်ဆောက်ထားသည်။ ၎င်းပုံတွင် ပြထားသည့် အတိုင်း အတွင်းတွင် Bladder ခေါ်ဓါတ်ငွေ့ လှောင်သော Rubber အစိတ်အပိုင်း တခုပါ ဝင်၍ ၎င်းအ တွင်းသို့ Gas Valve 9 မှတဆင့် ဖိအား ပေးအစွမ်းမဲ့ ဓါတ်ငွေ့ထည့်သွင်းရသည်။ **Fluid Port** ကို **Valve 4** ဖြင့်ဆက်သွယ်ရမည်။



၎င်း၏ **Name Plate** တွင် ၎င်းနှင့်ပတ် သက်သော **Rating** များကို ရေးသား ထားသည်-

p_o	=	Filling Pressure (bar) Pressure as Supplied by the Accumulator Manufacture
p_v	=	Gas Loding Pressure in Bladder when Operating
p_m	=	Minimum Operating Pressure
p_h	=	Maximum Operating Pressure

အားလုံးသော **Accumulators** များသည် **Pressure Vessels** အမျိုးအစားတွင် ပါဝင်သဖြင့် **Pressure Vessels** များနှင့်ပက်သက်သော **Regulation** များ ထုတ်လုပ်သူ၏ ညွှန်ကြားချက်များကို လိုက် နာရမည့်အပြင် ဥပဒေအရ အစိုးရအဖွဲ့ အစည်းများ၏ စစ်ဆေးမှုကို ခံယူပြီးမှသာအသုံးပြုရမည်။

Notes - An Accumulator Can only Discharge Pressure Fluid Until

(1) A Pressure Equilibrium has been reached between P_h and P_m

(2) The volume has expanded from V_h to V_m

Bladder Preload

To Protect the Accumulator Against Damge in Transit, this is Supplied Preloaded with Nitrogen at about 10 bar (Preload Pressure). Before Commissioning it must be willed to the Required gas filling pressure P with nitrogen. The required preload is stampred on the mameplate and stated in the operation instructions for the machine. Usually the preload pressure is just below Minimum operating pressure of the instalation.

Do not use oxygen or air for this purpose. Danger of Explosion.

Symbol of accumulator



Sequence Valve (Pressure Operated Valve)

ရည်ရွယ်ချက်

ပြင်ပမှဖိအားတဖြေးဖြေးတိုးပေး၍ မိမိချိန်ညှိထားသောဖိအားရောက်ရှိသောအခါ Valve သည် အလုပ်လုပ်၍ Hydraulic Delivery ရရှိရန်ရည်ရွယ်၍တည်ဆောက်ထားသည်။

အသုံးပြုပုံ

Hydraulic Control System များတွင် External Servo Force ဖြင့် Hydraulic လမ်းကြောင်း များကိုပွင့်စေပိတ်စေလုပ်သော လုပ်ငန်းများတွင်အသုံးပြုသည်။ ဥပမာအားဖြင့် Circuit အတွင်းတွင်ရှိ အခြား Pump တစ်လုံးဖြင့် Hydraulic Delivery ကို Control ပြုလုပ်လိုသောအခါ အသုံးပြုသည်။

တည်ဆောက်ပုံနှင့်အလုပ်လုပ်ပုံ

Sequence Valve ကိုပုံတွင်ပြထားသည့်အတိုင်း အောက်ပါပစ္စည်းများဖြင့်

တည်ဆောက်ထား သည်-

1.Body 2.Valve Plunger 3.Compression Spring 4.Set Screw



Normal Position တွင် Adjustable Spring သည်ပြင်ပမှ Adjust လုပ်ထားသော ဖိအား အတိုင်း Valve Plunger ကိုတွန်းဖိထားမည်။ ထိုအခါ Valve Plunger သည် Out Let Port B ကို ပိတ်ထားသဖြင့် Inlet Port မှဆီသည် A to B သို့ မစီးဆင်း နိုင်ဘဲ ပိတ်နေမည်။ A မှဝင်လာ သောဆီသည် အပေါက်ပိတ် ထားသဖြင့် Pressure Buld Up ဖြစ်လာသော်လည်း Plunger ၏ဧရိယာများ တူနေသဖြင့် Plunger မရွေ့လျားနိုင်ပေ။

X မှနေ၍ Servo Flow Signal ပေးလိုက် သောအခါ Plunger ၏ မျက်နှာပြင်ကို Spring ၏တွန်း အားကို ဆန့်ကျင်၍တွန်းမည်။ F = A . P ထိုတွန်းအား သည် ချိန်ထားသော Spring ဖိအားထက် လျော့နေပါက Valve Plungerသည်ရွေ့လျားမည် မဟုတ်ပေ၊ တွန်းအားသည် Adjustable Spring တွန်းအားထက် ကျော်လွန်သွားမှသာ Plunger ကို တွန်းရွှေ့၍ A to B ပွင့်သွားကာ B မှ Delivery Flow ရရှိမည်။ Port X မှ Pressure ပြန်လည်ကျဆင်းသွား လျှင် Spring တွန်းအားကြောင့် Plunger မူလနေရာသို့ ပြန်ရောက်သွားပြီး Port B ပြန်ပိတ်သွားကာ Delivery Flow ပိတ်သွား မည်ဖြစ်သည်။



Sequence Value ကို Hydraulic Control System များတွင် 2/2 Way Directional Control Value ကဲ့သို့လည်းအသုံးပြုနိုင်သည်။

Control of Single Acting Cylinder

ရည်ရွယ်ချက်

Hydraulic Contor System အတွင် Single Acting Cylinder တလုံးကိုထိမ်းချုပ်မောင်းနှင် ရန်။

အသုံးပြုပုံ

Hydraulic System ကိုအသုံးပြု၍ အရာဝတ္ထုများကိုမခြင်း၊ ရွှေ့ခြင်းမောင်းတန်များကိုလှုပ်ရှား စေခြင်း။

တည်ဆောက်ပုံနှင့်အလုပ်လုပ်ဆောင်ပုံ

ပုံတွင် Single Acting Cylinder တလုံးမောင်းနှင်ပုံများကိုဖော်ပြထားသည်။ Single Acting Cylinder ကိုမောင်းနှင်ရန်အတွက် Normally Closed 3/2 Way Valve ကိုအဓိကအသုံးပြုရသည်။ Hydraulic System တွင် Pressure Relief Valve ကို System ၏ Pressure နှင့် Working Pressure တို့ကို Limit ပြုလုပ် ရန်အတွက်တပ်ဆင်ထားသည်။

Normal Position တွင် Power Pack မှပို့ပေးသော Hydraulic Delivery သည် 3/2 Way Valve Power Port မှပိတ်ထားသဖြင့် Pressure Build Up ဖြစ်ကာ Pressure တက်လာမည်။ ထိုတက် လာသော Pressure ကို System Pressure ထက် မကျော်လွန်စေရန်အတွက် Pressure Relief Valve မှ Drain ပြုလုပ်ပေးသည်။

3/2 Way Valve ကိုနှိပ်လိုက်သောအခါ 3/2 Way Valve မှ P အပေါက်သည် A အပေါက် နှင့်ဆက်သွားသဖြင့် Singal Acting Cylinder သည် Delivery Flow ရရှိကာ Cylinder Piston ထွက် လာမည်ဖြစ်သည်။ Piston အဆုံးထိထွက်ပြီးသောအခါ Delivery Flow

ကိုတားဆီသလို ပြန်ဖြစ်သဖြင့် Pressure တက်လာမည်ဖြစ်သည်။ ထိုတက်လာသော Pressure သည် System Pressure ထက် ကျော် လွန်သွားသည်နှင့် Pressure Relief Valve မှ Drain လုပ်ပေးခြင်းဖြင့် System Pressure ထက်မကျော်စေရန် ပြုလုပ်ပေးသည်။ Piston အထွက် လှုပ်ရှားနေစဉ်ကာလ၌လည်း Piston ထမ်းနိုင်သည့် Working Pressure ထက်ကျော် သွားပါက Pressure Relief Valve မှပင် Relief လုပ်ကာထိမ်း ချုပ်ပေးမည်။

ပုံတွင် 3/2 Way Valve နှင့် Power Pack အကြား Check Valve တခုကို ထည့်သွင်းတပ်ဆင် ထားသည်။ ရင်းရည်ရွယ်ချက်မှာ Back Pressure ကြောင့် ဆီပြောင်းပြန်စီးခြင်းဖြင့် Hydraulic Pump ကိုမထိခိုက်စေရန်ဖြစ်သည်။

Application Hydraulic Lift Platform



Control of Double Acting Cylinder

ရည်ရွယ်ချက်

Double Acting Cylinder တလုံးကို စနစ်တကျ တပ်ဆင်မောင်းနှင်နိုင်ရန်။

အသုံးပြုပုံ

Hydraulic Control System များတွင် Double Acting Cylinder ကိုအသုံးပြု၍ ပစ္စည်းများ ကိုမခြင်း၊ ဖိခြင်း၊ တွန်းရွှေ့ခြင်း ၊ ပုံဖော်ခြင်း စသည့်လုပ်ငန်းများတွင် အသုံးပြုသည်။

တည်ဆောက်ပုံနှင့် အလုပ်လုပ်ဆောင်ပုံ



ပုံတွင် Double Acting Cylinder တလုံး၏ မောင်းနှင်ပုံကို ဖော်ပြထားသည်။ Double Acting Cllinder ကို 4/2 Way Valve နှင့် မောင်းနှင်သည်။ Pressure Relief Valve သည် System Pressure နှင့် Working Pressure ကို ထိမ်းချုပ်ရန်အတွက် ဖြစ်သည်။ ဖော်ပြပါ ပုံသည် Double Acting Cylinder ကို 4/3 Way Valve နှင့် မောင်းနှင်ပုံ ဖြစ်သည်။



ဖော်ပြပါပုံတွင် Double Acting Cylinder သည် အဝင် Position နှင့် အထွက် Position အပြင် Intermediate Position ခေါ် ရပ်လိုသည့် နေရာတွင် ရပ်ထားနိုင်လေသည်။ အထက်ပါပုံများတွင် power pack အတွက် general used သင်္ကေတသာ ရေးဆွဲထားသည်။

Intermediated Stop Position For Single Acting Cylinder with Using Check Valve

ရည်ရွယ်ချက်

Single Acting Cylinder တလုံးကို ဝန်ထမ်းလျက်ရပ်လိုသည့် အနေအထားတွင် ရပ်နိုင်ရန်။

အသုံးပြုပုံ

Hydraulic System များတွင် Single Acting Cylinder တလုံးကို လုပ်ငန်းလိုအပ်ချက်အရ Intermerdiated Position တွင် ရပ်တပ်ထားနိုင်ရန်။

တည်ဆောက်ပုံနှင့် အလုပ်လုပ်ပုံ



ပုံတွင် Single Acting Cylinder တစ်လုံးအား Check Valve အသုံးပြု၍ Intermerdiated Position တွင်ရပ်နိုင်ရန် စီစဉ်ထားသည့် Circuit ဖြစ်သည်။ NormalPosition တွင် Shut Off Valve ကို ပိတ်ထားရမည်။ 3/2 Way Valve ကို နှိပ်လိုက်သောအခါ Delivery Flow သည် Check Valve မှ တွန်းဖွင့်၍ **Single** Acting Cylinder သို့ ရောက်ရှိသွားသဖြင့် Cylinder ထွက်သွားမည်။ ရပ်လိုသော အနေအထားသို့ ရောက်သောအခါ 3/2 Way Valve ကို လွှတ်လိုက်လျှင် Cylinder သည် ရပ်သွားမည်။ ထိုအချိန်တွင် Check Valve သည်ပိတ်နေသဖြင့် Cylinder ပြန်ဝင်နိုင်မည် မဟုတ်ပေ။ Shut Off Valve ကို

ဖွင့်ပေးလိုက်သော အခါ **Shut Off Valve** မှ ဖြတ်၍ ဆီပြန် ဆင်းခြင်းဖြင့် Cylinder ပြန်ဝင်လာမည်။ **Shut Off Valve** သည် ဆီကို လုံးဝလုံခြုံစိတ်ချရန် မပိတ်ဆို့နိုင် သဖြင့် စိတ်ချရသော Circuit မျိုးတော့ မဟုတ်ပေ။

Differential Circuit

ရည်ရွယ်ချက်

Double ActingCylinderတစ်လုံး၏ **Piston** အဝင်နှင့် အထွက် အမြန်နှုန်း တပ်နိုင်သမျှ တူစေရန်နှင့်၊Cylinder တစ်လုံး၏လှုပ်ရှားမှု့တွင် **Speed** နှစ်မျိုးအသုံးပြုနိုင်ရန် ရည်ရွယ်၍ တည် ဆောက်ထားသည်။

အသုံးပြုပုံ

Hydraulic Control Circuit များတွင် **Double Acting Cylinder** ကို **Speed** နှစ်မျိုးဖြင့် လှုပ် ရှားစေလိုသော လုပ်ငန်းများတွင် အသုံးပြုသည်။ ဥပမာ **Milling Machine** ၏ **Feed Cylinder** တွင် **Work Piece** ထံသို့ **Tool** ကို ချဉ်းကပ်မှုကို မြန်မြန်ချဉ်းကပ်ပြီး ခုတ်စားမှ နှေးနှေးခုတ်စားလိုသော လုပ်ငန်းမျိုးတွင် အသုံးပြုသည်။

အလုပ်လုပ်ပုံသဘောတရား

Piston area ratio:





အလုပ်လုပ်ပုံ သဘောတရား

Piston area ratio

$A_1 : A_2 = 2:1$ (for differential cylinder) **$A_1 : 2A_2$**

Force Ratio

- The Pressure is Propagated Equally in All Direction
- Area Ratio $A_1 : A_2 = 2 : 1$

$$P_{forward} = P_{Rearward}$$

$$\frac{F_2}{A_2} = \frac{F_1}{A_1}$$

$$\frac{F_2}{A_2} = \frac{F_1}{2A_2}$$

$$\frac{F_2}{1} = \frac{F_1}{2}$$

$$F_1 = 2F_2$$

ထို့ကြောင့် Closed Circuit (Differential Circuit တွင် Piston Forward Motion) တွင် ရွေ့လျားနိုင် ခြင်းဖြစ်သည်။



Speed Ratio

The Return Speed V_2 is

$$V_2 = \frac{Qp}{A_2} = \frac{Cm^3}{Min\text{-}Cm^2} = \frac{Cm}{Min}$$

The Forward Speed V_1 is

$$V_1 = \frac{Q_1}{A_1}$$

သို့သော် $Q_1 = Q_p + Q_2$ and $Q_p = Q_2$

$$Q_1 = Q_2 + Q_2 = 2Q_2$$

$$A_1 = 2A_2 \text{ (Piston Face Ratio)}$$

From the formular for the forward speed

$$V_1 = \frac{Q_1}{A_1}$$

It can be reset to

$$V_1 = \frac{2Q_2}{2A_2} = \frac{Q_2}{A_2} \quad \frac{Q_P}{A_2}$$

$$V_2 = \frac{Q_P}{A_2} \text{ and } V_1 = \frac{Q_P}{A_2}$$

Therefore, $V_1 = V_2$ and the piston speed is the same for forward and backward.



Differential Circuit with 3/2 Way Valve



Differential Circuit with 5/2 Way Valve



Cushioning and pressure line flow control



Hydraulic System များတွင် Hydraulic Pump သည် ဆီ တသမတ်တည်းသာ ပို့လျက်ရှိသည်။ Flow Requlating Valve ကို Pressure Line ၌ တပ်ဆင်အသုံးပြုထားပါကလည်း ဆီ၏သွားနှုန်းမှာ ချိန်ညှိထားသည့် အတိုင်းသာရှိနေမည်။ Piston ၏လားရာနှင့် ထမ်းဆောင်ရသည့် ဝန်တို့၏ လားရာတူနေ သော လှုပ်ရှားမှုများတွင် ဖော်ပြပါ Pump နှင့် Flow Requlating Valve တို့၏ စီးဆင်းမှုကို Limit ပြုလုပ်ထားသည့်အတိုင်း စီးဆင်းစေသဖြင့်

Cylinder. **Motor** နှင့် **Hydraulic System** များအတွင်းသို့ Seal များမှ တဆင့် လေများစိမ့်ဝင်ကာ **Calvitation** ဖြစ်ပေါ်၍ ဆီ၏ အရည်အသွေးကို ကျဆင်းစေ သည်။ ထို့အပြင် ထိုသို့ **Piston** လားရာနှင့် ထမ်းဆောင်ရမည့်ဝန်လားရာတို့ တူညီနေချိန်တွင် ဆီသွားနှုန်း ထိန်းချုပ်ခြင်းဖြင့် **Piston** နှင့် **Motor** တို့၏ **Speed** ကိုထိန်းချုပ်နိုင်ခြင်း မရှိတော့ပေ။ ထို့အတွက်ကြောင့် **Hydraulic System** များ၌ ပုံတွင်ပြထားသည့် အတိုင်း **Cylinder** နှင့် **Motor** တို့၏ **Drain** လုပ်မည့် **Line** တွင် **Pressure Relief Valve** တစ်လုံးကိုခံကာ **Back Pressure** တစ်ခုကို ဖန်တီးပေးထားခြင်းဖြင့် **Cushioning Circuit** ကို ဖန်တီးနိုင်ပြီး ဖော်ပြပါ ပြဿနာများကို ပြေလည်သွား စေလေသည်။

Exhaust line Flow Control



Exhaust Line Flow Control တွင် **Hydraulic** Exhaust Line ၌ Flow Requlating Valve ကို ခံ၍ အသုံးပြုထားသည်။ ထို System တွင် Directional Control Valve ၏ Exhaust line ၌ Flow Requlating Valve ကို ခံကာ အသုံးပြုထားသောကြောင့် Piston အဝင်နှင့် အထွက်နှစ်မျိုး စလုံးကို ထိမ်းချုပ်နိုင်လေသည်။ ထို့အပြင် Exhaust Line တွင် အမြဲတမ်းဆီတောင့်ခံရသဖြင့် Cushioning အကျိုးသက်ရောက်မှု ပါရရှိကာ Piston ၏ လားရာနှင့် ဝန်၏ လားရာတူညီသော လုပ်ငန်းများတွင်ပင် ၎င်း Circuit ကို သီးခြား Pressure Relief Valve ခံစရာ မလိုဘဲ အသုံးပြုနိုင်သည်။

Speed control with one way flow control valve



ပုံတွင် One Way Flow Control Valve ကို အသုံးပြု၍ Cylinder ၏ အထွက်အမြန်နှုန်းကို ထိန်းချုပ်သော Circuit ဖြစ်သည်။ **Flow Control Valve ကို Exhaust Throttling** ပုံစံပြုလုပ်ထားသဖြင့် **Flow Control Valve** သည် ဆီသွားနှုန်းကို ထိမ်းချုပ်သည့်အပြင် **Cushioning** အကျိုးသက်ရောက်မှု ပါရှိစေသည်။ **Piston** အဝင်တွင်မူ **One Way Flow Control Valve** မှ **Check Valve** ကို တွန်းဖွင့်ကာ ဆီဝင်သွားသဖြင့် **Cylinder Piston** သည် **Pump** မှပို့သည့် ဆီသွားနှုန်းအတိုင်းပြန်ဝင်သွားမည်။

Control Double Acting Cylinder of Intermediated Position Using Pilot Control Check Valve

ရည်ရွယ်ချက်

Hydraulic Control System များနှင့် **Double Acting Cylinder** ကို ဝန်ထမ်းလျက် **Intermediated Position** တွင်စိတ် ချစွာရပ်တည်နိုင်ရန်အတွက် **Circuit** တည်ဆောက်ရန်။

အသုံးပြုပုံ

Hydraulic Control System အသုံးပြုသော ဝန်ချီစက်များ၊ **Press** များတွင် ဝန်ထမ်းလျက် သတ်မှတ်အနေ အထားတွင် ရပ်တည်နေနိုင်ရန်။

တည်ဆောက်ပုံနှင့် အလုပ်လုပ်ပုံ

ပုံတွင် **Double Acting Cylinder** ကို **Forward** ထွက်ရန်အတွက် **4/2 Way Valve** ကို အသုံးပြု၍ ပြန်ဝင်ရန် အတွက် **3/2 Way Valve** ကို အသုံးပြုသည်။ **4/2 Way Valve** ကို အလုပ်လုပ်စေလျှင် **Cylinder** သည် ထွက်လာ၍ ထိုသို့ ထွက်လာစဉ်အတွင်း **4/2 Way Valve** ကို **Normal Position** ပြန်ထားလိုက်လျှင် **Cylinder Piston** ရောက်သည့် နေရာတွင် ရပ်နေ၍ **3/2 Way Valve** ကို နှိပ်လိုက်သောအခါ **3/2 Way Valve** မှ **Oil Delivery** သည် **Pilot Control Check Valve** ၏ **Control Valve** သို့ရောက်သွားကာ **Check Valve** ကို တွန်းဖွင့်သဖြင့် **Cylinder Piston** ပြန်ဝင်လာမည်။ ရပ်လိုသောအခါ **3/2 Way Valve** ကိုပြန်လွှတ်လိုက်ပါက



Check Valve သည်ပြန်ပိတ်သွားပြီး Piston သည်ရောက် သည့်အနေအထားတွင် ရပ်နေမည်။ Pilot Control Check Valve ကို အသုံးပြုစေခြင်းဖြင့် Check Valve ၏ ဆီလုံ စွာ ထိန်းနိုင်သည့် စွမ်းအင်ကြောင့် Piston ကို ရောက်သည့်နေရာတွင် တိကျတည်ငြိမ်စွာ ရပ်နေစေနိုင်သည်။

Control of double acting cylinder using 5/3 or 4/3 way valve

ရည်ရွယ်ချက်

Double Acting Cylinder ကို Forword end Position Rear end Position အပြင် Intermediated တွင်ပင် ရပ်လိုသည့် နေရာ၌ ရပ်နိုင်စေရန်။

အသုံးပြုပုံ

Hydraulic Control System များ၌ Cylinder Piston ကို ရပ်လိုသည့် နေရာ အမျိုးမျိုး၌ ဝန်ထမ်းစရာမလိုဘဲ ရပ်တည်နိုင်သည့် လုပ်ငန်းများတွင် အသုံးပြုသည်။

တည်ဆောက်ပုံနှင့် အသုံးပြုပုံ



ပုံတွင် Double Acting Cylinder ကို 5/3 Way Valve နှင့်မောင်းနှင်ပုံကို ပြသထားသည်။ 5 /3 Way Valve မှာ 4/3 Way Valve ထက် Exhaust တစ်ခုသာပိုပါပြီး အလုပ်လုပ်ပုံမှာ အတူတူပင် ဖြစ်ပါသည်။ သင်္ကေတအရ 5/3 Way Valve ၏ Normal Position မှာအလယ် Position ဖြစ်၍ ၎င်း တွင် Cylinder သို့သွားသော Port များရော Power

နှင့် Exhaust Port များပါဝိတ်ထားပါသည်။ ထို့ ကြောင့် ထို Position တွင် ဆီစီးဆင်းနိုင်မှုမရှိသဖြင့် Cylinder ရပ်နေမည်ဖြစ်သည်။ 'a' Position တွင် Cylinder ရှေ့ထွက်စေ၍ 'b' Position တွင် Cylinder Piston ဝင်စေပါသည်။

Sequential Control Using by Pressure Relief Valve

ရည်ရွယ်ချက်

Pressure Control SequenceOperation များပြုလုပ်ရန်အတွက် ၎င်း Circuit ကို တည်ဆောက်ပါသည်။

အသုံးပြုပုံ

Hydraulic Control System များတွင် Pressure နှင့်ပတ်သက်သော Sequential လုပ်ငန်းစဉ် များတွင် အသုံးပြုသည်။

-တည်ဆောက်ပုံနှင့်အလုပ်လုပ်ပုံ



ပုံတွင် Pressure Opreated Sequential Circuit ၏ ပုံကို ဖော်ပြထားသည်။ ၎င်းတွင် အဓိက ပစ္စည်းမှာ Pressure Relief Valve ပင်ဖြစ်သည်။ Power Pack (1) မှ ပို့လိုက်သော Hydraulic Delivery သည် 4/2 Way Directional Control Valve မှတဆင့် Cylinder (6) ၏ B Port သို့ရောက်နေပြီး Cylinder (6) ကိုအဝင်အနေအထားတွင် ရှိနေစေရန် တွန်းပို့ထားသည်။ Piston သည်အဝင်အဆုံးအနေ အထားတွင် ရှိနေသဖြင့် ဆက်လက်မရွေ့လျားနိုင်ကာ Pressure တက်လာမည်။ ၎င်း Pressure သည် Pressure Relief Valve (2) မှချိန်ညှိထားသည့် Pressure ထက်ကျော်လွန်သည်နှင့် Pressure Relief

Valve (2) မှ Relief လုပ်သဖြင့်၎င်း Relief လုပ်သောဆီသည် Flow Regulating Valve 3 မှဖြတ်ကာ Directional Control Valve 5 မှတဆင့် Cylinder (7) ၏ B Port သို့ရောက်ကာ Piston ကို အဝင်အနေ အထားတွင် ရှိနေစေသည်။ ၎င်း Piston သည်လည်း အဝင်အနေအထား အဆုံးတွင် ရှိနေသဖြင့် Pressure Relief Valve (9) မှ ချိန်ညှိထားသည့် ဖိအားကျော်လွန်သည်နှင့် ၎င်းမှ Relief လုပ်ကာဖိအားကို Limit လုပ်ထားပါသည်။

Circuit တွင် Pressure Relief Valve (2) မှ Relief အလုပ်လုပ်သောဆီဖြင့် Cylinder (7) အလုပ်လုပ်သောကြောင့် ၎င်းPressure Relief Valve (2) လုပ်သောအချိန်များ၌သာ Cylinder (7) အလုပ်လုပ်နိုင်မည်ဖြစ်သည်။ Pressure Relief Valve (2)မှာ Cylinder(6) ၏Piston အဝင်နှင့်အထွက်လှုပ်ရှားမှုအဆုံးအချိန်များ၌တစ်ကြိမ်စီနှင့်ဝန်ထမ်းစဉ် ဖြစ်သောOver Load အချိန်တွင်သာ Relief လုပ်မည်ဖြစ်သည်။ ထို့ကြောင့် Cylinder(6) ၏ Piston ဖြင့် ပစ္စည်းတစ်ခုကို ဖိညှပ်ပြီး လုံလောက်သော ဖိအားရရှိသော အချိန်များ၌သာ Cylinder(7) မောင်းနှင်၍ရမည်ဖြစ်သည်။ ထို့ကြောင့် ပစ္စည်းတစ်ခုကို စက်ဖြင့် ခုတ်စားရာ၌ပစ္စည်းကို Machine Vice ပေါ်၌ သတ်မှတ်ဖိအားဖြင့် ဖမ်းညှပ်ပြီးမှသာ ခုတ်စားနိုင်ရန် စီစဉ်ထားသည်။ သတ်မှတ်ဖိအားဖြင့် ဖမ်းညှပ်ထားခြင်း မရှိပါက မည်မျှပင် feed Cylinder(7) ဖြင့် ခုတ်စားလိုသော်လည်း ခုတ်စားမှုမရစေရန် စီစဉ်ထားသော Circuit ဖြစ်သည်။

Flow Regulating Valve (3) နှင့် Pressure Relief Valve(9) ပူးပေါင်းဆောင်ရွက်၍ Cylinder(7) ၏ Piston အနှေးအမြန်ကို ထိန်းချုပ်ထားသည်။

Pressure Relief Valve(8) မှာမူ Cylinder(6)၏အဝင်အနေအထားတွင် Pressure Relief Valve(2) မှ ချိန်ညှိထားသော ဖိအားထက် လျော့၍ချိန်ထားခြင်းဖြင့် Cylinder(7)အလုပ်မလုပ်နိုင် စေရန် စီစဉ်ထားခြင်းဖြစ်သည်။

Pressure Control with Pressure Regulator

ရည်ရွယ်ချက်

သတ်မှတ်ထားသည့် ဖိအားထက် မနည်းမများစေဘဲ တိကျသည့်ဖိအားတစ်ခု၌

အလုပ်လုပ် နိုင်စေရန်။

အသုံးပြုပုံ

အချို့သော စက်ပစ္စည်းအစိတ်အပိုင်းများသည် သတ်မှတ်ဖိအားဖြင့်သာ ကိုင်တွယ်ခြင်း၊ မခြင်း၊ ရွှေ့ခြင်း၊ ဖိခြင်း ပြုလုပ်နိုင်သည်။ ဖိအားပိုသွားပါက ကွဲကြေသွားနိုင်၍ လိုသွားပါက လိုရာအလုပ် မ ပြီးမြောက်နိုင်ပေ၊ ထိုသို့သောလုပ်ငန်း မျိုးတွင် အသုံးပြုသည်။

တည်ဆောက်ပုံနှင့် အလုပ်လုပ်ဆောင်ပုံ



ပုံတွင် Normal အနေအထား၌ Power Pack မှပေးပို့သော Delivery သည် Pressure Regulator မှတစ်ဆင့် Cylinder Aအပေါက်သို့ပို့သဖြင့် Pressure Regulator၏ ချိန်ညှိထားသည့် ဖိအား အတိုင်းတွန်းပြီး Cylinder Piston သည် Work Piece တစ်ခုကို တွန်းနေမည်။ ၎င်းတွန်းသည့်ဖိအား သည် သတ်မှတ်ထားသည့်ဖိအားအတိုင်းရှိမည်၊ လျော့ခြင်းတိုးခြင်း မရှိပါ။ Pressure Relief Valve(2) မှချိန်ညှိရမည့် ဖိအားသည် Pressure Regulator ချိန်ညှိရမည့်ဖိအားထက်များနေရမည်။ 3/2 Directional Control Valve ကိုနှိပ်လိုက်သောအခါ Diefferential Circuit အတိုင်းအလုပ်လုပ်မည်။ သို့သော် လည်း Cylinder B Port မှတွန်းသောဖိအားသည် Pressure Relief Valve မှချိန်ညှိထားသောဖိအားဖြစ် ပြီး A အပေါက်မှ Pressure Regulator မှ ချိန်ညှိထားသော ဖိအားထက်များသဖြင့် Cylinder Piston ပြန်ဝင်သွားမည်။ ထို Circuit တွင် Differential Cylinder ကို သုံးထားပါက Pressure Relief Valve ၏ဖိအားသည် Pressure Regulator မှ ချိန်ညှိဖိအားနှစ်ဆ ထက်ပိုများရမည်။ သို့မှသာ အလုပ်လုပ်မည်။

Control of Hydro Motor



5/3 Way Valve ၏ Normal Position တွင် Hydraulic Motor ၏ A နှင့် B အပေါက်နှစ်ဖက် စလုံးသို့ Hydraulic Delivery ရောက်ရှိခြင်း မရှိသဖြင့် Motor ရပ်နေမည်။ 5/3 Way Valve ၏Position ကို A နှင့် B သို့ တစ်လှည့်စီပြောင်းပေးခြင်းဖြင့် Motor ကိုဘယ်နှင့်ညာ Direction တစ်ဖက်ဆီသို့ လှည့်စေလေသည်။ 5/2 Way Valve ၏ Exhaust နှစ်ခုဖြစ်သည့် T.S တွင် Pressure Relief Valve တစ်လုံးစီတပ်ထားပြီး ၎င်းတို့သည် Cushioning အကျိုးသက်ရောက်မှု ရှိစေရန်ဖြစ်သည်။ Pressure Relief Valve(2) သည် System Pressure သတ်မှတ်ရန်ဖြစ်ပြီး Hydraulic Motor အနေးအမြန်ကို Flow Regulator 3 သည် Pressure Relief Valve (2) နှင့်ပူးပေါင်းဆောင်ရွက်သည်။

Accumulator circuit



Shut - off Valve

ရည်ရွယ်ချက်

Hydraulic System တွင် ဆီသွားလမ်းကြောင်းကို ဖြတ်တောက်ရန်အတွက် တည်ဆောက်ထား သည်။

တည်ဆောက်ပုံနှင့်အလုပ်လုပ်ပုံ

Shut off val ကို အောက်ပါပစ္စည်းများဖြင့်တည်ဆောက်ထားသည်။

1. Body 2. Plunger or ball with port 3. Hand Lever



သင်္ကေတ



Shut off valve ကိုများသောအားဖြင့် Ball Valve ပုံစံအတိုင်းတည်ဆောက်ထားသည်။ Ball ပုံစံ ရှိသော Valve ဆံတွင် အပေါက်တစ်ခုပါရှိ၍ ပြင်ပမှ လှည့်ပေးခြင်းဖြင့်လည်း ၎င်းအပေါက်နှင့် အဝင်အထွက် Port များကို တည့်စေခြင်း၊ ကန့်လန့်ဖြစ်စေခြင်းဖြင့်ပြုလုပ်ကာ ဆီဖြတ်စီးသွားစေခြင်း၊ ပိတ်စေခြင်းတို့ကို ပြုလုပ်နိုင်လေသည်။

2/2 – Wegeventil





3/2-Wegeventil






Kolbenform
Schaltzeichen
Benennung
A
B
C
D
Y
E
G
H
J
L



M



P



Q



R



T



U



V



W



4/2-Wegeventil

5/2 Wegeventil